
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၃၉၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၀၃၀၄၁၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်ရီသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံယှဉ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဋ္ဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဇွန်လ<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅.၈၃
နတ်သမီး
ရင်ဖွင့်ဖော် / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၀ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရင်ဖွင့်ဖော်


## အခန်း (၁)

"ရွှေယမင်းနဲ့ ကျေးတောသားကွ မမြင်ဘူးရင် ကြည့်ထားကြ"

ခပ်လှမ်းလှမ်းက အုတ်ခုံပေါ်မှာ ထိုင်နေသည့် လူရှယ်သုံးယောက်ထံမှ ထွက်ပေါ်လာသော အသံဖြစ်သည်။

အခရာ ခြေလှမ်းတွေ တုံ့ခနဲ ရပ်ကာ မကျေမနပ် တက်ခေါက်သည်။ မျက်မှန်းတန်းမိနေသော သူတွေပဲ ဖြစ်သည်။ အခရာ အပြင်ချက်တိုင်း အရိပ်လို လိုက်ကာ နှောင့်ယှက်တတ်သည့် တေလေကျိုးတွေ။

အခရာ နံဘေးမှာ ရပ်နေသည့် ဘုန်းလက်ညာ ကို မော့ကြည့်လိုက်၏။ အခရာ ရဲ့ အကြည့်ကို နားလည်စွာနှင့် ဘုန်းလက်ညာ ခေါင်းကို ညိတ်သည်။

ပြီးတော့ ခြေလှမ်းကျဲကြီးတွေက အုတ်ခုံမှာ ထိုင်နေသော

www.burmeseclassic.com



လူရွယ်သုံးယောက်ဆီ ဦးတည်သွားခဲ့သည်။

"ဟေ့ မင်းတို့ တစ်ခွန်းလောက် ထပ်ပြောကြည့်ပါလား။ ယောက်ျားတွေ ဆိုရင်ပေါ့ကွာ"

ကောက်ကောက်ကွေးကွေး ဆံပင်တွေကို အနီရောင်ဆိုးခြယ်ထားသော ဂျင်းပင်နှင့် တီရှပ်ဝတ်ထားသည့် လူရွယ် မထီတရီ အပြုံးနှင့် ထရပ်သည်။

"ကိုယ်ရံတော် ဓာတ်တူကြီးကလည်း ကြည့်ရတာ နားမကောင်းဘူး ထင်တယ်၊ နားသန့်ဆေးလေး ထည့်လိုက်ဦး"

"ဟား ဟား ဟား"

"ဟုတ်ပ့ါ ဟုတ်ပ့ါ ဟီး ဟီး"

အမူအယာနှင့် ပုံစံတွေကတော့ တကယ့် လမ်းသေး စရိုက်တွေ အတိုင်း။ လှောင်ပြောင်သလို မထီတရီ ရယ်မောလိုက်ကြသေးသည်။

ဘုန်းလက်ညာ၏ ဘယ်လက် တစ်ဖက်က ဆံနီကောင်၏ အင်္ကျီရင်ဘတ်စကို ဆတ်ခနဲ ဆွဲလိုက်သည်။

ပြုံးယဲ့ယဲ့ ထိုင်နေသည့် နှစ်ယောက် သုတ်ခနဲ ချက်ချင်း ထရပ်ကြသည်။

"ဖြောင်း"

ဘုန်းလက်ညာ၏ ညာခြေကန်ချက်က ဘယ်ဘက်က နားသယ်





နှင့် လူရွယ်ကို မတ်တပ်ရပ်ခွင့်တောင် မရစေလိုက်ပါ။

"ခွပ်"

"ဖြောင်း"

"အင့်"

တစ်မိနစ်တောင်မျှ မကြာလိုက်သော တိုက်ခိုက်ပွဲလေးအဆုံး ၌ လူရွယ် သုံးယောက် သုတ်ခြေတင်လျက် ထွက်ပြေးသွားကြသည်။

တစ်ယောက်တည်းသော ပွဲကြည့်ပရိသတ်အဖြစ် ရပ်ကြည့်နေသည့် အခရာ လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးသည်။

"တကယ် မိုက်တယ်၊ ကိုဘုန်း။ အိမ်ရောက်ရင် ဒယ်ဒီ့ကို ဒီအကြောင်းတွေ ပြောပြရဦးမယ်"

"ဦးတို့ စိတ်ပူအောင် ပြောပြမနေပါနဲ့ အခရာ၊ တော်ကြာ ...လို အပြင်ကို လမ်းလျှောက်ထွက်ခွင့် မရဖြစ်နေဦးမယ်"

"ကိုဘုန်း ရှိတာပဲ၊ အခရာ သွားရင် လိုက်ပို့ပေါ့၊ ဒါဆို ...သိ ခွင့်ပြုမှာပါ"

"ခုနက ကောင်တွေကိုတော့ အခရာ သတိထားမှ ဖြစ်မယ်၊ ...ကောင်တွေက အခရာ တစ်ယောက်တည်းဆို အမြဲ့နဲ့ နှောင့်ယှက်ကြ...တာ"

"တစ်ခါနဲ့ မမှတ်လို့ နှောင့်ယှက်ကြည့်လေ၊ ကိုဘုန်း ထပ်ပြီး

www.burmeseclassic.com



ညာသေးသိုက်ပေါ့"

"နေခြစ်တာ မကောင်းဘူးကွ၊ အခုတောင် အခရာကို နှောင့်ယှက်နေလို့ နောက်မနှောင့်ယှက်ရဲအောင် ပညာပေးလိုက်တာ၊ လောလောဆယ်တော့ ကိုယ့်ဖိနပ် ပြတ်သွားပြီ"

ခေါင်းပြုတ်ကြိုးပြတ်သွားသည့် ဖိနပ်လေးကို ကောက်ယူရင်း ဘုန်းလက်ညာ နမျောသလို ပြောတော့ အခရာ ခစ်ခနဲ ရယ်သည်။

"အဟင်း ဟင်း ကိုဘုန်း ပုံစံက ပြောလည်း ပြောစရာပဲ ခစ် ခစ်"

"ဟင် ကိုယ်က ဘာဖြစ်နေလို့လဲ"

အခရာ အရယ်မျက်နှာလေးနှင့်ပဲ ဘုန်းလက်ညာကို ကြည့်မိသည်။

မြင့်မြင့်မားမား အရပ်အမောင်းကြီးနှင့် ရင်အုပ်ကျယ်ကျယ်ကို ပေါ်လွင်စေသည့် ချိုင်းပြတ်စွပ်ကျယ်နှင့် အောက်က ဝတ်ထားသော ချည်ပုဆိုးကလည်း ခါးပုံစကြီး ထုတ်လျက် တိုတိုဝတ်ထားသည်။

တကယ့် ကျေးတောသားပုံ ပေါက်နေတာ အမှန်။

"ဘာကြည့်နေတာလဲ အခရာရဲ့"

"အဟင်း ဘာမှမဟုတ်ပါဘူး၊ ကိုဘုန်း ပုံစံက ရယ်စရာကောင်းနေလို့"





"ဒုက္ခပါပဲ ကျုပ်က လူရွှင်တော်ရုပ် ပေါက်နေရှသို့လား"

ဘုန်းလက်ညာ အမေးကြောင့် အခရာ ပြုံးမိပြန်သည်။

ဂုတ်ထောက် ဆံပင်ရှည်ကြီးနှင့် ဘုန်းလက်ညာ မျက်နှာအတော့ ယောကျ်ားပီသ ချောမွေ့ပါသည်။ မျက်နှံးထူထူတွေက တန်းနေသည်။ တိုတိုစိပ်စိပ် မျက်တောင်တွေနှင့် မျက်ဝန်းတွေက ကြည်လင်ပြီး စွဲဆောင်နိုင်စွမ်း ရှိ၏။

ကျစ်လစ်သော နှာတံက စင်းပြီးပေါ်လွင်သည်။ ထူပြည့်သော နှုတ်ခမ်းအစုံနှင့် ကားချင်သော မေးရိုးအကျက ကျစ်လစ်သန်မာသော အရှာကိုယ်အချိုးအဆစ်နှင့် လိုက်ဖက်သည်။

တောသားပီပီ ဟိတ်ဟန်မရှိ၊ အဝတ်အစားကိုလည်း ဖြစ်သလို ဝတ်ဆင်တတ်တာက ဆိုးသည်။ ဒါတွေကိုသာ ပြင်ဆင်လိုက်လျှင်တော့

"ကိုယ့်ကို ကြည့်ပြီး ဘာတွေ စဉ်းစားနေတာလဲ အခရာ"

"ဘာမှ မစဉ်းစားပါဘူး၊ ကိုဘုန်း ပုံစံကို စတိုင်မိအောင် စိတ်ကူးနဲ့ ပြောင်းပေးကြည့်နေတာ၊ ကဲ ပြန်ရအောင်"

ပြောပြော့ဆိုဆို အခရာ ရှေ့က လျှောက်တော့ ကိုဘုန်း ဖိနပ်ပြတ်ကြီးကိုင်ကာ လိုက်လာသည်။

"ဟင် အဲဒီ ဖိနပ်ပြတ်ကြီးက ဘာလုပ်ဖို့ ယူလာတာလဲ"

"ပြန်ချုပ်ပြီး စီးဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာလုပ်မှာလဲ ထားခဲ့စမ်းပါ၊ အခရာ အသစ်တစ်ရံ ဝယ်ပေးပါ့မယ်"

"အာ အလတ်ကြီး ရှိသေးတယ်၊ နမျောစရာ"

"ဒုက္ခပါပဲ ဘာမှမနှောမျောနဲ့ ထားခဲ့ပါ၊ ဖိနပ်အစုတ် အပြတ်တွေ အိမ်ထဲ သယ်မလာနဲ့တော့"

အခရာ ဆိုနေတော့ ဘုန်းလက်ညာ လက်ထဲက ဖိနပ်ကို နမျောသလို ငုံ့ကြည့်သည်။ ပြီးတော့မှ အကောင်းပကတိ ကျန်နေသော ဖိနပ်ကိုပါ ချွတ်ကာ အုတ်ခုံလေး နံဘေးမှာ ချထားလိုက်သည်။

ဘုန်းလက်ညာကို ကြည့်ကာ အခရာ ရယ်လည်း ရယ်ချင်သည်။ သနားလည်း သနားမိသည်။

ပုဆိုးကဝတ်ဝတ်နှင့် ခြေဗလာအတိုင်း၊ အခရာ နောက်က လိုက်လာပုံက ပတ်ဝန်းကျင်ကို ဂရုမစိုက် မရှက်ရွံ့သည့် အတိုင်း။

ဒယ်ဒီ ခေါ်လာ၍ ရန်ကုန်ရောက်လာတာ နှစ်ပတ်ကျော်ပဲ ရှိသေးသည်၊ ရောက်စက စကားပြောတာက အခရာနှင့် သိပ်အဆင်မပြေလှပါ။

ကျွဲပ်တွေ ခင်ဗျားတွေနှင့် ပြောတတ်သော ဘုန်းလက်ညာကို မနည်း ပြင်ဆင်နိုင်းခဲ့ရသည်။

ဒယ်ဒီကတော့ အခရာကို အစ်ကို တစ်ယောက်လို စောင့်ရှောက်





ပေးမည့် သူအဖြစ် အားကိုးသည်။ ဆိုးတော့ မဆိုးပါ။ ကိုရွှေတောသား က အတိုက်အခိုက်မှာလည်း ကျွမ်းကျင်တာ အခရာ မျက်မြင်တွေ့ခဲ့သည်။

ဘာပဲဖြစ်ဖြစ် အခရာ အတွက်တော့ ကိုဘုန်း ရှိနေတာ ကောင်းပါသည်။ အခရာ သွားချင်တာ သွား။ လာချင်တာ လာဖို့အတွက် ဒယ်ဒီ စိတ်ချသွားပြီလေ။

နို့ဆိုလျှင် ဒယ်ဒီ ဆူတာပူတာတွေနှင့် နားပူရတာ မသက်သာ။ အခုတော့ အခရာအတွက် လွတ်လပ်မှုတွေ အပြည့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဆောင်းမနက်ခင်းကလေးက နှင်းမြူတို့နှင့် ဝေသီမှိုင်းမှုန်နေသည်။ အဖြူရောင် ခေါင်းစွပ်ဦးထုပ်ကလေးနှင့် ကိုယ်ကျပ်တီရှပ် လက်ရှည်အဖြူရောင်လေးပေါ်မှာ လက်ပြတ် ဂျင်းကာက်ပြာလေးကို ဂျင်းပင်န်အပြာလေးနှင့် တွဲဖက်ဝင်ဆင်ထားသော အခရာ ခြေလှမ်းသွက်သွက်ကလေးနှင့် လမ်းလျှောက်နေမိသည်။

အမြဲတမ်း လမ်းလျှောက်ထွက်နေကြ မဟုတ်ပေမယ့် သည်မနက်ကျမှပဲ အခရာ စိတ်ကူးပေါက်ကာ လမ်းလျှောက်ထွက်ခဲ့ခြင်းဖြစ်သည်။

ဒယ်ဒီ သိရင်တော့ နားပူအောင် ဆူပူဦးမှာ သေချာ၏။

မိတဆိုး သမီးလေးအပေါ် အလိုလိုက် ချစ်ခင်ပြီး စိုးရိမ်ပူပန်



စိတ်ကြီးသော ဒယ်ဒီသည် ဘုန်းလက်ညာကို သမီးဖြစ်သူ အနားမှာ အရိပ်လို စောင့်ရှောက်စေခဲ့၏။

ဘုန်းလက်ညာ ကလည်း ဒယ်ဒီ ဆန္ဒအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်တတ်ပါသည်။ တစ်ခါတလေ သူမ တစ်ယောက်တည်း လွတ်လပ်မှုကို ရှာဖွေချင်သည်။

ဒါကြောင့်လည်း ကိုဘုန်း မနိုးခင် အခရာ တစ်ယောက်တည်း ထွက်လာခြင်း ဖြစ်သည်။ အိမ်ဖော် ဒေါ်မြကိုတော့ အခရာ လမ်းလျှောက် ထွက်မည်ဟု ပြောခဲ့ပါသည်။

နှင်းမှုန်လေးတွေပါသော လေကို အခရာ အားပါးတရ ရှူရှိုက်လိုက်မိသည်။ ရင်ထဲအထိ အေးမြစိမ့်ဝင်သွားသလို ခံစားရသည်။

မနက်ခင်းမှာ အပြေးကျင့်နေသော လူငယ်တစ်သိုက် အခရာကို ဖြတ်ကျော်တက်သွားသည်။

သူတို့လေးတွေကို ကြည့်ကာ အခရာလည်း တက်ကြွသွားခဲ့သည်။ လှမ်းနေသည့် ခြေလှမ်းတွေကို ခပ်သွက်သွက်ကလေး ပြေးကြည့်မိ၏။ ချမ်းစိမ့်စိမ့် အအေးဓာတ်လေးကိုတောင် မေ့သွားအောင် အရသာ တွေ့သွားသည်။

ခြေလှမ်းတို့ စည်းချက်ညီညီနှင့် အခရာ ပြေးနေမိသည်။ လမ်းနံဘေးမှာ ကပ်ရပ်ထားသော အပြာရင့်ရောင် လန်ခရူဆာ



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးကို အခရာ တွေ့သည်။

ကားနံဘေးက ကပ်ကာ အရှိန်မလျှော့ဘဲ အခရာ ဆက်ပြေးသည်။ ထိုအခိုက်မှာပဲ မထင်မှတ်သော အဖြစ်အပျက်ကို ရင်ဆိုင်တိုးသည်။

လင်းရှူးသော ကားကြီး အနောက်က ကွေ့ပြီး ရိပ်ခနဲ ပေါ်လာသော လူတစ်ယောက်။ ကားနံဘေး ကပ်ပြီး ပြေးလာသော အခရာနှင့် မရှောင်တိမ်းနိုင်တော့ဘဲ ထိပ်တိုက် ဝင်တိုးတော့သည်။

"အင့်"

"အ ဆော ဆောရီးဗျာ"

အရှိန်က အပြင်းကြီး မဟုတ်ပေမယ့် မျက်နှာချင်းဆိုင် ဝင်တိုက်မိတာမို့ အခရာ ယိုင်လဲကျကာ ကားတံခါးနှင့် ဝင်တိုက်မိသည်။ ပခုံးဆီမှာ နာကျင်သွားတာတော့ အမှန်။

စိတ်ထဲမှာ ထောင်းခနဲ ဒေါသစိတ်ကလေး ဖြစ်တည်ကာ တောင်းပန်နေသော လူရွယ်ကို မော့ကြည့်မိသည်။

"ဟင်"

ဒေါသစိတ်တွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ဆုံးသွားကာ အခရာ မျက်ဝန်းလေးတွေ ဝိုင်းစက်သွား၏။

"မင်း မင်းဆက်တိုင်း သူ အဆိုတော် မင်းဆက်တိုင်း ဟုတ်





တယ်နော်"

အနက်ရောင် မျက်မှန်ကို ချွတ်ကာ မင်းဆက်တိုင်း ခေါင်းကလေး ညိတ်သည်။ ပြီးမှ

"မင်းက ကိုယ့်ကို သိတယ်လား"

"သိတာပေါ့ နာမည်ကြီး အဆိုတော်ပဲ၊ အခရာ မင်းဆက်တိုင်းရဲ့ သီချင်းတွေကို အရမ်းကြိုက်တာ သိလား"

အတိုင်းမသိ ပီတိတွေနှင့် အခရာ မြူးမြူးကလေး ပြောမိသည်။ မင်းဆက်တိုင်းက ခေါင်းတညိတ်ညိတ်နှင့် အပြုံးရိပ် သမ်းနေသော မျက်ဝန်းတွေနှင့် ကြည့်နေဆဲ။

"မင်းဆက်တိုင်း ထွက်သမျှ အခရာ နားထောင်ဖြစ်ပါတယ်၊ အခု နောက်ဆုံး ထွက်တဲ့ ဒဏ္ဍာရီ ချစ်သူ အထိပေါ့"

"ကျေးဇူးတင်ပါတယ် ကိုယ့်ရဲ့ ပရိသတ် တစ်ယောက်နဲ့ ဆုံတွေ့ရတဲ့အတွက် ဒီမနက်ခင်းလေးက ကိုယ့်အတွက် အမှတ်တရနေ့လေးပေါ့"

မင်းဆက်တိုင်း စကားတွေကြောင့် အခရာ ရင်ထဲမှာ ကြည်နူးစိတ်တွေ ဖြာဝေသွားခဲ့သည်။

မင်းဆက်တိုင်း ဆိုတာ အခရာ အားပေးနှစ်ခြိုက်ရသည့် အဆိုတော် တစ်ယောက်။ ဒီလို မထင်မှတ်ဘဲ ဆုံတွေ့ရခြင်းက အခရာ အတွက်လည်း မမေ့နိုင်သော မင်္ဂလာနေ့ကလေးပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က အခရာ တဲ့လား"

"ဟုတ် အခရာ ပါ"

"ကိုယ် မှတ်မိမှာ သေချာပါတယ်၊ စောစောက ဝင်တိုက်မိတာ တောင်းပန်ပါတယ်၊ ကားရပ်ပြီး ဆောင်းမနက်ခင်းရဲ့ အရသာကို ခံစားကြည့်နေတာ၊ ကားနောက်ခန်းဘက်မှာ ရပ်နေပြီး မြန်လှည့်တော့ အခရာ ပြေးလာတာ တကယ် မမြင်လိုက်ဘူး"

"အဟင်း ရပါတယ်၊ အခရာလည်း ပြေးကောင်းကောင်းနဲ့ ပြေးလာတာဆိုတော့ လုံးဝ မတွေ့လိုက်ဘူး ဖြစ်သွားတယ်"

"ကံကြမ္မာက ကိုယ်နဲ့ အခရာကို ဆုံတွေ့ခွင့်ပေးလိုက်တာ ထင်တယ်၊ နောင် ဆုံချင်ပါသေးတယ်၊ အခရာက နေ့တိုင်း အပြေးလေ့ကျင့်တာလား"

"ဟင့်အင်း မဟုတ်ပါဘူး။ ဒီနေ့မှ စိတ်ကူးရပြီး ထွက်လာတာ"

အခရာ ရိုးသားစွာပဲ ဝန်ခံပြောတော့ မင်းဆက်တိုင်း နှစ်လိုဖွယ် ပြုံးရင်း

"တကယ် တိုက်ဆိုင်တာပဲ ကိုယ်လည်း ဒီမနက်ကျမှ စောစောနိုးပြီး ကားလျှောက်မောင်းဖြစ်တာ၊ အမှန်က လမ်းလျှောက်မလို့ ဒါပေမဲ့ ကိုယ့်ကိုသိတဲ့ ပရိသတ်တွေနဲ့ ဆုံရင် အိမ်တော်ပြန်ရောက်မှာ မဟုတ်ဘူး ဒါကြောင့် ကားနဲ့ပဲ ထွက်လာတာ"





မင်းဆက်တိုင်း စကားကို အခရာ နားလည်ပါသည်။ အောင်မြင်ကျော်ကြားသော အနုပညာသမား တစ်ယောက်ရဲ့ ဘဝက လွတ်လပ်မှုတွေကိုတော့ ပေးဆပ်ထားရစမြဲပဲလေ။

"မင်းဆက်တိုင်း ဆန္ဒမပြည့်ဘူးမို့လား။ အခုပဲ အခရာနဲ့ အချိန်တွေ လင့်ကုန်ပြီ ထင်တယ်"

"ဟာ မဟုတ်ပါဘူး ဒီနေ့ကတော့ ကိုယ့်အတွက် အမှတ်တရ နေ့ကလေးပဲ၊ အခရာနဲ့လည်း ထပ်ဆုံခွင့် ရချင်ပါသေးတယ်"

လက်မှ နာရီကို တစ်ချက်ငုံ့ကြည့်ရင်း မင်းဆက်တိုင်း ပြောဆော့ အခရာ အလိုက်သိစွာ ခေါင်းကလေး ညိတ်သည်။

"အခရာလည်း ဆုံချင်ပါတယ်၊ မင်းဆက်တိုင်း အခရာ ကြောင့် အချိန်တွေ လင့်ကုန်ရင် ဆောရီးနော်"

"နိုး ပြဿနာ မရှိပါဘူး အခရာ၊ ကိုယ်က အေးအေးဆေးဆေး ထား ပြောချင်သေးတာ၊ စတူဒီယိုမှာ ချိန်းထားတာလေး ရှိနေလို့ ခွင့်ပြုပါဦး အခရာ"

နှုတ်ဆက်ပြီး မင်းဆက်တိုင်း ကားတံခါးဖွင့် လှမ်းတက်သွား နက်ပြာရောင် လင်ခရူဆာ ကားကြီးကို ငေးငေးလေး ရပ်ကြည့်ရင်း အခရာ ကျောက်ရုပ်လေးပမာ ရှိနေဆဲ။

"ကျွီ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အခရာ နံဘေးမှာ ထိုးရပ်လာသည်က Mark II ကားနက်ကြီး ဖြစ်သည်။

အခရာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ဒယ်ဒီလားဟု ထင်လိုက်မိတာကြောင့် ဖြစ်သည်။ ဒါပေမဲ့ ကားတံခါးဖွင့် ဆင်းလာသူက ဘုန်းလက်ညာ ဖြစ်နေသည်။

"ကိုယ့်ကို မခေါ်ဘဲ ဘာလို့ ထွက်သွားတာလဲ အခရာရယ်၊ ဦး လိုက်ခိုင်းလို့ လိုက်လာတာ"

"တစ်ယောက်တည်း လမ်းလျှောက်ချင်လို့ ထွက်လာတာပါ။ ဒယ်ဒီ ပွမ်နေပြီလား"

"ခေါ်မြက လမ်းလျှောက်သွားတယ်ဆိုတော့ ကိုယ့်ကို လိုက်ခိုင်းလိုက်တာ၊ ဦးတော့ ကုမ္ပဏီ သွားပြီ"

တော်သေးတာပေါ့ဟု အခရာ တွေးလိုက်မိသည်။ ဘုန်းလက်ညာကတော့ တစ်ပတ်နွမ်း ရှပ်လက်တိုနှင့် ထုံးစံအတိုင်း ပုဆိုးတိုတို ဝတ်ထား၏။

အခရာ ဝယ်ပေးထားသော ဖိနပ်ကတော့ သစ်သစ်လွင်လွင် ပါပဲ။

"ကဲ တက်လေ အခရာ၊ ကိုယ်တို့ ပြန်ကြရအောင်"

အခရာ ဆက်ပြီး လမ်းမလျှောက်ချင်တော့တာမို့ ဖွင့်ပေးထား





သော ကားတံခါးမှ လှမ်းတက်လိုက်မိသည်။

"အိမ်ကို မပြန်နဲ့ဦး ကိုဘုန်း။ ဗိုက်ဆာနေလို့ တစ်ခုခု ဝင်စားအောင် တည့်တည့်ဆက်မောင်း"

အခရာ စကားအတိုင်း ဘုန်းလက်ညာ နာခံစွာ ကားကို ဆက်မောင်းပါသည်။

ရှေ့ကိုပဲ အာရုံဝင်စားစွာ မောင်းနှင်နေသည့် ဘုန်းလက်ညာကို အခရာ အကဲခတ်ကြည့်မိသည်။ မင်းဆက်တိုင်း အသွင်က အခရာ အာရုံထဲ တိုးဝင်လာသည်။

ကိုဘုန်းနှင့် မင်းဆက်တိုင်း အသွင်ကတော့ တကယ့်ကို ခြားနားလွန်းသည်။ အသားအရည် ဖြူဝင်းပြီး နုညက်သော မင်းဆက်တိုင်းသာ အသံကောင်း အဆိုကောင်းသလို ရုပ်ရည်ကလည်း မင်းသား ရုပ်ပေါက်၏။

မိန်းကလေး ပရိသတ် အများစု အကြိုက် မင်းဆက်တိုင်းကို အခရာလည်း နှစ်သက်ပါသည်။

မင်းဆက်တိုင်းရဲ့ သီချင်းတွေက အခရာနှင့် ကျွမ်းဝင်နေခဲ့တာကြာပြီ ဆိုပေမယ့် လူချင်းတော့ တစ်ခါမှ မဆုံဘူးပါ။

မင်းဆက်တိုင်း ကိုယ်တိုင် လက်မှတ်ထိုး ဖြန့်ချိသော ဗီစီဒီခွေ ဝယ်စဉ်က ဆုံဖူးတာ၊ ရှိုးပွဲမှာ မြင်ဖူးတာလောက်ပဲ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မင်းဆက်တိုင်းနှင့် အခရာ နှစ်ယောက်တည်း ဆုံဆည်းဖြစ်သည့် အဖြစ်က

အင်း၊ တကယ့်ကို မင်္ဂလာရှိသော နေ့လေးတစ်နေ့ပါပဲ။

ကံကြမ္မာက ထပ်ဆုံခွင့် ပေးခဲ့ရင် အခရာ ရှင့်ကို တွေ့ချင်ပါသေးတယ် မင်းဆက်တိုင်းရယ်။

■ ■ ■



## အခန်း (၃)

"မောင်ဘုန်း သမီးကို ဂရုစိုက်နော်"

ခင်ဝင်းအောက်က ကားပေါ်မှာ လိုအပ်သည့် ပစ္စည်းတွေလည်း တင်ပြီးနေပြီ။ ဒါပေမဲ့ ဦးမင်းဝေခိုင်က မှာကြားလို့ မဆုံး ဖြစ်နေသည်။

"နောက်ပြီး ညဘက်ကို ဦးထွန်း တစ်ယောက်တည်း မြို့ကို စိတ်ချမထားနဲ့၊ ကိုယ်တိုင် စစ်ဦး"

"ဟုတ်ကဲ့ ဦး စိတ်ချပါ"

"အရေးကြီးတာက သမီးပဲ၊ မင်း သမီးကို လွှတ်မထားနဲ့နော်၊ အသွားသွား ဂရုစိုက်ပါ၊ သူ ထင်ရာလျှောက်လုပ်ရင်လည်း မင်း ထိန်းသိမ်းပေး ကြားလား"

"ဟုတ်ကဲ့ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ မှာသမျှ စကားတွေကို ပုတ်သင်ညို တစ်ကောင်လို ခေါင်းတညိတ်ညိတ် ရှိနေသော ဘုန်းလက်ညာကိုလည်း အခရာ အလိုလို စိတ်တိုချင်လှပြီ။

ဒယ်ဒီကလည်း ခရီးဝေးဝေး တခေါ ထွက်မှာကို မှာကြားလို့ မဆုံး ဖြစ်နေသည်။ ညတုန်းကလည်း အခရာကို နားပူအောင် မှာသည်။

"သမီး ကျွန်တော် ကိုစွနဲ့ ဒယ်ဒီ မန္တလေးကို နစ်ရက် သွားရမယ်၊ သမီး လိမ်လိမ်မာမာ နေနော်"

"အာ ဒယ်ဒီကလည်း သမီးက မလိမ္မာလို့လား"

"မလိမ္မာဘူး ပြောတာ မဟုတ်ဘူးလေ၊ သမီးက တဖွတ်ထိုး လုပ်တတ်လို့ ပြောနေတာ၊ မောင်ဘုန်း စကားကိုလည်း နားထောင်၊ ဘယ်သွားသွား ဘယ်လာလာ မောင်ဘုန်းကို ခေါ်သွားနော်"

သည်စကားတွေကို တစ်ညလုံး မှာမဆုံး။ မနက်နိုးလို့ ကော်ဖီ ဝိုင်းရောက်တော့လည်း ထပ်မှာသည်။

အခရာ ကော်ဖီကို အမြန်သောက်ပြီး ဗိုက်နာသည်ဆိုကာ လစ်ထွက်ခဲ့တာကြောင့် တော်တော့သည်။

"သမီးကော ဘယ်ရောက်သွားသလဲ မမြ"

ဒေါ်မြဘက် ဦးလှည့်ကာ ဒယ်ဒီ မေးတော့ အခရာ ခန်းဆီး နောက်မှ သုတ်ခနဲ ခွာကာ မီးဖိုခန်းဘက် လစ်ခဲ့သည်။





"ဗိုက်နာလို့တဲ့ ဆရာ၊ ရေအိမ်ဝင်နေတယ် ထင်တယ်"

"အင်း ဘာတွေ အစားများသလဲ မသိဘူး၊ လိုအပ်ရင် ဒေါက်တာ ဖော်ထွန်းကို ခေါ်ဦးနော်"

ဒယ်ဒီ စိုးရိမ်စွာ ထပ်မှာနေတာကို အခရာ ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။ ဒေါ်မြတော့ ဒယ်ဒီ့ရဲ့ အာဘော် မိသွားချေပြီ။

မီးဖိုထဲရောက်မှ အခရာ ဗိုက်ဆာလာတာမို့ ပေါင်မုန့်ယိုသုတ် ဆွဲ ယူစားနေလိုက်သည်။

"ဟောဗျာ ဗိုက်နာတဲ့သူက ချက်ချင်း မီးဖိုထဲဝင် စားသောက် နေပါလား"

ဘုန်းလက်ညာ အသံကြောင့် အခရာ ပါးလုတ်ပါးလောင်း စားသောက်နေရာမှ လှည့်ကြည့်ရင်း

"ဒယ်ဒီ သွားပြီလား ကိုဘုန်း"

"အလုပ်သွားပြီ အခရာကိုတောင် စိတ်ပူပြီး မှာသွားတယ်၊ ဆက်သာရင် မိသားစု ဆရာဝန်ကြီးဆီ ဖုန်းဆက်ခေါ်တဲ့"

"ဘာမှမဖြစ်ပါဘူး။ ဒယ်ဒီ့ရဲ့ မှာတမ်းတွေ နားပူလွန်းလို့ တမင် ရှောက်ပေးလာပုန်းနေတာ"

"ဟင် ဒါဆို အခရာက ဦးကို တမင်ရှောင်နေတာပေါ့၊ ကိုယ့် မိဘကို ဒီလို မလုပ်ရဘူး အခရာရဲ့၊ ဦးက အခရာ တကယ် နေမကောင်း

ဘူး ထင်ပြီး စိုးရိမ်နေတာ''

လာပြန်ပြီ တစ်ယောက်။ လူကို ကလေးတစ်ယောက်လို ဆုံးမနေတာကို အခရာ စိတ်တိုမိ၏။ တကယ်ဆို အခရာက ကလေးမှ မဟုတ်တော့တာ။ စီးပွားရေး တက္ကသိုလ်က ဘွဲ့တောင် ရခဲ့ပြီးပြီ။

''ဦးက အခရာကို အရမ်းချစ်တော့ စိုးရိမ်တာပေါ့၊ ဒါကို အခရာ အထင်မလွဲသင့်ဘူး''

''ကဲ ကိုဘုန်း တော်ပါတော့၊ တကတည်း ဒယ်ဒီ သွားလို့ နားပူသက်သာမလား အောက်မေ့တယ် သူက တမျိုး''

အခရာ စိတ်ကလေးတိုကာ ပြောမိတော့ ဘုန်းလက်ညာ မျက်နှာလေး ငယ်ကာ လေသံလေးပါ တိုးလျော့သွားသည်။

''ကိုယ်က အခရာကို ရှင်းပြတာပါကွာ စိတ်မဆိုးပါနဲ့''

''ရှင်းမပြနဲ့ အခရာ သိတယ်၊ အခရာက ကလေးမှ မဟုတ်တာ အသက် နှစ်ဆယ့်တစ်နှစ်တောင် ကျော်နေပြီ သိရဲ့လား''

မျက်ခုံးတန်းတန်းလေးတွေချီကာ အခရာ ဆိုနေတော့ ဘုန်းလက်ညာ သဘောကျစွာ ပြုံးမိသည်။

''ဘာလဲ ဘာပြုံးတာလဲ၊ အခရာကို လှောင်တာလား''

''ဟာ မဟုတ်ပါဘူးကွာ၊ သဘောကျလို့ပါ''

''ဘာသဘောကျတာလဲ''



''သြော် အခရာ ပြောတဲ့ ကလေးမဟုတ်ဘူးဆိုတဲ့ စကားကို သဘောကျမိလို့ပါ''

''အံမယ် မဟုတ်လို့လား။ အခရာက ကလေးမှ မဟုတ်တာ''

''ဟုတ်ပါတယ် ဟုတ်ပါတယ်ဗျာ၊ အခရာ ကလေးလေး မဟုတ်တော့ပါဘူး''

အခရာကို ပြုံးပြုံးကြည့်ကာ ဘုန်းလက်ညာ ပြောတော့ အခရာ ကျေနပ်သွားသည်။

ပြီးမှ စူးစိုက်ကြည့်နေသော ဘုန်းလက်ညာကြောင့် မျက်နှာလေး ရဲကာ ခေါင်းကလေး ငုံ့သွားသည်။

ဒါကို ရိပ်မိသော ဘုန်းလက်ညာလည်း အကြည့်တွေကို ပြန်ရုပ်သိမ်းလိုက်မိသည်။

''အခရာ ဘယ်သွားသွား ကိုယ့်ကို ပြောနော်၊ ကိုယ် လိုက်ပို့သွားမယ်''

''ဘာလဲ ဒယ်ဒီ မှာထားတာကို တသွေမတိမ်း လိုက်နာတာလား''

''အင်း အဲ ဒီသဘောမဟုတ်ပါဘူး။ ကိုယ် ကိုယ်တိုင်က အခရာကို စိတ်မချလို့ပါ''

ရိုးသားစွာပဲ အမှန်အတိုင်း ပြောလိုက်မိသော စကားကြောင့်

www.burmeseclassic.com



အခရာ မျက်နှာလေး ရဲသွားသည်။

ဘုန်းလက်ညာလည်း ကိုယ့်စကား အတွက် အားတုံ့အားနာ တော့ ဖြစ်သွားသည်။

"ကိုယ် ခြံထဲမှာ ဦးထွန်းနဲ့ သွားကူလုပ်လိုက်ဦးမယ် အခရာ"

အသိပေး နှုတ်ဆက်ကာ ဘုန်းလက်ညာ ထွက်သွားသည်။ အခရာ တစ်ယောက်တည်း မီးဖိုခန်းထဲမှာ ကျန်ရစ်ခဲ့သည်။

ဒယ်ဒီ ခရီးထွက်မည့်နေ့မို့ မနက်က အခရာ လမ်းလျှောက် မထွက်ဖြစ်ပါ။ မင်းဆက်တိုင်းကော အပြင်ထွက်ဖြစ်ရဲ့လား မသိပါ။

အခရာကို သူ မျှော်နေမလားဟု မသေချာစွာ တွေးမိသေး၏။ ပြီးမှ ကိုယ့်အတွေးကို ကိုယ်ပြန်ရှက်၍ အားငယ်မိပြန်သည်။

အခရာကသာ မျှော်လင့်နေမိတာပါ။ မင်းဆက်တိုင်းကတော့ တခါ ဆုံခဲ့သည့် အဖြစ်ကို မေ့လိုက်ပြီလား မသိ။

မင်းဆက်တိုင်းလို နာမည်ကျော် အဆိုတော် တစ်ယောက် အတွက် အခရာလို သာမည ပရိသတ် တစ်ယောက်ကို အလေးထား မှတ်သားထားဖို့ဆိုတာ ခက်ခဲလွန်းသည့် ကိစ္စပဲ ဖြစ်မှာပါ။

သေချာပါတယ် မင်းဆက်တိုင်းရယ်၊ အခရာ ဆိုတာ ရှင့် အတွက် မထူးဆန်းလှတဲ့ ပရိသတ် တစ်ယောက်အဖြစ်ပဲ ရှိနေမှာပါ။

ဒါပေမဲ့ အခရာ ရင်ထဲမှာတော့ မင်းဆက်တိုင်း ဆိုတဲ့ ရှင်က





လှပတဲ့ သံစဉ်ချိုချိုလေးတွေနဲ့ ထပ်တူရှိနေခဲ့တာပါ။

ဒါကို ဘယ်သူ သိနိုင်မှာတဲ့လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''ဘယ်သူ့ကို ရှာနေတာလဲ အခရာ''

မနက်စောစော အပြေး လေ့ကျင့်ချင်သည်ဆို၍ အခရာကို သူ အဖော်လိုက်ပေးဖြစ်သည်။

အခရာ ဝတ်ဆင်ခိုင်း၍ အနက်ရောင် အားကစား ဘောင်းဘီ ရှည်နှင့် ခေါင်းစွပ် တီရှပ် လက်ရှည်ကိုပါ သူ ဝတ်ဆင်ခဲ့ရသည်။ အခရာ ကတော့ အဖြူရောင်မှာ အနက်စင်းလေးတွေ ပါသော အား ကစား ဝတ်စုံလေးနှင့် နှင်းမင်းသမီးလေးလို လှနေပါသည်။

ခေါင်းမှာ ဆောင်းထားသည့် သားမွေး ဦးထုပ်ဖြူဖြူလေးက လည်း ဝင်းမွတ်သော အခရာ မျက်နှာလေးကို ပေါ်လွင်စေသည်။

ရှူရှူကလေး ပြေးနေသော အခရာ ပုံစံက အပြေးကျင့်နေတာ





မဟုတ်ပါဘဲ မင်းသမီးလေး ကခုန်နေသလို ထင်ရသည်။

မနက်ခင်း အပြေးကျင့် လမ်းလျှောက်နေကြသူတွေတောင် အခရာရဲ့ အလှမှာ နစ်မျောသွားတတ်ကြ၏။

ခေါင်းကလေး ဘယ်ညာ ဝဲကာ ဟိုကြည့် ဒီကြည့် ဖြစ်နေသော အခရာကို သတိထားမိသည့် သူ မေးတာကို အခရာ မကြားတာလား သေး။

ပြေးရင်းနှင့် အနောက်ကိုတောင် လှည့်ပြန်လေး ကြည့်နေသေး ၏။

''အို အမေ့''

အငေးလွန်တော့ ခြေထောက်တွေချင်းတောင် ခလုတ်တိုက် ဒီကာ အခရာ ဟပ်ထိုးလဲကျမလို ဖြစ်သည်။ အနားမှာရှိသော သူသာ ဘက်မောင်းကို လှမ်းဆွဲ ထိန်းမထားလိုက်နိုင်လျှင် အခက်။

''ရှေ့ကို မကြည့်ဘဲ ဘယ်တွေလျှောက်ကြည့်နေတာလဲ အခရာ၊ တော်သေးတာပေါ့ လဲရင် အကွဲအပြဲ''

အခရာ အပြေးလေးရပ်ကာ သူ့ကိုတောင် မကျေမနပ် ပြန်ပြီး သူကြည့်ကြည့်သေး၏။

''ကိုဘုန်း အနားမှာရှိတာပဲ၊ မလဲအောင် ထိန်းပေါ့''

လူကို ရန်တွေ့ပြောဆိုရင်း မျက်ဝန်းမိတွက အခရှေ့ကို မျှော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြန်သေးသည်။ သူ စိတ်မရှည်နိုင်တော့တာ အမှန်။

"အခရာ ဘယ်သူ့ကို ရှာနေတာလဲ ပြောစမ်းပါ"

"မင်းဆက်တိုင်း လာမလား ရှာနေတာ"

"မင်း၊ မင်းဆက်တိုင်း ဟုတ်လား။ အဲဒါ ဘယ်သူလဲ ဘာလဲ"

သူ မျက်မှောင်ကုပ်ကာ မေးတော့ အခရာလည်း မျက်နှာလေး တွန့်ကာ ပြန်ပြီး တုံ့ပြန်ကြည့်သည်။

"မင်းဆက်တိုင်း ဆိုတာ အဆိုတော်လေ၊ ဒီလောက် နာမည်ကြီးနေတဲ့ အဆိုတော်တောင် မသိဘူးလား"

သည်တော့မှ သူ မှတ်မိသည်။ အိမ်မှာ သည် အဆိုတော်ရဲ့ သီချင်းတွေကို အမြဲတမ်း အခရာ ဖွင့်နားထောင်တတ်သည်။ တစ်ခါတစ်ရံ အခရာ ကိုယ်တိုင် ဆိုနေတတ်တာမို့ သူတောင် နားရည်ဝနေ၏။

"သူက အခရာနဲ့ သိလို့လား"

"အင်း၊ အခရာ တစ်ယောက်တည်း ထွက်ပြီး လမ်းလျှောက်တဲ့နေ့က ဆုံဖြစ်ကြတာ ကိုဘုန်းရဲ့၊ တကယ် မထင်မှတ်ဘဲ ခင်မင်သွားကြတာ သိလား"

မျက်နက်ဝန်းလေးတွေအထိ ကျေနပ်ခြင်း ရောင်စဉ်တွေ တောက်ပလို့ အခရာ ပြန်ပြောပြနေသည်။

သူ တိတ်ဆိတ်စွာ နားထောင်နေရင်း မင်းဆက်တိုင်းရဲ့ ပုံရိပ်





ကို အာရုံထဲမှာ မြင်ယောင်လာသည်။ အပြင်မှာတော့ လူချင်း မဆုံဘူး ပေမယ့် တစ်အိမ်လုံးမှာ အပြည့်ကပ်ထားသော မင်းဆက်တိုင်းရဲ့ ပိုစတာတွေ ဓာတ်ပုံတွေထဲမှာ သူ မြင်ဖူးသည်။

ရုပ်ရည်က ချောမော ပြေပြစ်သူမို့ အခရာတို့လို မိန်းကလေးတွေ နှစ်သက်သဘောကျမှာ သူ သိ၏။

အခရာနှင့် မင်းဆက်တိုင်းတို့ ဆုံတွေ့ကြသည့် အဖြစ်ကို အခရာ လမ်းလျှောက်ရင်း ပြောမဆုံး ဖြစ်နေသည်။

"သူက လမ်းလျှောက်ထွက်တာတော့ မဟုတ်ဘူး၊ သူ့ကို တွေ့ချင် ပရိသတ်တွေ ဝိုင်းလာမှာ သေချာတယ်၊ အခုလည်း ဒါကြောင့် [illegible]တော့တာ ထင်တယ်"

"အဲဒါကို ဘာလို့ အခရာက တကြည့်ကြည့် မျှော်နေရတာလဲ၊ [illegible]တိုက်လဲမှ ဒုက္ခရောက်နေဦးမယ်"

ရင်ထဲမှာ အလိုမကျ စိတ်လေးနှင့် သူ အပြစ်တင်သလို ပြောမိတော့ အခရာ မျက်နှာချိုချိုလေး ချက်ချင်း ရှုပုပ်သွားရင်း

"မျှော်တာပေါ့ သူနဲ့တွေ့ချင်လို့ အခရာ မနက်တိုင်း လမ်းလျှောက်ထွက်နေတာပေါ့၊ တစ်နေ့နေ့တော့ တွေ့မှာပါ"

အခရာ မျှော်လင့်ချက်လေးနှင့် ဆိုနေတော့ သူ သနားမိသည်။ ဒါပေမဲ့ ရင်ထဲမှာလည်း မကျေနပ်စိတ်ကလေးတော့ ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ' အခရာနှင့် မင်းဆက်တိုင်းတို့ ခင်မင်ရင်းနှီးသွားမှာကိုတော့ သူ မလိုလားမိတာ အမှန် ဖြစ်သည်။

အခရာကို သူ စောင့်ရှောက်ပေးဖို့ ဦးမင်းဝေခိုင်က တာဝန်ပေးထားသည်။ တကယ်တော့ ဦးမင်းဝေခိုင် ဆိုတာ သူ့ဘဝရဲ့ ကျေးဇူးရှင်တစ်ယောက်လည်း ဖြစ်ခဲ့သည်။

ဖေဖေ တိမ်းပါးပြီးကတည်းက ဦးမင်းဝေခိုင်ရဲ့ ကျေးဇူးတရားတွေ သူနှင့် မေမေ့အပေါ်မှာ ကြီးမားခဲ့သည်။

ငယ်သူငယ်ချင်းလည်း ဖြစ်သော ဖေဖေ့ကို ဦးမင်းဝေခိုင်က ထောက်ပံ့ကူညီသည့် သဘောနှင့် ကုမ္ပဏီမှာ ဒရိုင်ဘာအဖြစ် ဖေဖေ အဆင်ပြေခဲ့သည်။

ကံကြမ္မာက မထင်မှတ်တဲ့ အလှည့်အပြောင်း ဖြစ်စေခဲ့ခြင်းက ဖေဖေ မတော်တဆ ကားအက်ဆီးဒင့်ဖြစ်ကာ တိမ်းပါးခဲ့ခြင်း ဖြစ်၏။

ဦးမင်းဝေခိုင်က ကျန်ရစ်ခဲ့သော သူတို့သားအမိကို ထောက်ပံ့သည်။

နယ်မြို့လေးမှာ နေသော သူတို့ မိသားစုဆီ ရောက်လာကာ ရင်းနှီးထောက်ပံ့ငွေ ပေးသည်။

အမြဲတမ်းလည်း အဆက်အသွယ် မပြတ်ခဲ့ပါ။ သူ ဆယ်တန်းအောင်သည့် နှစ်မှာ အမေ ကျန်းမာရေး မကောင်းတော့ပါ။ ကျန်း





ဆိုင်လေးကိုပါ ဖိတ်လိုက်ရ၏။

ဦးမင်းဝေခိုင်က သူ့ပညာရေးအတွက် ဆုံးခန်းတိုင်အောင် သင်ဖို့ ဆက်ထောက်ပံ့သည်။

တောင်ကြီး တက္ကသိုလ်မှာ သူ ပညာသင်နေဆဲ ဒုတိယနှစ်မှာ အမေ ဆုံးသည်။ ဦးမင်းဝေခိုင်က ဆက်ပြီး တာဝန်အပြည့် ယူသည်။ ကျောင်းပြီးတော့ တစ်ကောင်ကြွက် သူ့ကို ရန်ကုန်အရောက် ခေါ်ခဲ့သည်။

"ဦးရဲ့ ကုမ္ပဏီမှာ မင်း အလုပ်ဝင်လုပ်လို့ရတယ်၊ လောလောဆယ်တော့ သမီးကို မင်း အစ်ကိုတစ်ယောက်လို စောင့်ရှောက်ပေးကွာ၊ သမီးက နည်းနည်း ဆိုးတယ်၊ တဖွတ်ထိုး ဆန်တယ်၊ မင်းရောက်လာတာ ဦးအတွက် တစ်အားပဲကွ"

သည်လိုနှင့် အခရာ နံဘေးမှာ သူ ကိုယ်ရံတော်တစ်ဦး ဖြစ်ခဲ့ရ၏။ ကျေးဇူးတရားနှင့် စေတနာတွေအတွက် သူ့ဘက်က ဦးမင်းဝေခိုင် အလိုကျ တာဝန်ကျေခဲ့ပါသည်။

ဒါပေမဲ့ အခရာ အပေါ်မှာ အချိန်တိုလေးအတွင်း နှောင်တွယ်မိသော သံယောဇဉ်က ပိုမိုလွန်းနေသည်လား။

အခရာရယ်

မပန်ဆင်သင့်တဲ့ ပန်းကလေးကို ခူးယူခွင့် မရှိခဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com





အပင်ထက်မှာပဲ အလှဆုံး ပွင့်နေစေချင်မိတာ

အတ္တဆန်လွန်းတယ်ဆိုရင်လည်း...။

■ ■ ■



## အခန်း (၅)

"တို့နှစ်ယောက် အချစ်က ဒဏ္ဍာရီ ဆန်လွန်းတယ် x x နှလုံးသားက ချစ်ခြင်းတို့က နိုင်မြဲတယ် x x ရာဇဝင်တွင်တဲ့ အချစ်တွေနဲ့ ယှဉ်ပြိုင်ဦးမလား x x နှလုံးသားက မှတ်ကျောက်တင်ခံရဲတယ်"

သီချင်းသံနှင့်အတူ နှစ်မျောလိုက်ဆိုနေသည့် အခရာက သူ ရောက်လာတာကို သိပုံတောင် မရပါ။

မင်းဆက်တိုင်းရဲ့ သရုပ်ဆောင်မှု ပုံရိပ်က တီဗွီ ဖန်သားပြင်မှာ သီချင်းနှင့်အတူ အရိပ်ထင်နေသည်။ အခရာ မျက်ဝန်းတွေကလည်း မင်းဆက်တိုင်းရဲ့ ပုံရိပ်မှာ စီးမျောနေ၏။

သီချင်းဆုံးတော့ သူ အခရာကို အသံထွက်ခေါ်မိ၏။ အခရာ ကြာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခရာ"

နောက်တစ်ခါ ထပ်ခေါ်မှပဲ အခရာ ကြားတော့သည်။ သူ့ကို လှည့်ကြည့်ရင်း ဘာလဲဟု မေးဆတ်ပြသည်။

"အခရာ ထမင်းစားလို့ ရပြီတဲ့၊ ခေါ်မြဲ ခေါ်နိုင်းလိုက်လို့"

"လာခဲ့မယ် ကိုဘုန်း၊ ဒီတစ်ပုဒ်လောက် နားထောင်ပြီး လာခဲ့မယ်၊ ကိုဘုန်းတို့ စားနှင့်ကြပါ"

ပြောပြီး ရှာခနဲ ပြန်လှည့်ကာ သီချင်းသံစဉ်တွေထဲ အခရာ အာရုံ ပြန်လွင့်မျောသွားပုံရသည်။

အခရာကို ကြည့်ရင်း ဖန်သားပြင်ထဲမှာ မြင်နေရသော မင်းဆက်တိုင်းကို သူ မနာလို ဝန်တိုစွာ ကြည့်မိ၏။ ရှင်းသန့်နေသော မျက်နှာလေးက မိန်းမချော ချောသည်ဟု ဆိုရလောက်သည်။

စတိုင်ကျသော ဝတ်စားဆင်ယင်မှုကလည်း ယောကျ်ားချင်း တောင် အားကျ ငေးမောလောက်သည့် မင်းဆက်တိုင်းကို မြင်နေတော့ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်မိသည်။

တကယ့်ကို ကွာခြားလွန်းပါသည်။ အမြဲတမ်း ဖွပ်ကျယ်နှင့် တိုရှပ်ကို ပုဆိုးတိုတိုနှင့် တွဲဝတ်ဆင်တတ်သည့် သူ့ပုံစံက ကျေးတောသား ပုံ ပေါက်နေသည့် ထင်ပါသည်။

"ဟင် ကိုဘုန်း မစားသေးဘဲ ဘာလုပ်နေတာလဲ"





သူ့ကို မြင်သွားကာ မေးလာသည့် အခရာ့အသံ ကြားမှ သူ မော့ကြည့်ရင်း

"ဟို အဲ အခရာကို စောင့်နေတာပါ"

သည်တော့မှ အခရာ ရီမှဒ်လေး နှိပ်ကာ ပိတ်လိုက်ရင်း ဆိုဖာထိုင်ခုံက ထရပ်လိုက်သည်။

"ကိုဘုန်းကို ပြောဦးမယ်၊ မနက်ဖြန် ညကျရင် မင်းဆက်တိုင်းနဲ့ တစ်ကိုယ်တော် ရှိုးပွဲရှိတယ်၊ အခရာ လက်မှတ်နှစ်စောင် ဝယ်ထားတယ်၊ ကိုဘုန်း လိုက်မယ်မို့လား"

အခရာ စကားကို သူ ငြင်းဆိုလိုက်ချင်ပါသည်။ ဒါပေမဲ့ အခရာရဲ့ အငြိုအငြင်ကို မခံနိုင်တာလည်း အမှန်။ သူ တားမြစ်လျှင် တောင် အခရာက တစ်ယောက်တည်း သွားမှာ သေချာသည်။

"ကိုဘုန်း ဘာစဉ်းစားနေတာလဲ"

"ဪ ဘာမှမစဉ်းစားပါဘူး၊ ဟို ကိုယ် ဝါသနာတော့ မပါ ... ဒါပေမဲ့ လိုက်ခဲ့ပါ့မယ်"

"ဝါသနာ မပါဘူး မလုပ်နဲ့၊ မင်းဆက်တိုင်း ပွဲနော်၊ ကြည့်ပြီးမှ ... ဘာကျသွားမယ်၊ နေရာကောင်းရအောင် အခရာ ဝယ်ထားရတာ"

ထမင်းစားခန်းထဲအထိ မင်းဆက်တိုင်း၊ အကြောင်း အခရာ ... ဆုံးအောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အလိုက်အထိုက် နားထောင်နေရပေမယ့် ရင်ထဲမှာတော့ တစ်ဆို့ဆို့ ဝေဒနာကြီးတစ်ခု ခံစားနေရသလိုပါပဲ။ အခရာကတော့ ဘာမှ မသိပါ။

မင်းဆက်တိုင်း အကြောင်း ပြောလျှင် အခရာ မျက်နှာလေး ဝင်းပနေတတ်သည်။ သူ့မှာသာ.

"အဲဒီ ရှိုးပွဲမသွားခင် အခရာ ကိုဘုန်းကို ခေါ်သွားဦးမယ်၊ ကိုဘုန်း ဆံပင်ကြီး အရမ်းရှည်နေပြီ၊ နောက်ပြီး အဝတ်အစား ဝတ်တာကလည်း ဒိတ်အောက်ပြီး တောမုံကြီး ပေါက်နေတယ်"

"ဟင် ကိုယ် ဒီလိုပဲ နေတတ်တာ"

"မရဘူး အခရာ အနားမှာ ရှိနေပြီး ဒီပုံကြီး ပေါက်နေတာ မဟုတ်သေးဘူး။ မနက်ဖြန်ကျရင် အခရာနဲ့ လိုက်ခဲ့ရမယ်"

အမြတ်မ်း အလျှော့ပေးခဲ့ရသောသူ အခုလည်း အခရာကို ဘာမှ ပြန်ပြီး ငြင်းဆိုမနေချင်တော့ပါ။

သူ့ကို ရှုံ့ရှုံ့နစ်နစ်လေး ကြည့်ကာ အကဲခတ်နေသော အခရာ ရဲ့ မျက်နက်ဝန်းလေးတွေ ကြည့်ကာ ရင်ထဲမှာ လှိုက်ခနဲ ဖြစ်ရသည်။

အခရာရယ်

အရာရာ မင်း အလိုကျ ရှိနေစေခဲ့တာပါ...။

■ ■ ■



## အခန်း (၆)

ဆိုင်ကလေးထဲကို အတူ ယှဉ်တွဲဝင်လာသည့် စုံတွဲကို မြင်လိုက်ရသော့ သူ့ မျက်နှာတွေ တန်းခနဲ ဖြစ်သွားခဲ့သည်။

သူ့နံဘေးက ဗညားက သူ့အဖြစ်ကို သတိထားမိပုံ မရဘဲ စကားတွေ ဆက်ပြောနေဆဲ ရှိ၏။ ဗညား စကားတွေမှာ သူ့စိတ်အာရုံ တွေ ခွဲထွက်ကာ ဆိုင်ထဲ ဝင်လာသည့် နှစ်ဦးဆီမှာ ကပ်ငြိသွားမိ၏။

သေချာပါသည် အခရာ ဆိုသည့် ကောင်မလေးကို သူ မမှတ်မိစရာ မရှိပါ။ တစ်ခါ ဆုံဖူးရုံနဲ့ မှတ်မိစရာ မျက်နှာလေးနှင့် သူ့ နှင်းတွေကို နှစ်သက်ပါသည်ဆိုသော အခရာကို သူ မမေ့ခဲ့ပါ။

ကဖေး ဆိုင်လေးထဲ ဝင်လာကာ ကောင်မလေးနှင့် အဖော်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူက သူတို့ နံဘေးက ဝိုင်းမှာ ဝင်ထိုင်သည်။ စားပွဲဝိုင်းတွေက ခပ်လှမ်းလှမ်းခြားကော ပြင်ဆင်ထားတာမို့ တီးတိုး စကားသံတွေကိုတော့ မကြားရပါ။

ဒါပေမဲ့ ကောင်မလေးရဲ့ စကားသံချိုချိုလေးကိုတော့ သူ ကြားရ၏။

"ကိုဘုန်း ပုံစံကလည်း ရှုံတိုးရှုံ့တန်းနဲ့ ဘာဖြစ်နေတာလဲ"

"ကိုယ် ဒါတွေမှ မဝတ်တတ်ဘာ၊ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေလို့"

တီရှပ် အပြာနုရောင် လက်တိုနှင့် ဂျင်းဘောင်းဘီနက်ပြာကို တွဲဖက်ဝတ်ဆင်ထားသော ဆရာရဲ့ အဖော် ဖြစ်သူကို သူ အကဲခတ် ကြည့်မိသည်။ ဆံပင်တိုတိုက သေသေသပ်သပ် ဖီးသင်ထားသည်။

အသက်အရွယ်က သူနှင့်ရွယ်တူလောက်ပဲ ရှိမည် ထင်သည်။ အညိုဘက် သမ်းသော အသားအရေကြ ယောကျ်ားပီသ ခန့်ထည်ပါသည်။ ရူးလှဲ့နေသော မျက်ဝန်းတွေ၊ ကားသယောင်ရှိသည့် မေးရိုးစိမ်းသန့်နေသော မုတ်ဆိတ်ပါးသိုင်းမွေးရာတွေက ထူးခြားသည်။

အခရာ နံဘေးမှာ ပါလာသူသည် အခရာရဲ့ ချေးသားရင်းချာအစ်ကို မဟုတ်နိုင်တာတော့ မြင်ရုံနှင့် သူ အကဲခတ်မိပါသည်။

"ကိုဘုန်းက ရုတ်တရက်ကြီးမို့ မနေတတ်ဘူး၊ ဖြစ်နေတာပါ





အိမ်ရောက်မှ ကိုယ့်ကိုယ်ကို မှန်ထဲ ပြန်ကြည့်၊ အခရာ စိတ်တိုင်းကျ ပြောင်းပေးလိုက်တာ ဘယ်လောက် မိုက်သလဲ အဟင်း ဟင်း၊"

အခရာ အသံ ရူးရူးလွှင်လွှင်လေးက သူ့နားစည်မှ တစ်ဆင့် ရင်ထဲအထိ စိမ့်ဝင်တော့ မနာလို ဝန်တိုမှုတွေ ပိုလို့ တိုးစေသည်။

"ဟေ့ကောင်"

ထက်ခနဲ သူ့ ပခုံးကို ပုတ်လာသည့် ဗညားကြောင့် သူ သတိပြန်ဝင်လာရသည်။ ဗညားက သူ့ကို မကျေနပ်စွာ မျက်မှောင်ကြီး ကုပ်ကြည့်ရင်း၊

"ဘာဖြစ်နေတာလဲ မင်း၊ ငါ ပြောတဲ့ စကားကိုမှာ အာရုံရှိရဲ့ လား။ အခု ငါ ပြောတဲ့ သီချင်းလေးကို မင်း ဘယ်လို သဘောရသလဲ"

ဗညား အမေးကို သူ မဖြေတတ်ပါ။ ဗညား ပြောသည့် သီချင်း ဘာလဲဆိုတာတောင် သူ မသိတာ အမှန်ဖြစ်သည်။ သူ့အတွက် ရေးသည့် သီချင်းကို ဗညား ပြောပြနေတာ ဖြစ်၏။

ခက်တာက သူ့စိတ်တွေ ဗညားစကားတွေမှာ အာရုံရှိမနေ နေတော့ ခက်သည်။

"သောက်ရိုး ငါ မင်းစကားတွေ တစ်ခုလုံးမှ နားထဲ မရောက်လိုက်ဘူး ဗညား"

"ဘယ်လို နှစ်ယောက်တည်း ထိုင် စကားပြောနေတာတောင်

www.burmeseclassic.com



မင်းက အာရုံမရောက်ဘူးဆိုတော့ ဘာဖြစ်တာလဲ မင်းဆက်ရ''

ဗညားအသံက နည်းနည်း ကျယ်သွားတာမို့ အခရာ မျှတ်ခနဲ လှည့်ကြည့်သည်။ ဒါပေမဲ့ ဂုတ်ဝဲဆံပင် နီကျင်ကျင် ကောက်ကောက်တွေနှင့် သူ့ကိုတော့ အခရာ ဘယ်လိုမှ မှတ်မိနိုင်စရာ မရှိပါ။

ဗညားနှင့် လွတ်လပ်စွာ ထိုင်စကားပြောချင်တာကြောင့် သူ့ရဲ့ နဂိုရုပ်သွင်ကို ဖျက်လာခဲ့ခြင်း ဖြစ်သည်။

ပွယောင်းယောင်း ဆံပင်နှင့် မျက်မှန်နက်နှင့် မုတ်ဆိတ်ကျင်စွယ်အတု တပ်ဆင်ထားသော သူ့ကို အခရာ တစ်ချက် ကြည့်ကာ ပြန်လှည့်သွားခဲ့တာ သက်သေပါပဲ။

''မင်းဆက် မင်းဘယ်ကို အာရုံရောက်နေတာလဲ''

ဗညား စကားကို သူ လက်ကာပြရင်း တားမြစ်မိသည်။ နောက်တစ်ကြိမ် ပြန်ဆုံတွေ့ခွင့်ရနေသော အခရာကို သူ ရှောင်တိမ်း မသွားချင်ပါ။

''ခဏလေး စောင့် ဗညား၊ ငါ အခု ပြန်လာခဲ့မယ်''

ဗညားကို ပြောပြီး သူ ထထွက်ခဲ့မိသည်က အခရာတို့ စားပွဲဝိုင်းလေးဆီ ဖြစ်သည်။

''အခရာ''

သူ အနားရောက်လာတာ မြင်ကတည်းက အံ့သြစွာ မော့ကြည့်





သော အခရာ မျက်ဝန်းလေးတွေ ကြောင်တွေနေ၏။ နာမည် ခေါ်လိုက်သော့ မျက်ခုံးလှုလှုလေး ပိုတွန့်သွား၏။

''ကိုယ် မင်းဆက်တိုင်းပါ''

''ဟင်''

အခရာ ပါးစပ်လေး ဟသွားကာ မျက်တောင်လေး ပုတ်ခတ်ကြည့်၏။ အခရာနှင့် မျက်နှာချင်းဆိုင်က လူရွယ် သူ့ကို ဘုကြည့်ကြည့်[illegible]

''ဟော့ကောင် အရူးတူ လာမလုပ်နဲ့၊ မင်းဆက်တိုင်းဆိုတာ [illegible] လုံးဝ မဟုတ်မှန်း ငါ သိတယ်''

''အို နေဦး ကိုဘုန်း မင်းဆက်တိုင်း ရှင် ရုပ်ဖျက်ထားတာ [illegible]တင်''

သူ တစ်ချက်ပြုံးပြကာ ခေါင်းကို ညိတ်တော့ အခရာ မျက်ဝန်း[illegible]တွေ တောက်ပလင်းလက်သွားသည်။

''ထိုင် ထိုင်လေ မင်းဆက်တိုင်း အခရာ ရှင့် မျက်လုံးတွေကို [illegible] နာမည်ခေါ်သံကြားလိုက်ကတည်းက လှည့်ကြည့်မိသေးတယ်၊ [illegible] ဖျက်ထားမယ် မထင်ဘူးလေ''

''အင်း ကိုယ့်ရဲ့ တေးရေးဆရာ ဗညားနဲ့ ချိန်းထားလို့ သီချင်း[illegible] ဆွေးနွေးနေကြတာလေ၊ အခရာ သိတဲ့ အတိုင်း ကိုယ်တို့ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တွေက လွတ်လပ်မှုကို အပြည့်အဝ ပိုင်ဆိုင်ခွင့်မှ မရှိတာပဲ''

သူ့စကားကို နားလည်လက်ခံစွာ အခရာ ခေါင်းကလေးကို ညိတ်ပါသည်။ ပြီးတော့ သူ့ပုံစံကို သဘောကျသလို ပြုံးကြည့်နေသည်။

''အခရာကို ဖိတ်ခေါ်ပါရစေ၊ ကိုယ့် ရှိုးပွဲကို လာအားပေးဖို့ ဖိတ်ချင်တယ်၊ အခရာအတွက် လက်မှတ် ကိုယ်ပို့ပေးလိုက်မယ်''

''အဲဒီပွဲအတွက်ဆိုရင် လက်မှတ် မလိုတော့ဘူး မင်းဆက်တိုင်။ အခရာ ဝယ်ပြီးပြီ၊ နှစ်စောင် ဝယ်ပြီးပြီ၊ ကိုဘုန်းနဲ့အတူ လာမှာ''

နံဘေးက အဖော်ကို မေးကလေး ထိုးပြကာ အခရာ ဆိုသည်။ မျက်မှောင်ကြီးကုပ် ကြည့်နေသော ထိုပုဂ္ဂိုလ်ကတော့ အလိုမကျရိပ်တွေ ထင်နေဆဲ။

''ကိုဘုန်း ဒါ မင်းဆက်တိုင်လေ၊ မင်းဆက် သူက ကိုဘုန်း လက်ညာ၊ အခရာရဲ့ အစ်ကို ဆိုပါတော့၊ မနက်ဖြန်ညက ကိုဘုန်း လိုက်ပို့ပေးမှာလေ''

အခရာရဲ့ အစ်ကိုဟု အခရာ့နှုတ်က ဖွင့်ပြောခြင်းက သူ့ရင်ထဲက ဝန်တိုစိတ်တွေကို ပြေလျော့စေတော အမှန်။

အစ်ကိုရင်းချာတော့ ဟုတ်ဟန် မတူပါ။ ဝမ်းကွဲဖြစ်မည် ထင်၏။ အခရာနှင့် သူ့ကိုတော့ ခင်မင်နေတာ ကျေနပ်ဟန် မရှိပါ။ အင်းလေ သူ့ပုံစံကလည်း အကြည့်ရဆိုးနေတာကြောင့် ဖြစ်နိုင်၏။





ဘာပဲဖြစ်ဖြစ် အခရာနှင့် ပြန်ဆုံရတာကို သူ ကျေနပ်သွားသည်။ ဒါ မင်္ဂလာရှိတဲ့ နေ့လေးပဲပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကိုဘုန်း ဘာလုပ်နေတာလဲ၊ ရေမိုးချိုး ပြင်ဆင်တော့ေ

လေးနာရီခွဲ စတင်မည့် ရှိုးပွဲကို ညနေ သုံးနာရီလော

ကတည်းက လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည့် အခရာကို သူ အတော်

စိတ်ရှုပ်သွားမိသည်။

"အခုမှ သုံးနာရီပဲ ထိုးသေးတယ်လေ အခရာရဲ့"

"စောစော သွားချင်လို့ပါ ကိုဘုန်းရဲ့၊ အခရာတောင် ရေ

ပြီးနေပြီ၊ ကဲ သွားချိုးပါတော့"

"အင်း ချိုးပါ့မယ်၊ ကိုယ်က ဘာမှ မကြာဘူး။ အခရာ

အလုပြင်ဦးမှာဆိုတော့ သွားပြင်ဆင်ပါ"

"အခရာလည်း ဘာမှမကြာဘူး၊ အခု ကိုဘုန်း ရေသွ





တော့"

ဖွတ်ပြောနေသော အခရာ အလိုကျ နောက်ဆုံးတော့ သူ ရေချိုးဖို့ ထွက်ခဲ့ရသည်။ မင်းဆက်တိုင်းနှင့် ပတ်သက်လျှင် အခရာ ဒီလောက်အထိ သည်းသည်းလှုပ်နေတာတော့ သူ မကျေနပ်ချင်ပါ။

ရေမိုးချိုးပြီးတော့ သူ့အခန်းထဲမှာ အဝတ်အစား လဲလှယ်ပြီး ထွက်ခဲ့သည်။ ဧည့်ခန်းဆိုဖာ ထိုင်ခုံလေးမှာ ထိုင်နေသော အခရာကို တောင် အံ့ဩသွားမိ၏။

မြန်လိုက်တဲ့ အခရာ။

အနက်ရောင်အကျပ် ဘောင်းဘီရှည်အပေါ်မှာ အပြာနုရောင် ချည်စကပ် အကြပ်ခလေးကို ဝတ်ဆင်ထားသည်။ အဝါရောင် လည်ပတ်ဂုတ် အင်္ကျီလေးပေါ်က အနက်ရောင် လက်ပြတ် ဝတ်စကုပ်လေး ဆင်ထား သည်။

ဂုတ်ထောက် ဆံညှပ်လေးနှင့် နုဖတ်သော မျက်နှာလေးကိုတော့ အသွေးတွေထူးထူး ခြယ်သထားခြင်း မရှိပါ။

ဒါပေမဲ့ အခရာ ငေးကြည့်စရာ ကောင်းလောက်အောင် လှပ သည်။

"ဟာ ကိုဘုန်းကလည်း ရှိုးပွဲသွားမှာကို အလျှသွားမလိုချနေ သလဲ ဟိုတစ်နေ့က ဝယ်လာတဲ့ ဂျင်းပင်နီတွေ အများကြီးလေ၊ ဂျင်းပင်နီ



www.burmeseclassic.com

www.burmeseclassic.com



အနက်နဲ့ အော်တာ ရှပ်အဖြူစင်းလေး ဝတ်ခဲ့စမ်းပါ၊ သွား ပြန်လဲလိုက်စမ်းပါ''

''ဘာလို့လဲ အခရာရဲ၊ ကိုယ် ဝတ်ထားတာလည်း အသစ်တွေပါပဲ''

''ဟာ မကြောင်စမ်းပါနဲ့၊ ရှိုးပွဲသွားမှာ လည်ကတုံးနဲ့ ယောပုဆိုးနဲ့ ဘယ်သူမှ မဝတ်ဘူး။ အခရာ ပြောသလို ဝတ်စမ်းပါ။ ဒီပုံကြီးနဲ့တော့ အတူတွဲသွားရင် လူတွေ ဝိုင်းဟားမှာ အသေအချာပဲ''

အခရာ ခါးခါးသီးသီး ငြင်းကာ စိတ်ပျက်သလို ပြောတော့ သူပဲ အလျှော့ပေးပြန်ခဲ့ရပြန်သည်။

အမှန်တော့ တမင် ဒီဝတ်စုံကို ရွေးဝတ်ခဲ့ခြင်းပါပဲ။ အခရာ ပြောသလို အခရာနှင့်သူ မလိုက်ဖက်တာကတော့ သေချာသည်။ သူ ဖွတ်ဆန့်ကျင်လျှင် အခရာ ပုံစံက တကယ် ထားရစ်ခဲ့မည့်ပုံ ရှိသည်။

သည်တော့ အခရာ နှစ်သက် စေနိုင်းသည့်အတိုင်း အဝတ်အစားတွေ ပြန်လဲလိုက်ရသည်။

မှန်ထဲက သူ့အသွင်ကို သူပြန်ကြည့်ရင်း စိတ်ထဲမှာ ခပ်ရှုံ့ရှုံ့တော့ ဖြစ်မိသည်။ ဒီပုံစံတွေနှင့်သာ အခရာရဲ့ ဒယ်ဒီ မြင်လျှင် ဘာပြောမည် မသိ။

ဦးမင်းဝေခိုင် မရှိသော နှစ်ရက်တစ်ပိုင်း ကာလလေးမှာ သူ





၁ုံစံ အပြောင်းလဲကြီး ပြောင်းလဲသွားတာ သူ လိပ်ပြာမလုံချင်ပါ။

''အိုကေ ဒီ ဒီဇိုင်းနဲ့မှ မိသွားတာ''

သူ့အသွင်ကို ခြေဆုံးခေါင်းဖျား ကြည့်ကာ အခရာ သဘောကျစွာ ရေရွတ်တော့ သူ ရှက်တက်တက် ဖြစ်မိသေး၏။

''ကိုဘုန်းကို ဘယ်သူက တောပုံပေါက်တယ် ပြောမလဲ၊ အကယ် မိုက်တယ်၊ ကဲ လစ်စို့''

အခရာနှင့်အတူ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ သွားခဲ့တော့ ခြံစောင့်ကြီး ဦးထွန်း သူ့ကို တအံ့တသြ ကြည့်နေ၏။

''ဦးလေးထွန်း အပြန်နည်းနည်း မိုးချုပ်မယ်နော်၊ တံခါးစောင့်ပေးဦး''

''အေး အေးပါ သမီးရယ်''

အခရာကို ဖြေရင်း ဦးထွန်း အကြည့်တွေက သူ့ကို အထူးအဆန်းမြင်ကွင်းတစ်ခုပမာ စိုက်ကြည့်နေတော့ သူ မျက်နှာနီနီနှင့်ပဲ ပြုံးပြမိ၏။

''ကိုဘုန်းကိုကြည့်ပြီး အံ့သြနေတာလား ဦးထွန်း။ ဘယ်လိုလဲ ကြည့်ကောင်းသွားတယ်မို့လား၊ အခရာ ပြောင်းလဲပြင်ဆင်ပေးထားတာလေ''

''အင်း အင်း ကောင်းတယ် ကောင်းတယ်၊ ဦးထွန်းတောင် မှတ်မိတယ်၊ မောင်ဘုန်းက ဒီလိုကျတော့လည်း လူချောပဲကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဦးထွန်းကလည်း"

"ကျေးတောသားလို့ အပြောခံရတာတော့ မရှက်ဘဲနဲ့ ဒါကို ရှက်နေသလား၊ ကိုဘုန်းရဲ့၊ ကဲ သွားရအောင် နောက်ကျနေမှာစိုးလို့"

ကားတံခါး ဖွင့်ပြီး အခရာ ဝင်ထိုင်တော့ သူလည်း ကားပေါ် တက်ကာ မောင်းထွက်လိုက်ရသည်။

"ပွဲမစခင် ကြိုရောက်ချင်တာ ကိုဘုန်းရဲ့၊ မင်းဆက်အတွက် ဖန်စီ လက်ပတ်ကလေး ပေးချင်လို့"

သူ့ရင်ထဲမှာ နင့်ခနဲတော့ ဖြစ်မိသည်။ အခရာရဲ့ စကားတွေ တိုင်းမှာ မင်းဆက်တိုင်း အပေါ် သိသာစွာ ကြည်ဖြူနေမှုတွေက သူ့ ခံစားရစေ၏။

လက်ဆောင် ဖန်စီ လက်ပတ်ဘူးလေးကို ကိုင်ကာ ကြည်နူး ဝေနေသော အခရာ မျက်နှာကို ငေးရင်း သူ တစ်စုံတစ်ခုကို ဆုံးရှုံး သလို ခံစား နားလည်မိသည်။

ရှိုးပွဲကျင်းပရာ ခန်းမရောက်တော့ ကားလေးကို ကားထိုး ပဲ သူတို့ ထိုးရပ်လိုက်သည်။

"လာ ကိုဘုန်း မင်းဆက်နဲ့ အရင်ဆုံး တွေ့မှဖြစ်မယ်၊ ဝင် အထိ တက်မပေးချင်ဘူး။ အခရာ လက်ဆောင်ကို သီးသန့်ပေးချင်

ရှေ့က ခပ်သုတ်သုတ်လှမ်းနေသော အခရာ ခြေလှမ်း





နောက်က သူ လေးကန်စွာပဲ လိုက်ခဲ့မိသည်။

အခရာ တစ်ယောက် တီးဝိုင်းနားက ပုဂ္ဂိုလ်တစ်ယောက်ကို ာတွေ ပြောနေသည်မသိ။ သူ ခပ်လှမ်းလှမ်းကပဲ ရပ်စောင့်နေလိုက် သည်။ ထိုလူက နောက်ဖက်အခန်းထဲ လှမ်းဝင်သွားပြီး မကြာလိုက်ခင် ာဘဲ အခရာအနီး ပြန်ရောက်လာ၏။

နှစ်ဦးသား တီးတိုးစကားတွေ ဆိုပြီး အခရာ သူ့ကို လက်ယပ် ခေါ်တာမို့ သူ အနားသွားလိုက်၏။

"ကိုဘုန်း ခဏလေး စောင့်နော်၊ အခရာ လိုက်သွားမလို့"

"ဟင် ဘယ်ကို လိုက်မှာလဲ အခရာ၊ ကိုယ်ပါ လိုက်ခဲ့မယ်"

"လိုက်လို့ မရဘူး ကိုဘုန်း။ ဒီအပြင်ကပဲ ခဏစောင့်၊ သိပ် ာစေရဘူး၊ ခဏလေးပဲ စောင့်"

သူ့ကို ကသောကမျော ပြောပြီး အခရာ ထိုလူနှင့်အတူ အခန်း တ လိုက်ဝင်သွား၏။ သူ မကျေမနပ်နှင့်ဘဲ ကျန်ရစ်ခဲ့ရ၏။

အခရာကို စောင့်နေရသည့် စက္ကန့်တိုင်းက ရှည်လွန်းသည် သည်။ တစ်ယောက်တည်း အူတူတူ ရပ်စောင့်နေရသည့် အဖြစ်က ဆိုးသည်။

ဆယ်မိနစ်လောက် ကြာတော့ အခရာ ပြန်ထွက်လာသည်။

အခရာ မျက်နှာလေး ဝင်းပကြည်လင်နေပေမယ့် သူ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အလိမကျူမှုတွေနှင့် ညှိုပုပ်နေမှာ သေချာသည်။

"လာ ကိုဘုန်း၊ အခရာတို့ ထိုင်ခုံတွေဆီ သွားရအောင်"

သူ့လက်ကို အခရာ ဆွဲကာ ခေါ်နေသည်မို့ ဘာမှ ပြောခွင့်မရဘဲ လိုက်ခဲ့ရပြန်သည်။

ဖွေးဖွေးလှုပ်နေသော ပရိသတ်တွေထဲမှာ အခရာ တိုးဝှေ့ခေါ်ဆောင်ရာကို သူ ပါလာခဲ့၏။

စတိတ်စင်နှင့် အနီးဆုံး သုံးတန်းမြောက် ခုံတန်းကို အခရာ ဝယ်ယူထားခြင်း ဖြစ်သည်။

စင်ပေါ်က တီးဝိုင်းဆီမှာ ဂီတသံတွေ ပဏာမကြားကတည်းက ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။ အခရာရဲ့ အပျော်မျက်နှာလေးကို ကြည့်ကာ သူ့ရင်ထဲက ခံစားချက်တွေကို မြေလျှော့ပစ်လိုက်ရပါသည်။

စင်ပေါ်က အလင်းရောင်တွေ မှိန်ကျသွား၏။ ရောင်စုံ ဆလိုက်မီးတန်းတွေ စင်ပေါ်မှာ ဟိုပြေး ဒီပြေး ဆော့ကစားနေ၏။

"အားလုံး အားလုံး မင်္ဂလာပါ"

"ဝေး ဖြောင်း၊ ဖြောင်း၊"

နှုတ်ခွန်းဆက်သံနှင့်အတူ မီးဆလိုက်တွေက စင်ပေါ်လှမ်းတက်လာသော မင်းဆက်တိုင်းဆီမှာ စုပြုံရောက်ရှိသွားသည်။ လက်ခုပ်ဩဘာသံတွေ ရူညံသွား၏။





ကျောက်ရုပ်ပမာ တိတ်ဆိတ်နေမိသူက သူ တစ်ယောက်တည်း ဖြစ်မည် ထင်ပါသည်။

"မင်္ဂလာ ညနေခင်းမှာ ကျွန်တော် ပထမဆုံး ဖျော်ဖြေပေးမယ့် သီချင်းက ကျွန်တော့်ရဲ့ ထာဝရ ပရိသတ် တစ်ယောက် တောင်းဆိုထားတဲ့ 'ဒဏ္ဍာရီ ချစ်သူ'ဆိုတဲ့ သီချင်းလေးပဲ ဖြစ်ပါတယ်"

လက်ခုပ်ဩဘာသံတွေထဲမှာ အခရာရဲ့ လက်ခုပ်သံတွေက အကျယ်ဆုံးဟု သူ ထင်မိသည်။

"ဒါ အခရာ အကြိုက်ဆုံး သီချင်းပေါ့ ကိုဘုန်းရဲ့"

သူ့ဘက်လှည့်ကာ အခရာ ဝမ်းသာအားရ ပြောသေးသည်။ ပြီးတော့ မင်းဆက်တိုင်းရဲ့ သီချင်းကို အခရာ အသံလေးထွက်သည်အထိ ထပ်တူလိုက်လို့ ဆိုညည်းနေသည်။

စင်ပေါ်မှ အခရာ ရှိရာကို ကြည့်ကာ လက်ပြနှုတ်ဆက်နေသည့် မင်းဆက်တိုင်း အပြုအမူက သူ့ကို ခံရခက်စေသည်။

ကြည့်လေ မင်းဆက်တိုင်းရဲ့ ဘယ် လက်ကောက်ဝတ်မှာ အခရာ လက်ဆောင်ပေးသည့် အနီရဲရဲ လက်ပတ်ကလေးက အထင်အရှား ပြီးတော့ အခရာကလည်း ပြန်လည် လက်ပြနှုတ်ဆက်နေသေး ...ည်။

သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဖျော်ဖြေတိုင်း အခရာ မနား



www.burmeseclassic.com

www.burmeseclassic.com



တမ်း အားပေးနေသည့် မြင်ကင်းကို မကြည့်ချင်ဘဲ ထိုင်ကြည့်နေရသည့် သူ့အဖြစ်က အရှင်လတ်လတ် ငရဲကျခံနေရသလိုပါပဲ။

အခရာရယ်

မင်းလေးနဲ့ အနီးဆုံးမှာ ရှိနေပေမယ့် ငါ့ရင်ထဲကို မမြင်တွေ့နိုင်တဲ့ မင်းကြောင့် ငါက အဝေးဆုံးလူပါ။

ဒါကို ငါ မြင်သိလိုက်ရချိန်မှာ…။

■ ■ ■



## အခန်း (၈)

"ဘယ်လိုလဲ မောင်ဘုန်း။ ငါ မရှိတုန်း သမီး မင်းအပေါ် အတော်မှ အနိုင်ကျင့်ရဲ့လား"

မန္တလေးခရီးက ပြန်ရောက်သည်နှင့် ဦးမင်းဝေခိုင်က သူ့ကို ေသည်။ အနီးမှာ ရှိနေသော အခရာ မျက်နှာလေး ရှုံ့မဲ့သွားရင်း

"ဒယ်ဒီနော် သမီးက ဘာကို အနိုင်ကျင့်ရမှာလဲ၊ ကိုဘုန်းကို ကြည့်၊ ကိုဘုန်းကို အခရာ ဘာဒုက္ခပေးသလဲ၊ ပြောလိုက် ကိုဘုန်း"

"ဟုတ်ပါတယ် ဦး အခရာက လိမ္မာပါတယ်၊ ကျွန်တော့်ကို ဒုက္ခမှ မပေးပါဘူး ဦးရဲ့"

"ကဲ ဒယ်ဒီ ကြားတဲ့အတိုင်းပဲနော်"

ဦးမင်းဝေခိုင် ကျေနပ်စွာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ကြည့်သည်။

"ဟ မောင်ဘုန်း မင်းဆံပင်တွေ ညှပ်လိုက်တာလားကွ"

"ဗျာ ဟို အဲ ဟုတ် ကဲ့"

သူ့ရဲ့ ဂုတ်ထောက် ဆံပင်ကြီး ပုံစံပြောင်းသွားတာကို အခုမှ ဦးမင်းဝေနိုင် သတိထားမိပုံရပါသည်။

"ကောင်းပါတယ်ကွာ သပ်သပ်ရပ်ရပ် ဖြစ်သွားတာပေါ့၊ ဒီ ဆံပင်ပုံစံက မင်းနဲ့ လိုက်ဖက်ပါတယ်"

"အဲဒါ သမီး ပြောင်းလဲပေးလိုက်တာလေ ဒယ်ဒီရဲ့"

အခရာ စကားကြောင့် ဦးမင်းဝေနိုင် မျက်လုံးတွေ ပင့်တက် သွားကာ အံ့ဩသွား၏။

"ဟုတ်တယ် ကိုဘုန်း ပုံစံက တကယ့် တောသားပုံ ပေါက်နေ လို့ အားလုံး ပြောင်းခိုင်းထားတာ၊ ကိုဘုန်းအတွက် အဝတ်အစားတွေ လည်း သမီး ဝယ်ပေးထားတယ်၊ ကိုဘုန်းက မဝတ်ရဲဘူးတဲ့"

"ဟုတ်လား မောင်ဘုန်း"

"ဟို ကျွန်တော်က ဘောင်းဘီတွေ ဝတ်လေ့ဝတ်ထ မရှိတော့ တစ်မျိုးကြီး ဖြစ်နေလို့ပါ ဦး"

"တောင်းမှာအကွပ် လူမှာအဝတ်တဲ့ ကိုဘုန်းရဲ့ မကြားဖူးဘူး လား ကိုဘုန်း ပုံစံက အဘိုးကြီးပေါက်စ ကျနေတာပဲ၊ လူငယ်ပီပီ





ဆင်ယင်စေချင်လို့ အခရာ ဝယ်ပေးတာ"

အခရာ စကားကို ဦးမင်းဝေနိုင် ကိုယ်တိုင် ခေါင်းတညိတ်ညိတ် ထောက်ခံမှု ပြနေတော့ သူ ဘာမှမပြောနိုင်ပါ။

"သမီး ပြောတာ မှန်တယ် မောင်ဘုန်း၊ မင်းစိတ်ဓာတ် ရိုးသား ဖြူစင်တာ ဦး သဘောကျတယ်၊ ခေတ်ရဲ့အလိုက် ဝတ်ဆင်တာ အများ ထဲက ကျူးလွန်တာမှ မဟုတ်တဲ့ကွ၊ အဲ ယဉ်ကျေးမှု ပျက်လောက်အောင် ဝတ်စားဆင်ယင်တာတော့ ဦး သဘောမကျပါဘူး၊ လူငယ်ပီပီ ဝတ်စား တာတော့ လက်ခံတယ်"

"ဟုတ်ကဲ့ပါ ဦး"

"ဝတ်စားဆင်ယင်မှုကလည်း လူတစ်ယောက်အတွက် အရေး ကြီးတယ် မောင်ဘုန်း၊ မင်း လူငယ်ဆန်ဆန် နေထိုင်တာ ဦး အပြစ်မမြင် ပါဘူး၊ လိုတာရှိရင် သမီးကိုပြော သူ စီမံပေးလိမ့်မယ်"

အခရာက ကျေနပ်သလို ခေါင်းလေးမော့ကာ သူ့ကို ပြုံးကြည့် နေသည်။

"ကျွန်တော့်အတွက် အခရာ အများကြီး ဝယ်ပေးထားပါတယ် ဦး ပြည့်စုံပါတယ်"

"ပြည့်စုံတယ်ဆိုပြီး အဝတ်အစားတွေ ဗီရိုထဲ ထည့်သိမ်းမထား နဲ့ ကိုဘုန်း၊ ဝတ်ဖို့ ဝယ်ပေးတာ ဝတ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဝတ်ပါတယ် အခရာရဲ့"

"ဘာဝတ်တာလဲ ကိုဘုန်း ကြည့်လိုက်ရင် စွပ်ကျယ်ချိုင်းပြတ်နဲ့ ပုဆိုးတိုတိုနဲ့ချည်းပဲ၊ မရဘူး နောက်နေ့တွေကျရင် အခရာ ဝယ်ပေးတာတွေ ထုတ်ဝတ်တော့"

ဖခင်ဖြစ်သူက သူမဘက်ပါနေတော့ အခရာ သူ့ကို ကောင်းကောင်းကြီး လက်ချာတွေ ရိုက်နေသည်။

"အိမ်မှာနေရင်း ဝတ်ရမှာ နမျောလို့ပါ အခရာရဲ့"

"မပူနဲ့ နေ့တိုင်း ကိုဘုန်းကို အခရာ အပြင်ခေါ်သွားမယ် ဒါမှ အတွေ့အကြုံ စုံလင်လာမှာ၊ ဒီနေ့ခေတ် လူငယ်တွေရဲ့ စတိုင်တွေ ကိုဘုန်း မြင်သိလာမှ ဖြစ်မှာ၊ နော် ဒယ်ဒီ"

"သမီးက နေ့တိုင်း အပြင်ထွက်ချင်နေတာနဲ့ အကြောင်းပြနေပြီ ထင်တယ်"

"အာ မဟုတ်ပါဘူး၊ ကိုဘုန်းကို လည်လည်ပတ်ပတ် ရှိအောင် သမီးက ပြောတာပါနော်"

"ဟား ဟား ဟုတ်ပါပြီကွာ၊ သမီး ဘယ်သွားသွား မောင်ဘုန်းကို ခေါ်သွားပေါ့"

ဖခင်ထံမှ ခွင့်ပြုချက်ရတော့ အခရာ မျက်နှာလေး ဝင်းပကြည်လင်သွားသည်။





အခရာ ရည်ရွယ်ချက်က ဘာလဲ။ မင်းဆက်တိုင်းနှင့် အမြဲဆုံဖို့ သူ့ကို ခုတုံး လုပ်နေတာလား မသိ။

အခရာရယ်

မင်းလေး အလိုဆန္ဒ မှန်သမျှ ကိုယ်က ဖြည့်ဆည်းပေးရမယ့်သူတစ်ယောက်ပါပဲ။ ကိုယ် ပန်ဆင်ခွင့် မရတဲ့ ပန်းကလေး ထိုက်တန်သူရဲ့ လက်ထဲမှာ သင်းပျံ့မယ်ဆိုရင် ကိုယ် ကျေနပ်နိုင်ပါတယ်။

မင်းဆက်တိုင်းရဲ့ ရင်ထဲကိုတော့ ကိုယ် မြင်ကြည့်ချင်ပါသေးတယ်။ အခရာ ဆိုတဲ့ ပန်းကလေးကို တကယ် မြတ်နိုးပန်ဆင်မယ့်သူဆိုခဲ့ရင်တော့

ဝမ်းမြောက် ကြည်ဖြူစွာနဲ့ ကိုယ် ကြည်ဖြူပေးနိုင်ပါတယ်။ အဲဒါ မင်းလေးကို တန်ဖိုးထားတဲ့ ကိုယ့်ရင်ထဲက ချစ်ခြင်းတရားပါပဲ။

အခရာ သိနိုင်ပါစေတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟဲလို"

"အခရာ လား"

အခရာတောင် ဘာမှမပြောရသေး။ မင်းဆက်တိုင်းရဲ့ အသံကို ကြားလိုက်ရတာနဲ့ ရင်ထဲမှာ လှိုက်ခနဲ ခုန်သွားမိသည်။

"အခရာ အခရာ ဟုတ်ပါတယ်နော်"

"ဪ ဟုတ်ပါတယ် မင်းဆက်ရဲ့ အခရာပါ"

"ဝမ်းသာလိုက်တာ အခရာရယ်၊ မနေ့ကတည်းက အခရာရဲ့ ဖုန်းကို ကိုယ် မျှော်နေတာ"

အခရာရဲ့ ဖုန်းကို မျှော်နေသည်တဲ့။ တကယ်ပဲလား မင်းဆက်ရယ်။ ရှိုးပွဲနေ့က မင်းဆက် ပေးလိုက်သည့် ဖုန်းနံပါတ်လေးကို အခရာ





အလွတ်ရပြီး၊ ဖြစ်ပေမယ့် ဆက်သွယ်ဖို့အတွက် ချိတုံချတုံ ဖြစ်နေခဲ့သည်။

"အခရာ တစ်ခုခု ပြောဦးလေ"

"ဟို အဲ ဘာပြောရမလဲ အခရာ အခု သတိရလို့ ဆက်လိုက်တာပါ မင်းဆက်"

"အခရာ ယုံမလား။ ရှိုးပွဲက ပြန်တဲ့ညကတည်းက အခရာရဲ့ ဖုန်းကို မျှော်နေခဲ့တာ၊ မနေ့ကလည်း တစ်နေ့လုံး ဒီနေ့လယ်ကျမှ အခရာရဲ့ ဖုန်းခေါ်သံကို ကြားရတယ်၊ အခု ကိုယ် အခရာကို ပေးထားတဲ့ ဖုန်းနံပါတ်က ကိုယ့်ရဲ့ သီးသန့်ဖုန်းနံပါတ်လေ"

"သီးသန့် ဖုန်းနံပါတ် ဟုတ်လား"

"ဟုတ်တယ် တခြား ဖုန်းတွေဆက်ရင် အခရာ ကိုယ်နဲ့ တိုက်ရိုက် စကားပြောခွင့် ရမှာ မဟုတ်ဘူး။ ကိုယ့်ရဲ့ မန်နေဂျာ ကိုလှမြင့်ဆီ ရောက်သွားမှာ"

အခရာကို အလေးထားတဲ့ သဘောလို့ မင်းဆက်တိုင်း ဆိုလိုနေတာလား။ ဘာပဲဖြစ်ဖြစ် သူ့ စကားအတွက် အခရာ ကျေနပ်မှုလေးတွေ ဝေပြာနေရတာတော့ သေချာသည်။

"အခရာ အဲဒီညက အခရာ ပေးတဲ့ လက်ပတ်လေးအတွက် ကိုကို ကျေးဇူးတင်ပါတယ်၊ ကိုယ် အမှတ်တရ သိမ်းထားမယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ ညြို့နေ အခွေမှာ သရုပ်ဆောင် ဖြစ်ရင်လည်း အဲဒါလေးကို ဝတ်ထားပြီး သရုပ်ဆောင်မှာ''

မင်းဆက်တိုင်း စကားတွေတိုင်းမှာ အခရာ ရင်ခုန်သံတွေကို ကျေနပ်ကြည်နူးခြင်း တဖြိုဖြိုမှ စီးမျောစေသည်။

''အခရာ ဘာမှမပြောတော့ဘူးလား''

''ဟို ဘာပြောရမှန်း မသိဘူး''

''တစ်ခုခုတော့ ပြောကွာ၊ အခရာ အသံလေးကို ကိုယ်ကြားချင်တာ''

သူ တောင်းဆိုမှ အခရာ ဘာပြောရမှန်းမသိ ဖြစ်မိသည်။ သူ့ကို ဖုန်းဆက်စဉ်က အခရာ မျှော်လင့်မိတာ သူ့ရဲ့ အသိအမှတ်ပြု စကားသံလေးပဲ ဖြစ်သည်။

အခုတော့ သူ့ဆီက အခရာ မျှော်လင့်ထားသည်ထက် ပိုပြီး ကို ရရှိနေတာ အခရာ အံ့ဩမိတာ အမှန်။

''အခရာ ကျေးဇူးတင်တယ်၊ အရမ်း ဝမ်းသာပါတယ်''

''ဘာကိုပြောတာလဲ အခရာ''

''ဪ အခရာကို မင်းဆက် အသိအမှတ်ပြု အလေးထား ပေးတဲ့အတွက်ပါ၊ အခရာ မယုံနိုင်အောင်ပဲ''

''ကိုယ်ကလည်း ကံကြမ္မာကို ကျေးဇူးတင်နေတာပါ အခရာနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ခွင့် ပေးလို့ပေါ့''

သူ့ရဲ့ သိမ်မွေ့လွန်းသော စကားတွေထဲမှာ အခရာ ကျေနပ်သုံးကြည်နေမိတာ မှားယွင်းနေခဲ့သည်လား။

အခုချိန်မှာ မဝေခွဲတတ်သေးတာ အမှန်။ မင်းဆက်တိုင်းလို အိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေသူက အခရာကိုမှ အလေးထားသည်ဆိုတော့

''အခရာ အခု ကိုယ့်ရဲ့ ဖုန်းမှာ ပေါ်နေတဲ့ အခရာ့ရဲ့ ဖုန်းနံပါတ်လေးကို ကိုယ် မှတ်ထားလိုက်မယ်နော်''

''အင်း အခရာ ဖုန်းချလိုက်ပြီနော်''

''အခရာ ကိုယ်နေ့တိုင်း ဖုန်းဆက်မယ်နော်''

''အခရာ မျှော်နေပါ့မယ် မင်းဆက်''

ဟင်းနဲ့ဖုန်းလေးကို အခရာ ကြည်နူးစွာ ပိတ်လိုက်သည်။ ကြည်နူးရိပ်လေး ဖြာဝေလျက် ခေါင်းအမော့မှာ အခရာကို ရပ်ကြည့်နေသော ကိုဘုန်းကို မြင်လိုက်သည်။

''ကိုဘုန်း''

''ပြောလေ အခရာ ဘယ်သွားချင်လို့လဲ၊ ဘာလုပ်ချင်လဲ''

အခရာ ခေါင်းကလေး ခါရမ်းကာ နွေးနွေးလေး ပြုံးသည်။

''ဟင့်အင်း ဘယ်မှမသွားပါဘူး။ ကိုဘုန်း လုပ်စရာရှိတာ







www.burmeseclassic.com

www.burmeseclassic.com



လှပ်၊ သွားချင်တာ သွား။ အခရာ ဒီနေ့ ဘယ်မှမသွားချင်ဘူး။ အိမ်မှာပဲ ရှိမယ်''

လက်ထဲက ဟင်းနှံဖုန်းလေးကို အခရာ စားပွဲပေါ် လှမ်းတင်ကာ တီဗွီစင်လေးဆီ လှမ်းသွားသည်။

ဘုန်းလက်ညှာ ပင့်သက်ရှိုက် ငြိမ်ထဲဆင်းခဲ့သည်။

အခရာ ဖုန်းဆက်နေကတည်းက သူ ရောက်နေခဲ့တာ ဖြစ်သည်။ မင်းဆက်တိုင်းနှင့် အပြန်အလှန် ပြောနေတာ အကုန်လည်း သူ ကြားပါသည်။

သူ ရောက်နေတာကို မမြင်ဘဲ အခရာ ကြည်နူးနေတာ မြင်တော့ သူ့ရင်ထဲမှာ ခံစားရသည်။

''မှ x x တို့နှစ်ယောက်အချစ်က ဒဏ္ဍာရီဆန်လွန်းတယ် x x နှလုံးသားက ချစ်ခြင်းတို့က ထာဝစဉ် နိုင်မြဲတယ် x x ရာဇဝင်တွင်တဲ့ အချစ်တွေနဲ့ ယှဉ်ပြိုင်ဦးမလား x x နှလုံးသားက မှတ်ကျောက်တင်ခဲ့ ရဲ့တယ် x x အို x x အချစ်ရယ် x x ဒဏ္ဍာရီဆန်တဲ့ အချစ်များ x x ဒဏ္ဍာရီဆန်တဲ့ အချစ်''

အိမ်ထဲက လွင့်ပျံ့လာသော သီချင်းသံက သူ့ရင်ထဲအထိ တိုးခတ် ဝင်ရောက်လာသည်။

မင်းဆက်တိုင်းရဲ့ သီချင်းသံ။ အခရာရယ် မင်းရင်ထဲမှာ





ဘွယ်ငြိနေတာ မင်းဆက်တိုင်းရဲ့ သီချင်းသံလား။ ဒါမှမဟုတ် မင်းဆက်တိုင်း ကိုယ်တိုင်ပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တီ တီ"

ကားဟွန်းသံကြောင့် နှင်းဆီပင်တွေကို ဂရုတစိုက် ပြုပြင်နေသော ဘုန်းလက်ညာ လှည့်ကြည့်မိသည်။

မာစီးဒီး ကားနက်ကြီးပေါ်မှ ပထမဆုံး ဆင်းလာသူက ဦးမင်းဝေခိုင် ဖြစ်သည်။ ဦးမင်းဝေခိုင်က ကားရှေ့မှ ပတ်လျှောက်ကာ ရှေ့ခန်းတံခါးကို သွားဖွင့်ပေးသည်။

ကားထဲမှ ထွက်လာသည့် မိန်းမပျိုတစ်ယောက်၏ လက်တစ်ဖက်ကို ဦးမင်းဝေခိုင်က လှမ်းတွဲကာ ဖေးမထိန်း၍ ကားပေါ်က ဆင်းစေသည်။

ထံနွယ်အခွေအလိပ်တွေကို အညိုရောင် သေးခြယ်ထားသည့်





မိန်းမပျို မျက်နှာက ရွှင်ပြုံးလျက် ခန့်ညားထည်ဝါသော တိုက်ကြီးကို အကဲခတ်သလို ဝေ့ဝဲကြည့်သည်။

ဘုန်းလက်ညာ မင်သက်စွာ ငေးကြည့်နေမိသည်။

အသက်က သုံးဆယ်ကျော်ခန့် ရှိပြီဟု ခန့်မှန်းနိုင်ပေမယ့် ဝတ်စားဆင်ယင်ထားပုံက ဆယ်ကျော်သက် မိန်းကလေး တစ်ယောက်လို ဆတ်ဆန်လွန်းသည် ထင်သည်။

အနီရဲရဲ ဝံလည်ဟိုက် လက်တိုအကျီကို အနီရောင် ပြောင်ထဘီနှင့် တွဲဖက်ဝတ်ဆင်ထားသည်။ ခန္ဓာကိုယ် အလှကို ပေါ်လွင်စေသော ဝတ်စားဆင်ယင်မှုကြောင့် ဘုန်းလက်ညာ ချက်ချင်း ပြန်အကြည့်လွှဲမိသည်။

ဦးမင်းဝေခိုင်နှင့် ဘယ်လို ပတ်သက် ဆက်နွယ်နေသည်လဲ ဆိုသည်။ စိတ်ထွေအဆင့်ထက်တော့ ပိုမိုမှာ သေချာသည်။

စိတ်အာရုံကို နှင်းဆီပန်းပင်တွေဆီမှာပဲ ဘုန်းလက်ညာ အာရုံပြုထားမိကိုက် စူးခနဲ သင်းပျံ့သော ရေမွှေးရနံ့က နှာဝကို ထုံအီစွာ တိုးဝင်လာသည်။

"မောင်ဘုန်း သမီးကောကွ"

ဦးမင်းဝေခိုင် အသံကို ကြားမှ သူ မော့ကြည့်မိသည်။ ဦးမင်းဝေခိုင်နှင့်အတူ ယှဉ်တွဲရပ်ရင်း သူ့ကို အကဲခတ်ကြည့်နေသော အမျိုး

သမီး၊ မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရသည်။

"ရှိတယ် ဦး။ အိမ်ထဲမှာပါ"

"ခြော် အေး မောင်ဘုန်း မင်းလည်း အိမ်ထဲ လာဦး၊"

"ဟုတ်ကဲ့ ဦး။ ကျွန်တော် အခုပဲ လိုက်ခဲ့ပါ့မယ် ခင်ဗျာ"

ခြံထဲမှ ရေဘုံဘိုင်ဆီသွားကာ သူ ခြေလက်တို့ကို ဆေးကြော သန့်စင်ဖို့ ထွက်ခဲ့ချိန်အထိ အမျိုးသမီး အကြည့်တွေက သူ့ကို အကဲခတ် ကြည့်နေခဲ့၏။

တကယ်ဆို အသက်သုံးဆယ်ကျော် မိန်းမတစ်ဦးရဲ့ အလှသည် ရင့်ကျက်မှုနှင့် တည်ငြိမ်သင့်သည်ဟု သူ ထင်ပါသည်။

အခုတော့ ထိုမိန်းမပျိုက ကာလာရောင်စုံတွေနှင့် လှသထက် လှပအောင် ပြင်ဆင်ထားသည်။

ညှို့ဓာတ်အပြည့်ပါသော မျက်ဝန်းတွေကတော့ ယောက်ျား တစ်ယောက်ကို အချိန်မရွေး ညှို့ယူဖို့ အသင့် ဖြစ်နေဟန် ရှိသည်။

ဦးမင်းဝေခိုင့် ကိုယ်တိုင် အိမ်အထိ ခေါ်ဆောင်လာပုံထောက် လျှင် အခြေအနေကို သူ အကဲခတ်နိုင်ပါသည်။

အသက် ငါးဆယ်နားနီးပြီဖြစ်သော မုဆိုးဖို တစ်ယောက် ဆိုပေမယ့် ဦးမင်းဝေခိုင်သည် အသက်အရွယ်နှင့်မလိုက်အောင် နုပျို ရှိတာတွေ့ အမှန်။





သမီးအတွက် ဘဝကို စီးပွားရေးလုပ်ငန်းထဲမှာ နှစ်မြှုပ်ထား ခဲ့သော ဦးမင်းဝေခိုင်ကိုတော့ သူ နားလည် စာနာနိုင်ပါသည်။ ဒါပေမဲ့ ဒီအမျိုးသမီးကိုတော့ သူ သိပ်ပြီး သဘောမကျချင်ပါ။

"သမီးအကြောင်းကို ကိုကြီးက အမြဲပြောပါတယ် အဟင်း ဒါကြောင့် လူမမြင်ခင်ကတည်းက တို့က ခင်မင်နေတာပါ"

"ဟုတ်လား အခုရောကတော့ ကိုယ်နဲ့ တစ်ခါမှ မဆုံဘူး မသိတဲ့ သူကို မခင်မင်တတ်ဘူး"

ညှော်ခန်းတံခါးဝ ရောက်ရုံပဲ ရှိသေးသည်။ အခုရာရဲ့ အသံကို သူ ကြားလိုက်ရသည်။

ဦးမင်းဝေခိုင်ကော ညှော်သည့် အမျိုးသမီးပါ မျက်စိမျက်နှာ ပျက်သွားတာကို သူ မြင်လိုက်ပါသည်။

"အဟင်း အဲဒါပဲ့ ကြည့်တော့ ဝတ်ရည်ရဲ့ သမီးက နည်းနည်း ဆိုးတယ်လို့ ကိုယ် ပြောတာပေါ့"

"သမီးက ဘာဆိုးလို့လဲ ဒယ်ဒီ၊ စိတ်ထဲရှိတဲ့အတိုင်း ပြောတာ ပါ သူများတွေလို ဟန်မဆောင်တတ်ဘူး"

အခုရာကတော့ တကယ့် ဘုတွေချည်း ပြောနေသည်။ ဦးမင်း ဝေခိုင် အားတုံ့အားနာ ဖြစ်နေသလို ဝတ်ရည်ဆိုသော အမျိုးသမီး ကတော့ကားလည်း ရဲရဲနီနေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟော မောင်ဘုန်း၊ လာလေကွာ၊ ထိုင်ဦး''

သူ့ကို မြင်လိုက်မှ ဦးမင်းဝေခိုင် ထွက်ပေါက်တွေ့သွားသည့်

လှမ်းခေါ်သည်။ သူ ဧည့်ခန်းထိုင်ခုံလွတ်မှာ ဝင်ထိုင်လိုက်ချိန်အထိ

အခရာ မျက်နှာ အလိုမကျ တွန့်ကုတ်နေဆဲ။

''မောင်ဘုန်းကိုလည်း မိတ်ဆက်ပေးရဦးမယ်ကွာ၊ ဒါ ဝတ်ရည်

တဲ့ ဝတ်ရည် သူက မောင်ဘုန်းလက်ညာ''

''ဟုတ်ကဲ့ ခင်ဗျာ တွေ့ရတာ ဝမ်းသာပါတယ်''

သူ အလိုက်အထိုက် နှုတ်ဆက်တော့ အခရာ နှုတ်ခမ်းလေး

တွန့်ကာ မျက်နှာကို မဲ့သည်။

''မောင်ဘုန်းက ကိုယ့်မိတ်ဆွေရဲ့သား တစ်ယောက်ပဲ ဝတ်ရည်

သူ့မိဘတွေ မရှိကတည်းက ကိုယ့် အိမ်ရောက်နေတာပေါ့၊ သမီးအတွက်

လည်း အစောင့်အရှောက် ရတာပေါ့''

''အင်း အိမ်အတွက် ကူဖော်လောင်ဖက် ရတယ်ဆိုရင် မဆိုး

ဘူး ကိုကြီး''

''မောင်ဘုန်းက ရိုးသား ကြိုးစားပြီး မိသားစု စိတ်ဓာတ်ရှိသ

ဝတ်ရည် နောက်တော့ သိလာမှာပါကွာ၊ ကဲ ဝတ်ရည် ကိုယ်တို့ မိသား

တွေ ဒီမနက်စာ စုံစုံညီညီ ထမင်းစားကြရအောင်နော်''

ဦးမင်းဝေခိုင် တစ်ယောက် ဝတ်ရည်ဆိုသော အမျိုးသမီးနှ





ဧည့်မှုထိ ပတ်သက်နေသည်ဆိုတာကို သူ သဘောပေါက်လိုက်ပါသည်။

အခရာကတော့ မျက်နှာကလေး ပုပ်ပုပ်စူစူနေပြီ။

''သမီး ဖေဖေတို့ စုံစုံညီညီ ထမင်းစားကြရအောင်''

''သမီး မစားသေးဘူး ဖေဖေ''

''ဆာသလောက် စားပါလား သမီးရယ် ဖေဖေက''

''စိတ်မကောင်းပါဘူး ဖေဖေ၊ တစ်လုပ် တစ်ဆုပ်တောင် စားလို့

ဝင်မှာ မဟုတ်တာ သေချာပါတယ်၊ ကဲ ကိုဘုန်း အခရာကို လိုက်ပို့

ပေးစမ်းပါ''

အခရာက သူ့ဘက်ကို လှည့်ပြောကာ ထရပ်သည်မို့ သူ

ဦးမင်းဝေခိုင်ကို လှည့်ကြည့်မိသည်။

''သမီးက ဘယ်သွားမလို့လဲ''

''ဒီနေ့ စပယ်နဲ့ ချိန်းထားလို့ ဖေဖေ၊ ညနေလောက်မှ ပြန်ဖြစ်

မယ်၊ ခဏလေးစောင့် ကိုဘုန်း အခရာ အဝတ်အစား သွားလဲလိုက်ဦး

မယ်''

စကားအဆုံးမှာ အခရာ ဧည့်ခန်းထဲက ထွက်ခွာသွားခဲ့သည်။

သူကတော့ ထိုင်ခုံမှာပဲ ဆက်ထိုင်ရမလို ထရမလို ဖြစ်နေသည်။

''ကိုကြီး သမီးက ရိုင်းစိုင်းလိုက်တာ''

ဝတ်ရည် မျက်နှာလေး ရဲရဲနီလျက် မကျေမနပ် ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဝေခိုင် မျက်စိမျက်နှာပျက်ကာ ကသောကမျော တောင်းပန်သည်။

"သမီးက ရုတ်တရက်မို့ လက်ခံရခက်ခဲနေတာပါ ဝတ်ရည်ရယ် ကိုကြီး တောင်းပန်ပါတယ်"

"အင်းလေ ကိုကြီးရဲ့ သမီးဆိုတော့ ဝတ်ရည် သည်းခံရမှာပေါ့ ဒါပေမဲ့ မိထွေးဆိုတဲ့ အမြင်ကြီးနဲ့ တိုက်ခိုက်လာတာမျိုးတော့ ဝတ်ရည် လက်မခံနိုင်ဘူးနော်"

"အင်း အင်းပါ ဝတ်ရည်ရယ်၊ မောင်ဘုန်း သမီးကို မင်း လိုက်ပို့လိုက်ပါကွာ"

"ဟုတ်ကဲ့ ဦး"

ဘုန်းလက်ညှာ ခေါင်းညိတ်ကာ ထွက်ခဲ့သည်။ ဦးမင်းဝေခိုင် တစ်ယောက် ဝတ်ရည်ကို ချော့မော့ကာ တံသောက်ခန်းဘက် ခေါ်သွား တာကို မြင်လိုက်သည်။

သူ ပင့်သက်ရှိုက်မိသည်။ ဒီအဖေနှင့် ဒီသမီးကြားမှာ ဝတ်ရည် ဆိုသော မိန်းမက ဝင်ရောက်လာပြီဆိုတာ သေချာနေပြီ။

အခရာကတော့ ခါးခါးသီးသီး ဆက်ဆံပြနေတာ အထင်အရှား ဘာတွေ ဆက်ဖြစ်လာဦးမည် မသိ။

■ ■ ■





သူငယ်ချင်းဆီ သွားမည်ဆိုသော အခရာကို သူ လိုက်ပို့ပေးရ သည်က အခရာ စိတ်ကူးပေါက်ရာအတိုင်း ကားကို လိုက်မောင်းပေးရ ခြင်းသာ ဖြစ်သည်။

အိမ်မှ ထွက်ကတည်းက အခရာ သူ့ကို ဆူပူလာတာ ဖြစ် သည်။

"ကိုဘုန်းက ဘာကြောင့် ဒီမိန်းမကို အရေးတယူ မိတ်ဆက် အသိအမှတ်ပြုနေရတာလဲ၊ အခရာတော့ လုံးဝ ကြည့်မရပါဘူး"

"ဪ အခရာရယ် ဦးက မိတ်ဆက်ပေးနေတော့ ကိုယ်လည်း အထိုက်အထိုက်တော့ ပြောဆို ဆက်ဆံရမှာပေါ့"

"ဟင့်အင်း အခရာတော့ ဒီမိန်းမပုံစံကို လုံးဝ သဘောမကျ ဘူး။ ဒယ်ဒီနဲ့ ဘယ်ကအွယ်လို တွေ့လာတာလဲ မသိပါဘူး"

အခရာကတော့ မကျေနပ်ချက်ကို တစ်လမ်းလုံး ရင်ဖွင့်လာ သည်။ ခေါ်ဝတ်ရည်ဟုသာ ခေါ်တပ်ခေါ်ရပေမယ့် ထိုမိန်းမရဲ့ အသက်က အကြီးကြီးတော့ မဟုတ်ပါ။

သူ့ထက် အလွန်ဆုံးကြီးလျှင် ငါးနှစ်ခြောက်နှစ်။ အခရာ ထက်တော့ ရှစ်နှစ်လောက်ပဲ ကြီးမည် ထင်သည်။

"ဒယ်ဒီက ဒီမိန်းမကို ဘာလို့ အိမ်ခေါ်လာရတာလဲ မသိဘူး"

အခရာ မျက်မှောင်လေး တွန့်ကာ ရေရွတ်သည်။ သူ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းဝင်မပြောဘဲ ငြိမ်သက်နေမိတော့

"ကိုဘုန်းကို မေးနေတာ"

"ဟင် အဲ ဒါတော့ ကိုယ်လည်း ဘယ်သိပါ့မလဲ အခရာရဲ့"

မိသားစု အရေးကိစ္စမို့ သူ တမင်ပဲ ခေါင်းရှောင်ဖြေမိသည်။ တကယ်ဆို မေးစရာ မလိုသည့် ကိစ္စ ထင်သည်။ ဘယ်မိန်းမကို အိမ်အထိ ခေါ်မလာဘူးသော ဦးမင်းဝေနိုင် ခေါ်ဝတ်ရည်ကို ခေါ်လာပြီးတော့ အားလုံးနှင့် မိတ်ဆက်ပေးသည်။

မိသားစု စုံညီစွာ လက်ဆုံထမင်း စားကြမည်ဆိုမှတော့ အခရာလည်း ခန့်မှန်းတတ်မှာပါ။

"ကိုဘုန်းကလည်း တုံးလိုက်တာ၊ အခရာ အထင်တော့ ဒယ်ဒီက ဒီမိန်းမကို ယူမလို့ ထင်တယ်"

"အင်း ကိုယ်လည်း အခရာ ထင်သလိုပါပဲ"

"ကိုဘုန်း သဘောတူသလား"

"အဲ မသိဘူးလေ၊ ဒါ ဘယ်လိုပြောမလဲ ဦးရဲ့ကိစ္စလို့ ထင်တယ်"

"ဟင့်အင်း အခရာတော့ လုံးဝ သဘောမတူဘူး။ ဒီမိန်းမကို ဒယ်ဒီ ယူမယ်ဆိုရင် အခရာ လုံးဝ လက်မခံဘူး"

အခရာကတော့ တကယ့်ကို ခါးခါးသီးသီး ငြင်းနေသည်





သူ့မှာသာ ဝင်မစွက်သင့်သော ကိစ္စမို့ ငြိမ်သက်နေမိဆဲ။

"ဒီမိန်းမ မျက်လုံးတွေကို အခရာ လုံးဝ မကြိုက်ဘူး။ ပြီးတော့ အခရာထက် အလွန်ဆုံးကြီး ရှစ်နှစ် ကိုးနှစ်ပေါ့၊ ဒယ်ဒီက သူ့ကို အခရာရဲ့ မိခင်အဖြစ် သတ်မှတ်မိုင်းတာဆိုရင် အခရာ လုံးဝ လက်မခံနိုင်ဘူး"

အခရာ စကားချက်တွေနှင့် ပြောသမျှ ခေါင်းညိတ်ရင်း ဦးတည်ရာမဲ့ မောင်းလာသော ကားလေးက မြို့ထဲကိုတောင် ရောက်လာပြီမို့

"အခရာ ဘယ်ဆက်မောင်းရမလဲ ပြောဦးလေ"

သူ ပြောမှ အခရာ ပတ်ဝန်းကျင်ကို သတိရသွားပုံနှင့် ဝေ့ဝဲကြည့်သည်။

"တမင် ဒယ်ဒီကို စိတ်တိုလို့ ထွက်လာတာ၊ ဘယ်မှ သွားစရာတော့ မရှိပါဘူး။ အခု တစ်ခုခု စားရအောင် ဆိုင်တစ်ဆိုင်သာ မောင်းတော့ ကိုဘုန်း"

အခရာ အမိန့်အတိုင်း သူ နာခံလိုက်ရပါသည်။

ထိုနေ့တစ်နေ့လုံး အခရာ စိတ်တိုင်းကျနေ့လေး အဖြစ် သူ ဖန်တီးပေးခဲ့ရပါသည်။

ပန်းခြံထဲကိုလည်း ရောက်သည်။ အခရာက ကလေးတစ်ယောက်လို ဂိမ်းတွေလည်း ကစားသည်။ စားချင်သည့် အစားအစာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝင်စားသည်။

ဒေါ်ဝတ်ရည်နှင့် မျက်နှာချင်း မဆိုင်ချင်သော အခရာ သေ့

အတိုင်း သူ ညနေစောင်းမှပဲ အခရာကို ပြန်ပို့ပေးဖြစ်သည်။

"ဆရာကြီး စောစောကပဲ ပြန်သွားတယ်၊ ညှော်သည်ကို ပြန်

လိုက်ပို့ပေးတာတဲ့"

ဒေါ်မြကြ ဆီးကြိုကာ ပြောသည်။ အခရာက နားမထောင်သ

နှာခေါင်းရှုံ့ကာ အခန်းထဲ ဝင်သွား၏။

"အခရာလေး စိတ်ဆိုးနေတာလား"

"ဟုတ်တယ် ဒေါ်မြ ဦးနဲ့ပါလာတဲ့ ဒေါ်ဝတ်ရည်ကို သဘော

မကျဘူးတဲ့၊ အခုလည်း တမင်လျှောက်သွားသမျှ ကျွန်တော် လိုက်ပို့

ပေးနေရတာ"

"အင်း ဒီအမျိုးသမီးကို ဒေါ်မြလည်း သဘောမကျပါဘူး

ကွယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ၊ အရေးကြီးတာ ဆရာကြီးရဲ့ ဆုံးဖြတ်

ချက်ပဲ"

သည်အိမ်ကြီးရဲ့ အိမ်တွင်းရေးကိစ္စဆိုတော့ ဒေါ်မြတောင်

စိတ်ဆင်းရဲနေရပြီ။

သူ ပင့်သက်မောကိုပဲ ချမိသည်။

အခရာကိုလည်း နားလည်ပါသည်။ ဒါပေမဲ့ ဒီကိစ္စက ဒေါ်မြ





ပြောသလို ဦးမင်းဝေနိုင် ဆုံးဖြတ်ချက်က အဓိက။

သူတို့က ဘာမှ ဝင်စွက်လို့ မရတော့လည်း. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မောင်ဘုန်း မနေ့က မင်းကို သမီး ဘာတွေပြောသေးလဲ"

ဦးမင်းဝေခိုင် မေးလာတော့ သူ ဘာပြောရမည် မသိ။ မယ်
ညာချင်ပေမယ့်လည်း သူ နာစေးနေလိုက်တာ အကောင်းဆုံး ထင်မိတာ

"ဘာမှမပြောပါဘူး ဦး။ သူ့သူငယ်ချင်းအိမ်မှာပဲ တစ်နေ့လုံး
ရှိနေတာပါ"

ဦးမင်းဝေခိုင် တိတ်ဆိတ်စွာနှင့်ပင် စားပွဲပေါ်က ကော်ဖီခွက်
ငေးစိုက်ကြည့်နေခဲ့သည်။ သူလည်း ဘာမှပြောစရာ မရှိတာမို့ ငြိမ်သ
စွာပဲ နေလိုက်သည်။

အတန်ကြာမှ ဦးမင်းဝေခိုင် ပင့်သက်မောကြီး တစ်ချက်ရှို
ရင်း





"မင်းကို ဦး အသိပေးစရာ ရှိတယ် မောင်ဘုန်း"

"ပြောပါဦး၊ ကျွန်တော် နားထောင်နေပါတယ်"

"အေးကွာ မနေ့က ဦးအိမ်ကို ခေါ်လာတဲ့ ဝတ်ရည်ကိစ္စပါ၊
အမှန်ပြောရရင် ဝတ်ရည်ကို ဦး လက်ထပ်ဖို့ ရည်ရွယ်ထားတယ်"

သူ့အတွက် ထူးဆန်းသော ကိစ္စတော့ မဟုတ်ပါ။ မနေ့ကတည်း
က သိခဲ့ပြီးသည့် ကိစ္စမို့ ဆက်နားထောင်နေမိသည်။

"ဝတ်ရည်ဆိုတာ ဦးရဲ့ ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်း
တစ်ယောက်ရဲ့ ညီမ တစ်ယောက်ပဲ၊ မိဘတွေ မရှိတော့ဘူး။ အစ်ကို
မိန်းကလေး တစ်ယောက်ပေါ့၊ ပြော
ရင် ဦးနဲ့ ရင်းနှီး ခင်မင်သွားပြီးတဲ့ နောက်ပိုင်းမှာ တစ်ယောက်နဲ့
တစ်ယောက် သံယောဇဉ် တွယ်သွားကြတယ် ဆိုပါတော့ကွာ"

ဦးမင်းဝေခိုင် ပြောပြသမျှ သူ နားထောင်နေရပေမယ့် စိတ်ထဲ
က သိချင်စိတ် ပြင်းပြနေတာ ဦးမင်းဝေခိုင်ရဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ
ဖြစ်သည်။

အခုရာဘက်က ခါးသီးစွာ လက်မခံနိုင်သော ကိစ္စကို ဦးမင်း
ဝေခိုင် ဘယ်လို ဆုံးဖြတ်မည်လဲ။

"ဦး ရည်ရွယ်ချက်က သမီးလေးနဲ့ ဝတ်ရည်ကို အကျွမ်းတဝင်
ဖြစ်စေချင်တယ်၊ ရင်းနှီးစေချင်တယ်၊ အမိရင်းချာ မဟုတ်ပေမယ့် ဝတ်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သမီးလေးအတွက် မိခင် တစ်ယောက် ဖြစ်စေချင်တယ် သမီးလေးဘက်ကလည်း ဝတ်ရည်ကို ချစ်ချစ်ခင်ခင် ရှိစေချင်တယ်''

''ဟင့်အင်း သမီး ဘယ်တော့မှ လက်မခံနိုင်ဘူး ဒယ်ဒီ''

ငြင်းဆိုသံနှင့်အတူ စားသောက်ခန်း တံခါးဝမှာ အခရာ မြင်လိုက်ရသည်။ ဦးမင်းဝေခိုင် မျက်နှာ ကွက်ခနဲ ပျက်သွားခဲ့သည်။

အခရာက စားပွဲဝိုင်းအထိ လျှောက်လာ၏။

''ထိုင်လေ သမီး ဒယ်ဒီတို့ ဒီကိစ္စကို ဆွေးနွေးကြရအောင်''

''ဟင့်အင်း ဆွေးနွေးဖို့ မလိုအပ်ဘူးထင်တယ် ဒယ်ဒီ၊ ဘာ လဲဆိုတော့ ဒယ်ဒီ အိမ်ထောင်ပြုမယ့်ကိစ္စကို သမီး လက်မခံလို့ပါ''

''မဟုတ်ဘူးလေ သမီးရဲ့၊ ဒယ်ဒီ ဆုံးဖြတ်ခဲ့တာ သမီးအတွက် လည်း ပါတယ်''

''သမီးအတွက် ဟုတ်လား ဒယ်ဒီ၊ မာမီ မဟုတ်တဲ့ မာမီ့နေရာ ကို အစားထိုးရမယ့် ကိစ္စကြီးကို သမီးအတွက် ဒယ်ဒီ ဆုံးဖြတ်ခဲ့တာ ရင် သမီး လက်မခံနိုင်ဘူး။ သမီးအတွက် အစားထိုးရမယ့် မာမီဆို ဘယ်တော့မှ မရှိစေရဘူး''

အခရာ မျက်ရည်လေးများ ဝဲကာ ခါးသီးစွာ ငြင်းဆို သည်။ သူကတော့ ဘာမှမပြောသာဘဲ သားအဖ နှစ်ယောက်ကြား ပွဲကြည့် ပရိသတ်အဖြစ်နှင့်သာ ရှိနေခဲ့သည်။





''သမီးရဲ့ မာမီ ဆုံးတော့ သမီးလေး အသက် တစ်ဆယ့်နှစ်နှစ် ပဲ ရှိသေးတယ်၊ ဒယ်ဒီ့ဘဝကို သမီးအတွက်ပဲ ပုံပေးခဲ့တာ သမီးသိပါ တယ်၊ အခု သမီးတောင် ဘွဲ့ရနေပါပြီကွယ်''

''ဒယ်ဒီ ဘာကိုဆိုလိုတာလဲ၊ သမီးအတွက် တာဝန်ကျေပြီမို့ ဒယ်ဒီအတွက်''

''ဟာ မဟုတ်ဘူး သမီး။ ဒယ်ဒီဆိုလိုတာ ဒယ်ဒီ အသက် အရွယ်လည်း ကြီးပါပြီ၊ သမီးကိုလည်း စိတ်ချလက်ချ ရှိစေချင်တယ်၊ ဝတ်ရည်က သမီးလေးကို မိခင်တစ်ယောက်လို လုံခြုံမှု ပေးနိုင်မှာပါ''

''တော်ပါတော့ ဒယ်ဒီ သမီး လိုချင်တာ ဒယ်ဒီ့ရဲ့ မေတ္တာ၊ ဒယ်ဒီ့ရဲ့ အချစ်တွေပဲ၊ တခြား ဘယ်သူ့စိတ်ကိုမှလည်း ခွဲဝေမပေးနိုင်ဘူး ဒယ်ဒီ၊ သမီး၊ ဒယ်ဒီ့ကိုပဲ တစ်ယောက်တည်း ချစ်ပါရစေ''

စကားအဆုံးမှာ အခရာ ကျောခိုင်းထွက်သွားခဲ့သည်။ ကော်ဖီ ခွက်မှာ ကျန်ရစ်ခဲ့သည်က သူနှင့်ဦးမင်းဝေခိုင်တို့ နှစ်ဦးသာ။

အေးစက်နေသည့် ကော်ဖီခွက်ကို ငေးကြည့်နေသော ဦးမင်း ဝေခိုင်ကို သူ ကြည့်ရင်း ရင်ထဲမှာ မောသွားရ၏။

မလွယ်ပါလား အခရာရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အခရာ ကိုယ်ပါ"

ဖုန်းလေးထဲမှာ ကြားလိုက်ရသော မင်းဆက်တိုင်း အသံကို မမှတ်မိစရာတော့ မရှိပါ။

"မင်းဆက်လား"

"ဟုတ်တယ် အခရာ ဖုန်းမဆက်ဖြစ်တာကို အရင်ဆုံး တောင်း ပန်ချင်တယ်၊ ကိုယ် နယ်ရှိုးပွဲတွေ ဆက်တိုက်သွားနေရလို့"

"အခရာ သိပါတယ်၊ ဂျာနယ်ထဲမှာ မင်းဆက် နယ်ရှိုးနဲ့ ထွက်သွားတာ ဖတ်ရပါတယ်၊ အခု ပြန်ရောက်လာပြီလား"

"မနေ့ညကပဲ ရောက်တယ် အခရာ၊ အတော်ညဉ့်နက်နေလို့





န်းမဆက်ဖြစ်တော့တာ၊ အခု အခရာကို ကိုယ် တွေ့ချင်လို့ ရှိုးပွဲမှာ က်ခဲ့တဲ့ မှတ်တမ်း ဓာတ်ပုံတွေလည်း လက်ဆောင်ပေးရင်းပေါ့"

မင်းဆက်တိုင်း စကားကြောင့် အခရာ ရင်ထဲမှာ ကျေနပ်စိတ် တွေ ဖြာဝေသွားခဲ့ရသည်။ သည်ရက်ပိုင်းတွေမှာ အခရာ အပြင် ည်း သိပ်မထွက်ဖြစ်ပါ။

ဒယ်ဒီ့ကိုလည်း စိတ်ဆိုး စိတ်ကောက်ကာ အခရာ အခန်း ာင်းနေဖြစ်တာက များသည်။

"အခရာ ဘယ်လိုလဲဟင်၊ အခရာကို တွေ့လို့ ရနိုင်မလား"

"အခရာအတွက် အဆင်ပြေပါတယ်၊ မင်းဆက်ဘက်က အ ဆင်ပြေနိုင်ပါ့မလား"

အခရာဆိုတော့ မင်းဆက်တိုင်း တဒင်္ဂတော့ တွေဝေသွားခဲ့၏။ ကြာမှ မင်းဆက်တိုင်း အသံကို ကြားသည်။

"အင်း အဆင်ပြေပါတယ်၊ အေးချမ်းတဲ့ ဆိုင်တစ်ဆိုင်မှာ တို့ ဆုံကြတာပေါ့နော်"

မင်းဆက်တိုင်း ရွေးချယ်သည့် ဆိုင်ကလေးကိုပဲ အခရာ ခေါင်း လိုက်ပါသည်။

"ကောင်းပြီ မင်းဆက်၊ နာရီဝက်အတွင်း အခရာ အရောက် ယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ညစ်ညူးနေသည့် စိတ်ကလေး ပြေကာ အခရာ ခုတင်ပေါ်က လူးလဲထလိုက်မိသည်။ ပြီးတော့ ကမျာကသီ အဝတ်အစားလဲလှယ်ကာ အခန်းထဲက ထွက်ခဲ့၏။

"ဒေါ်လေးမြ ကိုဘုန်းကောဟင်"

"အခုပဲ ထွက်သွားတယ်၊ ဆရာကြီးက အိမ်မှာ ကျန်ရစ်ခဲ့တဲ့ စာရင်းဖိုင်တွဲတွေ လာပို့နိုင်းလို့တဲ့"

အခရာ နှာခေါင်းလေး ရှုံ့သွားသည်။ ပြီးမှ စိတ်ထဲက ကျေ သွားမိပြန်သည်။ မင်းဆက်နှင့် တွေ့သည့်အချိန်မှာ ကိုဘုန်း နံဘေး ရှိနေတာတော့ မကောင်းပါ။

ကိုဘုန်း မရှိတာဘဲ ခပ်ကောင်းကောင်းပါပဲ။

"သမီးက ဘယ်သွားမလို့လဲ"

"အပြင်သွားမလို့ ဒေါ်လေးမြ၊ သူငယ်ချင်း တစ်ယော ချိန်းထားလို့လေ"

"ဒါဆို ခဏလေး စောင့်လိုက်ပါလား။ မောင်ဘုန်း သိပ်ကြာ မထင်ဘူး။ ပြန်လာမှာပါ"

"ဟင့်အင်း မစောင့်တော့ဘူး ဒေါ်လေးမြ၊ ကိုဘုန်း ပြန်လာ ပြောလိုက်ပါ၊ ဘာမှ မစိုးရိမ်ပါနဲ့လို့"

"နေဦးလေ သမီးရဲ့ မောင်ဘုန်း ကားယူသွားတာ သမီး





ဘယ်ကားနဲ့ သွားမှာမို့လဲ"

ဒေါ်မြ မေးတော့ အခရာ အပြုံးလေး ဝေ့ပြုံးရင်း

"ရပါတယ် တက္ကစီငှားသွားမှာပေါ့"

ဒေါ်မြ တားလို့ မရနိုင်မှန်း သိတာမို့ ဘာမှဆက်မပြောတော့ ဘဲ အခရာ ဆလင်းဘက်အိတ် အနက်လေးကို ဝှေ့ရမ်းထွက်သွားတာကို ငေးကြည့်ရင်း ကျန်ခဲ့ရှာသည်။

အခရာ သည်လို တစ်ယောက်ထဲ ထွက်သွားတာကို ဒယ်ဒီ သိလျှင် စိတ်ပူဦးမှာ သိပါသည်။ ကိုဘုန်းလည်း စိတ်ပူနိုင်၏။

ဒါပေမဲ့ အားလုံးကို အခရာ လျစ်လျူရှုပစ်လိုက်ပါသည်။

တက္ကစီငှားကာ မင်းဆက်တိုင်း ချိန်းဆိုသည့် ဆိုင်ကလေးဆီသို့ တစ်ယောက်တည်း ထွက်ခဲ့သည်။

အခရာ ဆိုင်လေးရှေ့ရောက်တော့ စားပွဲထိုး ချာတိတ်ကလေး တစ်ယောက် ပြေးထွက်လာကြိုရင်း

"မမက အခရာ မဟုတ်လား"

အခရာ ခေါင်းညိတ်ပြမိ၏။

"အဆိုတော် ကိုမင်းဆက်တိုင်းက အကြိုခိုင်းလို့ပါ ခင်ဗျာ၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ တေဘာယယ်လ် (၅)၊ သီးသန့်စားပွဲဝိုင်းမှာ ကိုမင်း ဆက်တိုင်း စောင့်နေပါတယ်"

အခရာ စားပွဲထိုး ချာတိတ်လေး ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့သည်။ သီးသန့်ခန်းလေးထဲ ရောက်တော့ မင်းဆက်တိုင်းကို အသင့် တွေ့လိုက်သည်။

"အခရာ လာလေ"

"စောင့်နေရတာ ကြာပြီလား။ မင်းဆက် တက္ကစီငှားရတာ နည်းနည်း ကြာနေလို့"

"ဟင် အခရာ ကားမပါဘူးပေါ့"

"မပါဘူး ရှိတဲ့နှစ်စီးလုံး အိမ်ကလူတွေ ယူသုံးသွားလို့ တက္ကစီ နဲ့ လာခဲ့တာ မင်းဆက်ရဲ့"

"အိုကေ ဒါဆို အပြန်ကျရင် ကိုယ်တိုင် ပြန်ပို့ပေးပါမယ် ထိုင် အခရာ၊ ဟင်းတွေတော့ စုံလင်အောင် မှာထားပါတယ်၊ အခရာ လိုတာထပ်မှာလေ"

စားပွဲပေါ်မှာ အသင့်ရှိနေသော ဟင်းလျာပွဲတွေကို ကြည့်ပြီး အခရာ တအံ့တဩလေး ဖြစ်နေတော့ မင်းဆက်တိုင်း ပြုံးသည်။

"အခရာက ကျွေးမွေးဧည့်ခံချင်လို့ ဆိုင်မှာ ကြိုမှာလိုက်တာ လေ၊ စားသောက်ရင်း စကားပြောကြရအောင်နော် အခရာ"

သီးသန့် အခန်းထဲမှာမို့ ထင်သည်။ မင်းဆက်တိုင်းက အတိုင်း ဘာမှ ရုပ်ဖျက်ပြင်ဆင်ထားခြင်း မရှိပါ။





မတိုမရှည် ဆံနွယ်တွေကို နောက်လှန် ဖီးသင်ထားတာမို့ ရှင်းသန့် ကြည်လင်နေသော မျက်နှာလေးက ဝင်းပနေသည်။ မျက်ခုံး စိမ်းစိမ်း နှာတံစင်းစင်းနှင့် အပြစ်ဆိုစရာ မရှိအောင် ချောမောသော မင်းဆက်တိုင်းကို ကြည့်ရင်း အခရာတောင် မနာလိုချင်သလို ဖြစ်မိသည်။

ရုပ်ရည်ရူပကာ ချောမောသလို အသံကလည်း ဖွဲ့ဆောင်နိုင်စွမ်း အပြည့်ရှိသည့် မင်းဆက်တိုင်းသည် ရွှေဘဝ ဆုတောင်း ပြည့်ခဲ့သည် သား။

တကယ်ဆို အခရာ ဘဝသည်လည်း လိုလေသေးမရှိ ပြည့်စုံ သည်။ ဒယ်ဒီက အခရာ လိုတိုင်းရအောင် ဖန်တီးပေးနိုင်သည်။ ဒါပေမဲ့ အခရာ မပိုင်ဆိုင်လိုသော အရာကိုတော့ ဒယ်ဒီ့ဆီက မရယူလိုပါ။

"အခရာ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် မင်းဆက်ရဲ့"

"အခရာ မျက်နှာ ညှိုးသွားသလားလို့"

အခရာရဲ့ အရိပ်ကို အကဲခတ်ကြည့်နိုင်စွမ်းသည့် မင်းဆက် ကို အခရာ အံ့ဩမိသည်။ ဒါ အခရာကို အလေးထား ဂရုစိုက်သည့် သဘောလား မင်းဆက်ရယ်။

"အခရာ နေကောင်းပါတယ်၊ အဲ စိတ်ထဲမှာ တစ်မျိုး ဖြစ်နေ တာ ဒယ်ဒီကိစ္စကို သတိရလိုက်လို့ပါ"

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အခရာ၊ ဟို ကိုယ် သိခွင့်ရှိမလားဟင်"

"ပြဿနာမရှိပါဘူး မင်းဆက်၊ အခရာ ပြောပြနိုင်ပါတယ်"

ရင်ထဲမှာ အလိုမကျသော ကိစ္စအတွက် အခရာ ရင်ဖွင့် ပြောပြမိသည်။ အခရာနှင့် ဒယ်ဒီတို့ ဘဝကို မင်းဆက်တိုင်၊ နားလည် အောင် ဝန်ခံပြောပြဖြစ်သည်။

"အဲဒါပဲ မင်းဆက် အခုတော့ ဒယ်ဒီက မိန်းမယူဖို့ အခရာ ပြောလာပြီ၊ အဲဒီ မိန်းမက အခရာထက် ရှစ်နှစ်လောက်ပဲ ကြီးတယ် အခရာ အနေနဲ့လည်း ဘယ်လိုမှ သဘောမကျတာ အမှန်ပဲလေ"

"အင်း ကိုယ် နားလည်ခံစားနိုင်ပါတယ် အခရာ၊ ကိုယ့် လည်း မိဘတွေ ရှိပေမယ့် အတူနေခွင့်ရတာ မဟုတ်ပါဘူး၊ ဒယ် မာမီက အမေရိကားမှာလေ"

"ဟင် ဟုတ်လား မင်းဆက်က ဘယ်သူနဲ့နေတာလဲ"

"ကိုယ့်ရဲ့ အဘွားနဲ့ပဲ နေခဲ့တာ၊ ဒယ်ဒီတို့က ကိုယ့်ကို ဟို အပြီးနေဖို့ ခေါ်ကြတယ်၊ ဒါပေမဲ့ အဘွားနဲ့ပဲ နေမယ်ဆိုပြီး ကို နေခဲ့တာ ကိုယ် ဆယ့်ငါးနှစ်သားကတည်းပေါ့"

"မင်းဆက် အဖေနဲ့အမေကို သတိမရဘူးလားဟင်"

"အင်း သတိတော့ ရပါတယ်၊ အရင်ကတော့ ကျောင်းပိတ် တွေဆို ဒယ်ဒီတို့ဆီ အမြဲရောက်တယ်၊ အခုတော့ မရောက်ဖြစ်





သလောက်ပဲလေ၊ ကိုယ် တက္ကသိုလ် ဒုတိယနှစ်ရောက်တော့ ဂီတ မှာ ဒီတွဲ အဆိုတော် တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တာ"

မင်းဆက်တိုင်၊ အကြောင်းတွေကို နားထောင်ရင်း နှစ်ယောက် သား စကားတွေ ပြောမဆုံး ဖြစ်ခဲ့ကြသည်။

တားသောက် စကားပြောကောင်းနေတုန်းမှာပဲ အခရာ ဟင်းနို နှုန်းလေးက ထမြည်သည်။

"ခဏလေးနော် မင်းဆက်"

မင်းဆက်တိုင်းကို ခွင့်တောင်းပြီး အခရာ အခန်းအပြင် ထွက် သာ ဖုန်းနားထောင်တော့မှ ကိုဘုန်းဆီက ဖြစ်နေသည်။

"အခရာ မင်းအခုဘယ်မှာလဲ၊ ကိုယ့်ကို ခဏလောက် စောင့်ပြီး သွားပါလားကွာ"

"မသိဘူးလေ ကိုဘုန်း ဘယ်အချိန် ပြန်ရောက်မယ်မှ မသိ ဘာ"

"ဒေါ်မြကို မှာခဲ့တာပဲ၊ ပြီးတော့ အခရာလည်း သွားစရာ ရှိရင် ကြိုပြောထားမယ် ထင်တာပေါ့"

"အခုကိစ္စက မထင်မှတ်ဘဲ ပေါ်လာတဲ့ ကိစ္စ ကိုဘုန်းရဲ့"

"ထားပါတော့ အခု ဘယ်မှာလဲ၊ အခရာကို ကိုယ် လာကြို မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုဘုန်း အခရာ အခု မင်းဆက်နဲ့ မနက်စာ စားနေတာ"

"ဘယ်သူ မင်းဆက်တိုင်း ဟုတ်လား"

တစ်ဖက်က ကိုဘုန်း တအံ့တသြ မေးသံကို အခရာ ကြား[illegible] သည်။ မင်းဆက်တိုင်းနှင့် အခရာ မနက်စာ စားနေသည်ဆို၍ အံ့ဩ[illegible] သွားတာ ဖြစ်နိုင်သည်။

"ဟုတ်တယ် မင်းဆက် ဖိတ်လို့ ဆိုင်မှာ မနက်စာ စားနေတာ[illegible] ပြန်ရင်လည်း သူ လိုက်ပို့ပေးမှာပါ ကိုဘုန်း စိတ်မပူနဲ့တော့ ဟုတ်လား"

ပြောပြီးသည်နှင့် အခရာ ဖုန်းလေးကို ပိတ်လိုက်သည်။ အခ[illegible] ထဲ ပြန်ရောက်တော့ မင်းဆက်ကို အားနာမိသေး၏။

"ဆောရီး မင်းဆက် အိမ်က စိုးရိမ်ပြီး ဖုန်းဆက်လို့"

"အခရာ ဒယ်ဒီ ဆီကလား"

"ဒယ်ဒီ မဟုတ်ပါဘူး။ ကိုဘုန်းလေ၊ ဘုန်းလက်ညာဆို[illegible] ပေါ့၊ မင်းဆက် ရှိုးပွဲတုန်းက လိုက်ပို့တဲ့သူပါ"

"သူက အခရာရဲ့ အစ်ကိုအရင်း မဟုတ်ဘူးနော်"

မင်းဆက် မေးခွန်းကြောင့် အခရာ မျက်နှာလေး ပင့်[illegible] မော့ကြည့်မိသည်။ မင်းဆက် မျက်ဝန်းတွေက အခရာကို စူးနစ်[illegible] ကြည့်နေသည်။





"ဟင့်အင်း အခရာနဲ့ ဘာမှမတော်ပါဘူး။ ဒယ်ဒီ့ရဲ့ ငယ်သူငယ်ချင်း သားလေ၊ မိဘတွေ ဆုံးတော့ ဒယ်ဒီက တာဝန်ယူ စောင့်ရှောက်ထားတဲ့ သဘောပေါ့၊ အခရာ ဘယ်သွားသွား ကိုဘုန်းက လိုက်စောင့်ရှောက်ပေးတာ မင်းဆက်ရဲ့"

မင်းဆက်တိုင်း တခဏ တိတ်ဆိတ်သွားကာ စားလက်စ ထမင်းပွဲကို ငုံ့စားနေသည်။

တိတ်ဆိတ်သွားသော မင်းဆက်တိုင်း ရင်ထဲကို အခရာ မြင်သိနေသလိုပါပဲ။

စိုးရိမ်လွန်သွားတာလား။ ဝန်တိုသွားတာလား မင်းဆက်ရယ်။ ဒီလို ရှင့်ရင်ထဲမှာ အခရာ ရှိနေတဲ့ သဘောလားဟင်။

အခရာ့ ရင်ထဲမှာလည်း မင်းဆက်တိုင်းဆိုတဲ့ ရှင် ရှိနေခဲ့တာ ကြာခဲ့ပြီဆိုရင်..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ခြံဝင်းထဲက ခုံတန်းလေးမှာ အခရာ တစ်ယောက်တည်း ဂစ်တာတီးနေသံကို သူ ကြားနေသည်။

ဂစ်တာလေး တီးလိုက်၊ သီချင်းလေး နှုတ်က ညည်းလိုက်နှင့် အခရာ ပတ်ဝန်းကျင်ကို မေ့နေပေမယ့် သူကတော့ ပန်းပင်တွေ ပြုပြင် ရှင်းလင်းရင်း အခရာကို အကဲခတ်ကြည့်နေမိဆဲ။

ဟိုတစ်ရက်က အခရာကို ကားနှင့်ပြန်လိုက်ပို့သော မင်းဆက် တိုင်းနှင့် အခရာတို့ ကျွမ်းဝင်မှုကို သူ တွေ့ခဲ့သည်။

သည်ရက်ပိုင်းမှာ အခရာ ဖခင်ဖြစ်သူနှင့် စိတ်ဆိုးစိတ်ကောက် ကာ စကားမပြောဖြစ်နေသော အခရာသည် ထိုနေ့ကတော့ မျက်နှာသော ဝင်းပကြည်လင်နေခဲ့ပါသည်။





ဒါကို မြင်တွေ့နေရသော သူ့အတွက်တော့ စိတ်ထဲမှာ ခံစား ခံနေည်းမိ၏။ အခရာရဲ့ သံယောဇဉ်တွေက မင်းဆက်တိုင်းအပေါ် ပိုမို နေခဲ့တာ သေချာ၏။

ပိုဖိုတိုင်းကြိုက်သော နှင်းဆီနိုင်လို မင်းဆက်တိုင်းနှင့် ယှဉ်လျှင် သူက အစစ အရာရာ ရှုံးနိမ့်လွန်းပါသည်။

"ကိုဘုန်း"

ခေါ်သံကြောင့် သူ့အတွေးတွေထဲက ဆတ်ခနဲ လန့်နိုးသွားခဲ့ ၏ လှည့်ကြည့်တော့ အခရာ အနီးမှာ ရှိနေသည်။

အခရာ မျက်ဝန်းတွေက နှင်းဆီပွင့်တွေဆီမှာ စူးလာက်လို့ ရှိ သည်။

"အခရာ နှင်းဆီပန်း လိုချင်လို့လား"

"အင်း တစ်ပွင့်လောက်၊ ဟို ပန်းနုရောင်လေး တစ်ပွင့် ခူးပေး ပါ ကိုဘုန်း"

အခရာ လက်ညှိုးထိုးပြသော နှင်းဆီပန်းလေးကို သူ ရွေးချယ် ခူးပေးလိုက်သည်။

"ခဏလေး နေဦး အခရာ၊ ဆူးတွေ ခြွေပေးဦးမယ်"

အခရာ အလိုရှိတိုင်း နှင်းဆီပန်းတွေ ခူးပေးကာ အဆိပ်ရှိသော ဆူးတွေကို သူ ဖဲ့ခြွေပေးနေကျ ဖြစ်သည်။ အခုလည်း နှင်းဆီခိုင်းလေး



www.burmeseclassic.com

www.burmeseclassic.com



က ဆူးတွေကို သူ ချိုးဖဲ့ပေးလိုက်၏။

"အ"

"ဘာဖြစ်တာလဲ ကိုဘုန်း"

"နှင်းဆီ ဆူးစူးတာ အခရာရဲ့"

"ဟုတ်လား ဒါဆို သွေးတွေကို ကုန်အောင် ညှစ်ထုတ်ပစ်လိုက်လေ"

ဒဏ်ရာက စိမ့်ခနဲ ယိုစီးကျလာသော သွေးတွေကို သူ ညှစ်ထုတ်ပစ်လိုက်သည်။ အခရာက မျက်နှာလေး ရှုံ့မဲ့ကြည့်နေရင်း

"နှင်းဆီဆူးက အဆိပ်ရှိတယ်တဲ့၊ အခရာတော့ ဆူးစူးမှာ အရမ်း ကြောက်တယ်"

နှင်းဆီပန်းကို နှစ်သက်သော အခရာ နှင်းဆီဆူး စူးမှာကိုတော့ ကြောက်သည်တဲ့။ ဆူးကင်းမဲ့သွားသော နှင်းဆီပန်းလေးကို သူ အခရာ လက်ထဲ ကမ်းပေးလိုက်၏။

အခရာ လှမ်းယူရင်း နှင်းဆီပန်းလေးကို တရှိုက်မက်မက် နမ်းရှိုက်သည်။

"မွှေးလိုက်တာ သင်းနေတာပဲ"

အခရာ ကြည်နူးစွာ ဆိုနေတာကို သူ ငေးကြည့်ရင်း ရင်ထဲမှာ ချမ်းမြေ့မိသည်။ အခရာ နှစ်သက်သော နှင်းဆီပန်းလေးတွေကို





ကိုယ်တိုင်ပဲ ဂရုစိုက်ပြုစုပေးခဲ့သည်။

အခရာ မြတ်နိုးစွာ ပန်ဆင်လျှင် သူ ကျေနပ်မိသည်။ ဒါပေမဲ့ ရာက ပန်းပန်ဆင်တတ်သူ မဟုတ်ပါ။ နှင်းဆီပန်းလေးကို ခူးယူကာ သင်းသင်းလေးကို ရှူရှိုက်ချင်သူ ဖြစ်သည်။

အခုလည်း နှင်းဆီပန်းလေး ခူးယူကာ ထိုင်ခုံလေးဆီ အခရာ လှမ်းသွား၏။

ပြီးတော့ ဂစ်တာလေးပိုက်ကာ အခရာ တီးခတ်နေပြန်သည်။ သီပွင့်လေးကတော့ ခုံတန်းလေး အစွန်းမှာ ရှိနေသည်။

"ကိုဘုန်း ခဏလောက်"

အခရာ လှမ်းခေါ်တော့ သူ အနားကို ရောက်သွားခဲ့သည်။

"ဘာလဲ အခရာ"

"ဒီမှာ ဒါကို ဖတ်ကြည့်စမ်းပါ၊ အခရာ သီချင်းရေးထားတာ"

"သီချင်း ဟုတ်လား၊ ကိုယ်မှ သီချင်း မဆိုတတ်တာ အခရာ

"ဒါဆို ခဏလေး နားထောင်ပေး၊ အခရာ ဂစ်တာတီးပြီးတော့ မယ်၊ ဟုတ်လား"

သူ ခေါင်းညိတ်ကာ ခုံတန်းလေးမှာ ဝင်ထိုင်လိုက်သည်။ ရာက ဂစ်တာလေး တီးခတ်ကာ သီချင်းကို ဆိုပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝရဲ့ အိပ်မက်တွေကို နင် တစ်ယောက်ပဲ ဖန်ဆင်းနိုင်တယ် x x ငါ့ဘဝရဲ့ ရင်ခုန်မှုတွေကို နင် တစ်ယောက်ပဲ ပိုင်ဆိုင်တယ် x x ငါ့ဘဝရဲ့ ရင်သန်မှု အရာရာတိုင်းမှာ x x မင်းလေး
အရှင်သခင်"

အခရာရဲ့ သီချင်းသံလေးမှာ သူပါ စီးမျောပါသွားခဲ့သည်
အခရာက ဂစ်တာလေးကို တီးခတ်ရင်း ဗီလင်အပြည့်နှင့် သီဆိုနေ

"နင် မမြင်နိုင်တဲ့ ငါ့ချစ်ခြင်းတွေ x x နင် မသိနိုင်တဲ့
ကြင်နာမှုတွေ x x နင့်ထံပါးမှာ ပန်းရနံ့လေးလို x x သင်းထုံရွေ
ချစ်သူ"

သီချင်းလေး ဆုံးတော့ အခရာကို သူ ချီးကျူးမိတာ အ

"အခရာ သီချင်းတွေ ရေးတတ်မှန်း ကိုယ် မသိဘူး၊ အ
က တကယ် တော်တယ်"

"မမြှောက်နဲ့လေ အခရာက ခံစားချက်တွေကို ရေးကြည့်
ပါ၊ ကိုဘုန်း နားထောင်လို့ အဆင်ပြေသား"

"ပြေတယ် ကောင်းတယ်၊ တကယ် ပြောတာ ဒီသီချင်းလေ
အဓိပ္ပါယ်ကို ကိုယ် ခံစားလို့ ရတယ်"

အခရာ ကျေနပ်စွာ ခပ်ဟဟကလေး ရယ်သည်။ ပြီးမှ

"သီချင်း နာမည်က နင်မမြင်နိုင်တဲ့ ငါ့ချစ်ခြင်း တဲ့"





"နင် မမြင်နိုင်တဲ့ ငါ့ချစ်ခြင်း ဟုတ်လား အခရာ"

"အင်းလေ အခရာ ရွေးချယ်ထားတာ အဟင်း ဟင်း"

အခရာက ရှက်ရွံ့ရွံ့လေး ရယ်သည်။ သူကတော့ အခရာရဲ့
သီချင်း အမည်လေးကို ရင်ထဲမှာ အကြိမ်ကြိမ် ရေရွတ်ကြည့်မိ၏။

"နင် မမြင်နိုင်တဲ့ ငါ့အချစ်များတဲ့လား အခရာရယ်"

တကယ့်ကို ကိုယ့်ရင်ထဲမှာ ခံစားမိစေလိုက်တဲ့ ခေါင်းစဉ်လေး
ပါ၊ ကိုယ့် ရင်ထဲမှာလည်း

အခရာ မမြင်နိုင်တဲ့ ချစ်ခြင်းတွေ အပြည့်အဝ ရှိနေခဲ့တာပါ။

ဒါကို အခရာမှ မသိနိုင်ခဲ့ဘဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"တမှာပေါ့ ထောလေးရော်၊ ဒေါ်လေမြနဲ့အတူ သမီးပါ ထမင်း
ပွဲ သွားပြင်လိုက်မယ် ဒယ်ဒီ"

အခရာ မြူးမြူးလေး ပြောကာ မီးဖိုခန်းအက် ပြေးထွ
သွားတော့မှ ဦးမင်းဝေနိုင် တံခါးဝမှာ ရပ်နေသော သူ့ကို မြင်တွေ့သွာ
၏။

"ဟော မောင်ဘုန်း လာလေကွာ၊ ပြီးရင် ဦးတို့အတူ ထမ
လက်ဆုံ စားရအောင်ဟေ့"

"ဝမ်းသာပါတယ် ဦး၊ ဦးနဲ့ အခရာတို့ အခုလို အဆင်ပြေ
သွားတာကို ကျွန်တော် အရမ်း ဝမ်းသာနေတာ"

ဦးမင်းဝေနိုင် သဘောကျစွာ ခေါင်းညိတ်ပြုံးသည်။

"အင်း ဝတ်ရည်နဲ့ သမီး အဆင်ပြေဖို့ဆိုတာ ဘယ်
မဖြစ်နိုင်တော့တဲ့ ကိစ္စမှန်း ဦး သိလိုက်တယ် မောင်ဘုန်း။ ဒါကြေ
ဝတ်ရည်ကို ဦး ရှင်းပြပြီး ငြင်းလိုက်တာ"

"ဒေါ်ဝတ်ရည်က ကျေနပ်ရဲ့လား ဦး"

"သူ တော်တော်တော့ စိတ်တိုသွားမှာ သေချာတယ်၊ အင်
မိန်းကလေး တစ်ယောက်ရဲ့ သိက္ခာကို ဦး နားလည်ပါတယ်၊ အိမ်ထော
ရေးကိစ္စဆိုတာ အရေးကြီးတယ်လေ၊ အဆင်မပြေတဲ့ မိသားစုဘဝကြီး
စိတ်ပျက်စရာဖြစ်မှာပါ၊ ဝတ်ရည်တို့ မောင်နှမအတွက်လည်း ဦး





သလောက် ကူညီပေးခဲ့ပါတယ်၊ မြို့ထဲမှာ တိုက်ခန်းတစ်ခန်း ဝယ်ပေး
လိုက်တယ်၊ ဒါ ဦး ဘက်က စေတနာသန့်သန့်နဲ့ ကူညီပေးလိုက်တာပဲ"

ဦးမင်းဝေနိုင် လုပ်ရပ်ကို သူ လက်ခံပါသည်။ အကောင်းဆုံး
လုပ်ခဲ့ခြင်းဟု ထင်သည်။

သမီး ဖြစ်သူအတွက် လက်ထပ်ဖို့ ရွေးချယ်ထားသည့် မိန်းမ
ယောက်ကို စွန့်လွှတ်ခဲ့သည်။ ဒီအတွက် ဒေါ်ဝတ်ရည်ကတော့
ပ်မှာ မဟုတ်တာ သေချာ၏။

ဦးမင်းဝေနိုင်က စာနာ နားလည်စွာနှင့် နေထိုင်စရာ တိုက်ခန်း
ခန်း ဝယ်ပေးခဲ့သည်ဆိုတော့ ဒေါ်ဝတ်ရည် ကျေနပ်သင့်သည်။

ဘာပဲဖြစ်ဖြစ် အခရာနှင့် ဦးမင်းဝေနိုင် အတွက်တော့ သူ
ကျေနပ်မိပါ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အိပ်တော့မည် ဆုံးဖြတ်ကာ ခုတင်ပေါ် လှဲလိုက်မိစဥ်မှာ
အခရာ ပိတ်ဖို့ မေ့ထားသော ဟန်းနိဖုန်းလေးက သီချင်းသံလေး ငြိ
ညောင်းစွာ ထွက်ပေါ်လာသည်။

အခရာ ရင်ထဲ ထိတ်ခနဲ ဖြစ်ကာ လှမ်းယူကြည့်လိုက်တော့
ထင်မှတ်ထားသည့်အတိုင်း မင်းဆက်တိုင်းရဲ့ ဆက်သွယ်မှု။

"ဟဲလို"

"အခရာ အိပ်နေပြီလားလို့ ချိတုံချတုံ ဖြစ်နေတာ၊ တော်သေး
တာပေါ့ကွာ"

"ဟင့်အင်း မအိပ်သေးပါဘူး မင်းဆက်၊ ဘာပြောစရာ ရှိ
လဲဟင်"





"အခရာ"

ခေါ်သံလေးကိုပဲ ကြားပြီး အသံက တိတ်ဆိတ်နေသည်။ ဖုန်း
ချလိုက်တာလည်း မဟုတ်တာမို့ အခရာ ရင်တွေ ခုန်ချင်လာ၏။

"အခရာ ကိုယ် အခရာ့ကို ချစ်တယ်"

"ရှင်"

ထိတ်လန့်စွာ အခရာ နှုတ်က အသံလေး ထွက်သွားခဲ့သည်။
ရင်ထဲမှာ တလှပ်လှပ် ခံစားရသည့် ရင်ခုန်မှုမျိုးက တစ်ဘဝမှာ ဒါ
အဆုံး ထင်ပါသည်။

"ဟုတ်တယ် အခရာ အခရာကို သိကျွမ်းခင်မင်ခဲ့တဲ့ အချိန်
ကာလက တိုတောင်းလွန်းပေမယ့် ကိုယ့် ရင်ထဲမှာ စူးစူးနစ်နစ် လှုပ်ခတ်
နေခဲ့တာ သေချာတယ်၊ အခရာကို နေ့တိုင်း မြင်တွေ့ချင်တယ်၊ အခရာ့
ဆီ စွန့်လွှတ် ဆုံးရှုံးရမှာ ကြောက်တယ်၊ အချိန်တိုင်းမှာ စိုးမိုးထားတဲ့
အခရာကြောင့် ကိုယ် ဘာမှလုပ်မရတော့ဘူး အခရာ၊ တကယ်ပါ၊
နှုတ်က စတွေဒီယိုမှာ အသံမသွင်းဖြစ်ဘဲ ပြန်လာရတဲ့ အထိ"

သူ့စကားသံတွေက အခရာ ရင်ထဲအထိ လှိုက်ခါ စီးဆင်းစေ
သည်။ အခရာ နှုတ်ဆိတ် စီးမျောရင်း ရင်ထဲက ရင်ခုန်သံတွေက
ခေါက်ကွဲမတတ်ပါပဲ။

"အခရာ ကိုယ့်ကို စိတ်ဆိုးသွားလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



အခရာ့ အသံလေးတွေ တိတ်ဆိတ်နေတော့ မင်းဆက်တိုင်း စိုးရိမ်ပူပန်သံလေးနှင့် မေးသည်။ ရှက်စိတ်နှင့် အံ့သြကြည်နူးစိတ်တွေ ဝေဖြာလျက် အခရာ ဘာမှ ပြန်မပြောနိုင်ပါ။ မင်းဆက်တိုင်းက ထပ်မေးသည်။

"အခရာ ကိုယ့်ကို စိတ်ဆိုးသွားလားဟင်၊ ပြေပါဦး အခရာရယ်၊ အခရာဆီက အဖြေစကားတစ်ခွန်းလောက် ကိုယ် ကြားချင်တယ်"

"အခရာ ဖုန်းပိတ်လိုက်တော့မယ်နော်"

"ဟာ ဒီလို မလုပ်ပါနဲ့ အခရာရယ်၊ ကိုယ် တစ်ညလုံး အိပ်လို့ ပျော်မှာ မဟုတ်တော့ဘူး။ တစ်ခုခုတော့ ပြေပါနော်"

ဒုက္ခပါပဲ ခုချက်ချင်း လက်ငင်းကြီး ချစ်စကားပြောပြီး အခြေ ဓာတင်းနေသော မင်းဆက်တိုင်းကြောင့် အခရာ စိတ်ကလေးတောင် ညစ်သွားမိသည်။

"အခရာ ဖုန်းမချလိုက်ပါနဲ့ဦးနော်"

"မင်းဆက်ရယ် အခရာ ရှက်လွန်းလို့ ထူပူနေပြီ သိလား"

"ကိုယ်လည်း ရင်တွေခုန်နေတယ် အခရာ၊ ကိုယ် စိတ်ချမ်းသာရမှာလားဟင်"

တကယ့်ကို ဖွတ်ကြီးပါလား မင်းဆက်ရယ်။ ရှင့်ကို အခရာ





ည်၊ စိတ်မဆင်းရဲစေချင်ပါဘူး။

"မင်းဆက် ဒီည စိတ်ချမ်းသာစွာ အိပ်လိုက်နော်"

"ဟင် အခရာ ဒါ အခရာ ကိုယ့်ကို အဖြေပေးတာလားဟင်"

"အင်း"

ပြောပြီးသည်နှင့် အခရာ ဖုန်းလေးကို ပိတ်လိုက်ပါသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် ကြည်နူးရင်ခုန်မှုတွေက တော်တော် နှင့် မပြယ်နိုင်သေးပါ။

ဒီညတော့ အခရာ အိပ်မပျော်တော့မှာ သေချာတယ် မင်းဆက် ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သားတစောင်းလေး မြင်နေရသော မျက်နှာလေးကို သူ တအံ့တော့ မင်သက်ငေးမောသွားမိပါသည်။ စိမ်းလဲ့ ဝင်းဖန့်နေသည့် ပါးပြင်လေးပေါ်က ယှက်ဖြာနေသော သွေးကြောမျှင်လေးတွေကိုတောင် မြင်နေရသည်။

ဝင်းကြည်နေသော အသားရောင်လေးက ခြေဖျားလက်ဖျားတွေအထိ နုဖတ်ဝင်းစက်နေသည်။

ဝတ်ဆင်ထားသည်က အနက်ရောင် လက်တို ကိုယ်ကြပ်အင်္ကျီလေးမို့ အခရာ အသားရောင်လေးက ထင်းနေသည်။

"ကိုဘုန်း"

မျက်နှာလေး သူ့ဘက် လှည့်လာကာ အခရာ မေးတော့





သူ သတိဝင်လာသလို ရှိသည်။ မျက်နှုံးတန်းတန်းလေးတွေ တွန့်ခေါက်ထားတာတောင် အခရာ လှပနေပါသည်။

"ဘာကြောင်နေတာလဲ ကိုဘုန်းရဲ့၊ မောင်းတော့လေ"

"အင်း ဘယ်ကို မောင်းရမှာလဲ အခရာ"

"ကိုဘုန်း တစ်နာရီလောက် အချိန်ဖြုန်းလို့ ရမယ့် တစ်ဆိုင်ဆိုင်ကို မောင်း။ ဒါဆို အဆင်ပြေတယ်"

အခရာရဲ့ စိတ်ကူးတွေက ဘာမှန်းမသိတော့ သူ ကားလေးကို ငူးခနဲ မောင်းထွက်ခဲ့မိတော့သည်။

အခရာ ဘာထပ် အမိန့်ပေးမည်လဲမှာ သူ စောင့်နားထောင်နေမိပေမယ့် အခရာထံမှ ဘာစကားသံမှ ထပ်ပြီး ထွက်မလာတာမို့ သူ မေးရသည်။

"အခရာ ကော်ဖီဆိုင် ထိုင်ချင်တာလား"

"ကော်ဖီဆိုင် ထိုင်မှာ မဟုတ်ဘူး။ ကိစ္စလေးရှိလို့ အခရာသွားစရာရှိလို့ ကိုဘုန်း ကော်ဖီဆိုင်က ခဏလောက် စောင့်နေနော်"

"ဟင် ကိုယ်က စောင့်နေရမယ်၊ ကိုယ်ပါ လိုက်ခဲ့မှာပေါ့ အခရာရဲ့"

"ကိုဘုန်း လိုက်လို့ မသင့်တော်ဘူး။ အခရာက မင်းသက်နဲ့ ချိန်းထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက် အဆိုတော် မင်းဆက်နဲ့ ဟုတ်လား အစရာ"

သူ တအံ့တဩ မေးတော့ အခရာ ခေါင်းကလေး ညိတ်ကာ ပြုံးနေသည်။ မျက်ဝန်းလေးတွေမှာ ကြည်နူးရိပ်လေးတွေလားမသိ ယှက်သမ်းလို့ နေသည်။

"ဟုတ်တယ် ကိုဘုန်းရဲ့၊ မင်းဆက်နဲ့ အခရာ ချိန်းထားလို့လေ ကိုဘုန်း ကော်ဖီဆိုင်ကပဲ စောင့်နေလိုက်၊ အလွန်ဆုံး တစ်နာရီလောက် ပါပဲ၊ စားချင်တာ မှာစားထားပေါ့ ဟုတ်လား"

အခရာကတော့ မြူးမြူးကလေး ဆိုနေသည်။ သူ့ရင်ထဲမှာတော့ နင့်နင့်သည်းသည်း ခံစားနေရသည်။

သူ စိုးရိမ်ထိတ်လန့်နေမိသည့် အခြေအနေတစ်ခုကို အမှန်တကယ် ရောက်ရှိလာခဲ့ပြီလား။ အခရာကတော့ သူ့ရင်ထဲကို မမြင်နိုင်တာ သေချာသည်။

"ကိုဘုန်း ဟိုဆိုင်ကလေး ရှေ့မှာပဲ ရပ်လိုက်၊ ကိုဘုန်း အဲဒီဆိုင်ကလေးကပဲ စောင့်နော်"

အခရာ ညွှန်ပြသည့် ကဖေးဆိုင်ကလေး ရှေ့မှာ သူ့ကားကို ရပ်လိုက်၏။ ရင်ထဲမှာ မွန်းကြပ်နေသော ခံစားချက်တွေကို ပင့်သက်ရှိုက် မှုတ်ထုတ်ရင်း သူ ကားပေါ်က ဆင်းလိုက်သည်။

"ကိုဘုန်း မစိုးရိမ်နဲ့နော် အခရာ ဒီကိုပဲ ပြန်လာခဲ့မှာပါ"





ကားလေးကို အခရာ မောင်းထွက်သွားသည်အထိ သူ ငေးသက် ငေးမောကြည့်နေမိသည်။

အချိန်တိုလေးအတွင်းမှာ အခရာနှင့်မင်းဆက်တို့၊ နီးစပ်သွားခဲ့သည်လား။ တစ်နေ့နေ့မှာ သည်လို အခြေအနေ ရောက်ရှိသွားမှာကို သူ ကြိုတင်တွက်ဆထားပြီးပေမယ့် သည်လောက်အထိ မြန်ဆန်လွန်းမည် မထင်ခဲ့ပါ။

အခုတော့ အခရာ မျက်ဝန်းတွေက သူ့ကို ဝန်ခံသွားခဲ့တာ သေချာပါသည်။ ရင်ထဲမှာ အမြတ်နိုးဆုံး ပန်းကလေးကို သူ လက်လွှတ်ဆုံးရှုံးခဲ့ရပြီပေါ့။

အခရာရယ် မင်းလေး ပျော်ရွှင်နိုင်မယ်ဆိုရင် ကိုယ် ကျေနပ်ပါတယ်။ ဒါ ကိုယ့်ရင်ထဲက အချစ်ဆိုတာ..။

■ ■ ■

ကဖေးဆိုင်ကလေးထဲမှာ သူ တစ်နာရီကျော်လောက် စောင့်လိုက်ရသည်။ ဆိုင်ရှေ့ကို ကားလေး ထိုးရပ်လာသည်အထိ သူ ငေးကြည့်နေမိသေး။

ကားပေါ်က ဆင်းလာသော အခရာက အပြုံးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တောက်ပစွာနှင့် သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာသည်။

"ကိုဘုန်း တစ်ယောက်တည်း ပျင်းနေပြီလား၊ ဆောရီးနော် စကားတွေ ပြောရင်း အချိန်ကုန်မှန်းမသိ ဖြစ်သွားလို့"

သူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း အခရာ ပြောသည်။

အခရာရဲ့ မျက်နှာလေးကို ငေးရင်း သူ အသိချင်ဆုံး မေးခွန်းကိုတော့ အရဲစွန့် မေးမိသည်။

"အခရာ မင်းဆက်တိုင်းနဲ့ အခရာ ဘယ်လိုပတ်သက်နေတာ လဲဟင်၊ ဟို အခရာတို့ ချစ်သူတွေ ဖြစ်သွားကြပြီလား"

မထင်မှတ်သော သူ့အမေးကြောင့် အခရာ မျက်နှာကလေး ရဲရဲနီသွား၏။ ခေါင်းကလေးညိတ်ကာ အခရာ ရှက်ပြုံးလေးနှင့် တိုးတိုး လေး ပြော၏။

"ဟုတ်တယ် ကိုဘုန်း"

"ကိုယ် လုံးဝ မထင်ဘူး အခရာတို့ ချစ်သူဖြစ်သွားတာ ကြာပြီလားဟင်"

"ဟိုတစ်နေ့ကမှပါ၊ သူ အခရာ့ဆီ ဖုန်းဆက်ပြီး တောင်းဆိုတာ ကိုဘုန်းရဲ့"

"အခရာ ဘက်ကကောဟင်"





"သူက အခရာဆီက အဖြေကို ဖွင့်တောင်းဆိုတာ အဟင်း ဒီအဖြေ မရမချင်း သူ ဘယ်လိုမှ နေလို့ မရဘူးတဲ့လေ၊ သူ့ကို အခရာ သနားတယ်၊ ပြီးတော့ အခရာလည်း မင်းဆက်ကို ဟိုးအရင် ကတည်းက စွဲလန်းခဲ့တာပါ ကိုဘုန်းရယ်"

"အခု အခရာ အရမ်းပျော်နေသလားဟင်"

"ကိုဘုန်းရယ် ပျော်တာပေါ့၊ မင်းဆက်တိုင်း ဆိုတာ သူ့သီချင်း လေး ကြားကတည်းက အခရာ စွဲလန်းခဲ့ရတာပါ၊ အခု သူက အခရာကို ချစ်ခွင့်ပန်လာတာ အခရာ အတွက် အိပ်မက် မက်လိုက်သလို ပဲ ဘဲလား"

အခရာ ရင်ထဲက ခံစားချက်တွေကို သူ ကြားရတော့ အခရာ အတွက် စိုးရိမ်မိတာ အမှန်။

မင်းဆက်တိုင်း ဆိုတာ နာမည်ကျော် အဆိုတော် တစ်ယောက်၊ မိန်းကလေးတွေရဲ့ ရင်ခုန်သံ မင်းသားတစ်ပါး ဖြစ်သည်။

အခရာကို မင်းဆက်တိုင်း ချစ်ခဲ့တာ စစ်မှန်ရဲ့လား။ အခရာကို ပေးမယ့် မမေးရက်ပါ။

အခရာရယ် မင်းလေး စိတ်ချမ်းသာတာပဲ ကိုယ် မြင်တွေ့ချင် တယ်။ အခရာရဲ့ နှလုံးသားမှာ ဒဏ်ရာချက်တွေနဲ့ မထိရှ မခံစားစေချင် ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်တိုင်း

မင်း အစရာကို နမ်းရှိုက်ပြီး မငြေ့ပါနဲ့ကွာ။

■ ■ ■





## အခန်း (၁၇)

"ငါ့ဘဝရဲ့ အိပ်မက်တွေကို x x နှင်တစ်ယောက်ပဲ ဖန်ဆင်းနိုင်
သယ် x x ငါ့ဘဝရဲ့ ရင်ခုန်မှုတွေကို နှင် တစ်ယောက်ပဲ ပိုင်စိုးနိုင်တယ်
း ငါ့ဘဝရဲ့ ရှင်သန်မှု အရာရာတိုင်းမှာ x x မင်းလေးက အရှင်သခင်"

အသံဖမ်း အလုံမှန်ခန်းလေးထဲမှာ မင်းဆက်တိုင်း ဗီလင်
ပြည့်နှင့် သီဆိုနေသည်။ စတူဒီယိုခန်းလေးထဲမှာ ရှိနေကြသူ အားလုံး
င်းဆက်တိုင်းရဲ့ သီချင်းသံလေးမှာ အာရုံ စီးမျောနစ်ဝင်နေကြသည်။

"နှင် မမြင်နိုင်တဲ့ ငါ့ချစ်ခြင်းတွေ x x နှင် မသိနိုင်တဲ့ ငါ့
ငြင်းစာမှုတွေ x x နှင့်ထံပါးမှာ ပန်းရနံ့လေးလို x x သင်းထုံစေချင်ရဲ့
င်သူ x x နှင် မမြင်နိုင်ပေမယ့် x x အနားမှာ ရနံ့ကလေး အဖြစ်နဲ့ပါ
င်းလို့ရှိတဲ့အခါ x x လေပြည်လေး အဖြစ်နဲ့ပါ x x သံစဉ်လေး အဖြစ်နဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



နင် မမြင်နိုင်တဲ့ x x ငါ့ ချစ်ခြင်းတွေ ဖြူစင်စွာပေါ့ x x ချစ်သူ''

သီချင်းလေး ဆုံးတော့ စတူဒီယို အခန်းထဲက လူအားလုံးရဲ့ လက်ခုပ်သံတွေ ဝေစီ ဆူညံသွားခဲ့သည်။

''သိပ်ကောင်းတယ် မင်းဆက်၊ ဒီသီချင်းလေးက တိုင်တယ် သီချင်း ဖြစ်သင့်တယ်၊ သံစဉ်ကော စာသားတွေပါ ပရိသတ် ကြိုက်မှာ သေချာတယ်''

''ဟုတ်တယ် မင်းဆက်၊ ဒီသီချင်းလေးကို မင်း ဖန်တီးရေးနိုင်တာ ငါ လေးစားချီးကျူးတယ်''

''ဟုတ်တယ် ကိုမင်းဆက်၊ ရှေ့အခွေထဲမှာလည်း ကိုမင်းဆက် ရေးတဲ့ ဒဏ္ဍာရီချစ်သူ သီချင်းပေါက်တယ်နော်၊ အခု နင်မမြင်နိုင်တဲ့ ငါ့ချစ်ခြင်းတွေလည်း Hit ဖြစ်ဦးမှာ သေချာတယ်ဗျ''

အားလုံးက ကျေကျေနပ်နပ် ချီးကျူးနေကြတော့ မင်းဆက် သဘောကျစွာ ပြုံးရင်း နှုတ်ဆိတ်နေမိသည်။

အားလုံးရဲ့ ချီးကျူးသံတွေကို ခံယူရတာ စိတ်ထဲမှာတော့ လိပ်ပြာ မလုံချင်ပါ။ တကယ်ဆို ဒီသီချင်းတွေ အားလုံးက သူ ဖန်တီး ရေးသားခဲ့တာ မဟုတ်တာ သူပဲ အသိဆုံး။

အံ့ဩ ထူးဆန်းစရာတော့ ကောင်းပါသည်။

ဒီသီချင်းလေးတွေ သူ့ထံပါးကို ရောက်ရှိလာပုံက ပဟေဠိဆန်





ခဲ့သည်။

ဘယ်ဆီဘယ်က မသိသော သူ့ပရိသတ် တစ်ဦးက သူ့ဆီကို စာပို့ပေးလာသော သီချင်းလေး အမည်က 'သို့ ချစ်သူ' ဆိုသော သီချင်းလေး ဖြစ်သည်။

ဂီတ သင်္ကေတ နုတ်(စ်)တွေ အပြည့်အစုံနှင့် သူ့ဆီ ပို့လိုက်သော ထိုသီချင်းလေးနှင့်အတူ ပါလာသော စာက တိုတိုလေးပါပဲ။

ကိုမင်းဆက်တိုင်း

ဒီသီချင်းလေးကို နှစ်သက် သဘောကျမယ်ဆိုရင် ကိုမင်းဆက် နာမည်နဲ့ သီဆိုပေးပါ။ ဘာမျှော်လင့်ချက် ရည်ရွယ်ချက်မှ မပါဘဲ ပို့ပေးလိုက်တာပါ။

အားပေးချစ်ခင်စွာဖြင့်

ထာဝရ ပရိသတ်တစ်ဦး

လိပ်စာလည်း မပါ။ အမည်လည်း ရေးမထားသော ထိုစာလေးနှင့်အတူ ပထမဆုံး ရောက်ရှိလာသော သီချင်းလေးကို သူ့ရဲ့ ဒုတိယ အခွေထွက် စီးရီးခွေမှာ သုံးဖြစ်သည်။

ထင်မှတ်မထားဘဲ ထိုသီချင်းလေးက ပေါက်သွားခဲ့သည်။ ရှိုးပွဲ

www.burmeseclassic.com



တွေမှာ ပရိသတ် အတောင်းခံရဆုံး သီချင်းလေး ဖြစ်သွားခဲ့၏။

အားလုံးက သူ ကိုယ်တိုင် ရေးဆိုသော သီချင်းလေးတွေ သိထားကြတာ ဖြစ်သည်။

နောက်ထပ် ဒဏ္ဍာရီချစ်သူ ဆိုသော သီချင်းကလေး ထ ရောက်လာသည်။

ကိုမင်းဆက်တိုင်း

'သို့ ချစ်သူ' သီချင်းလေးအတွက် ဝမ်းသာဂုဏ်ယူပါတယ် နောက်ထပ် သီချင်းလေးတစ်ပုဒ် ရေးဖြစ်လို့ ပို့လိုက်ပါတယ်။

ထာဝရ ပရိသတ်တစ်ဦး

သံစဉ်လေးက လှပသလို သီချင်းစာလေးတွေ ပြုံ့တွယ်စေ သီချင်းလေးမို့ သူ့ရဲ့ တတိယမြောက် စီးရီးထဲမှာ ပရိသတ်ရင်ကို ငြိ ခဲ့ပြန်သည်။

အခုလည်း စတုတ္ထမြောက် စီးရီးအတွက် တိုင်တယ် သီချ လေး 'နင်မမြင်နိုင်တဲ့ ငါ့ချစ်ခြင်းတွေ'သည်လည်း မထွက်ခင်က သူငယ်ချင်း မိတ်ဆွေတွေက ပိုင်းဝန်း ချီးကျူးနေကြလေပြီ။

"မင်းဆက်ရေ စည်သည် ရောက်နေတယ်"





စတူဒီယို အခန်းအပြင်က အော်သံကြောင့် သူ လှမ်းကြည့် တော့ အခရာကို မြင်လိုက်သည်။

"ဟာ အခရာ လာလေ အထဲကို၊ အခုမှ ကိုယ်လည်း သီချင်း ဆိုပြီးတာ"

"အခရာကြောင့် အနှောင့်အယှက် မဖြစ်ပါဘူးနော် ဆက်"

"ဟာ မဖြစ်ပါဘူး အခရာရဲ့၊ ခဏလေးနော် အခရာ့ကို ဆက်ထွက်မယ့် ကိုယ့်စီးရီးက သီချင်းလေး ဖွင့်ပြမယ်၊ စောစောကပဲ ဆိုလိုက်တာ၊ သီချင်းနာမည်က နင်မမြင်နိုင်တဲ့ ငါ့ချစ်ခြင်းတွေ တဲ့၊ အခရာ နားထောင်ကြည့်ဦး"

အခရာ မျက်ဝန်းလေးတွေ လင်းလက် တောက်ပသွားခဲ့သည်။ မင်းဆက်တိုင်းက အသံဖမ်း အခန်းလေးထဲက ပတ္တူလ်ဆီသွားကာ သီချင်း ဖွင့်သည်။

သီချင်းသံလေးက လွင့်မျောလာသည်။ အခရာ ပြုံးပြုံးလေး နားထောင်ကာ နားစွင့်သည်။ မင်းဆက်တိုင်းရဲ့ အသံနှင့် လွင့်ပျံ့လာသည့် သီချင်းက အခရာရဲ့ နားထဲကို စီးမျောလာသည်။

အခရာ နှုတ်က လိုက်ပြီး မညည်းမိအောင် သတိထားနေရ သည်။ ဒီသီချင်းလေးက အခရာ ကိုယ်တိုင် ခံစားရေးဖွဲ့ထားသော သီချင်းလေးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းလေးက မင်းဆက်တိုင်းရဲ့ အသံနှင့်လိုက်ဖက်ပါသည်။ အခရာ ရေးဖွဲ့ထားသော သီချင်းလေးကို မင်းဆက်တိုင်းရဲ့ အသံ

နှာဆေဝ်နေခြင်းက တကယ့်ကို ကျေနပ် ကြည်နူးစရာ ကောင်းပါသည်။

သီချင်းလေး ဆုံးကော့ မင်းဆက်တိုင်းက မေးလာသည်။

"အခရာ ဝေဖန်ပေးပါဦး"

"အင်း ကောင်းပါတယ်၊ အခရာ သဘောကျတယ်

"အားလုံးက ဒီသီချင်းလေးကို Hit ဖြစ်မယ်လို့ ကြိုတင်

ဖတ်ထားကြတယ်၊ သံစဉ်ကော စာသားလေးတွေပါ ဟာဒိုနီဖြစ်တယ်

ဒါကြောင့် ဒီသီချင်းလေးကို တိုင်တယ် တပ်ထားတာ"

အခရာ ရင်ထဲမှာ ကြည်နူးစိတ်လေးတွေ ဖြာဝေနေသည်။ သီချင်းလေးက မင်းဆက်တိုင်းရဲ့ စီးရီးတိုင်တယ် သီချင်းလေး ဖြစ်

မည်တဲ့။

"ကိုယ်တို့ အားလုံး ဒီသီချင်းလေးကို ကြော်ငြာရိုက်ဖို့

ကြတယ်၊ ကိုယ်တိုင်ပဲ သရုပ်ဆောင်ဖြစ်မယ် ထင်တယ်"

"မင်းဆက် ထင်တယ် မလုပ်နဲ့ မင်းကိုယ်တိုင် သရုပ်

ရမှာနော်"

မင်းဆက်တိုင်း၏ ထုတ်လုပ်သူ ပရိုဂျူဆာ ဦးကောင်း

လှမ်းပြောသည်။ နံဘေးမှာ ရှိနေသော တေးရေးဆရာ ဗညားက





"ဟုတ်သားပဲကွ မင်းကိုယ်တိုင် ရေးထားပြီး ကိုယ်တိုင် သီဆို

ထားပြီးတော့ ကိုယ်တိုင်ပဲ သရုပ်ဆောင်ရမှာပေါ့ မင်းဆက်ရ"

မင်းဆက် ခွန်းတုံ့မပြန်ဘဲ ပြုံးပြုံးလေး ငြိမ်သက်နေသည်။

အခရာ ကျေနပ်ပါသည်။

အခရာ ခံစားချက်တွေနှင့် တိတ်တခိုး ပို့ပေးနေသော သီချင်း

လေးတွေ မင်းဆက်တိုင်းအတွက် အတိုင်းအတာ တစ်ခုလောက်အထိ

အောင်မြင်မှု ရရှိနေတာ ကျေနပ်စရာပဲလေ။

မင်းဆက်ရယ် အခရာက မင်းဆက်ရဲ့ ထာဝရ ပရိသတ်

တစ်ယောက်အဖြစ်ပဲ အဝေးက တိတ်တိတ်ကလေး ရှိနေချင်ခဲ့တာပါ။

ကံကြမ္မာက ဆုံတွေ့ခွင့် ပေးပြီး မင်းဆက် အနားမှာ လက်တွဲ

ဖော်အဖြစ် ရှိခွင့်ဆိုတာ အိပ်မက်ထဲမှာတောင် မမက်ရဲခဲ့ပါဘူး။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းဆက်ဆီကို သီချင်းလေးတွေ

ရေးသားပို့ပေးခဲ့တဲ့သူက အခရာလို့ မင်းဆက် သိခဲ့ရင် အံ့ဩသွားမလား။

အခုချိန်မှာတော့ အခရာ မပြောချင်သေးဘူး၊ မင်းဆက်ရယ်။

အခရာရဲ့ ခံစားချက်တွေကို မင်းဆက် မသိအောင်ဘဲ တိတ်

တခိုး ပို့ပေးနေသူ တစ်ယောက်အဖြစ် အခရာ ကျေနပ်နေချင်လို့ပါ။

"အခရာ"

"ဩော် ဆက် ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ တွေးနေတာလဲ အခရာရဲ့၊ ကိုယ်တို့ တစ်ခုခု သွားစားကြရအောင်လေ၊ အခရာကို ကိုယ် ပြောစရာတွေ အများကြီးရှိတယ်"

"အခရာလည်း နားထောင်ချင်ပါတယ် မင်းဆက်"

နှစ်ဦးသား ဆုံတွေ့နေကျ စားသောက်ဆိုင်ကလေးဆီသို့ ရောက်ခဲ့ကြပါသည်။

ဆိုင်လေးထဲ မဝင်ခင် မျက်လုံးတွေက ကျိုးကန်းတောင်းမျှော်ကြည့်ရင်း လူသူ အမြင်မခံဝံ့သည့် မင်းဆက်တိုင်း အဖြစ်ကို အခရာ ပင့်သက်လေး ရှိုက်မိ၏။

စိတ်ပျက်ညစ်ညူးမိတာမျိုး မဟုတ်ပါဘဲ မင်းဆက်ကိုယ်စား ရင်မောမိတာမျိုးပါပဲ။

အောင်မြင်မှုနှင့်အတူ ပေးဆပ်ထားရသည့် မင်းဆက်ရဲ့ လွတ်လပ်မှုတွေက မွန်းကြပ်စရာ ကောင်းလိုက်တာ။

"ဟူး တော်သေးတယ် ကိုယ့်ကို မှတ်မိတဲ့လူတွေ မရှိသေးဘူး"

"မင်းဆက်ရယ် ရှင့်ကိုကြည့်ပြီး အခရာ စိတ်တွေ မောလိုက်တာ"

"ဒါတော့ အခရာရယ် ကိုယ်က အနုပညာသမားလေး အလွတ်လပ်မှုမျိုးတော့ ဆုံးရှုံးမှာပေါ့။ အခရာ စိတ်ညစ်သွားတာလားဟင်"





"စိတ်ညစ်တာ မဟုတ်ပါဘူး။ ဆက်ကို ကြည့်ပြီး သနားမိတာ"

"အဟွန်း ကိုယ်ကတော့ ကိုယ့်ဘဝလေးကို ကျေနပ်ပါတယ်"

မင်းဆက်တိုင်းက လက်ရှိဘဝ အခြေအနေကို ကျေနပ်စိတ်သနှင့် အလေးအနက် ဆိုနေတော့ အခရာ ခေါင်းကလေးညိတ်ရင်း

"အင်း အခရာလည်း ဆက်ရဲ့ ချစ်သူတစ်ယောက် ဖြစ်ခွင့်ရတာ ကျေနပ်ဂုဏ်ယူပါတယ် ဆက်ရယ်"

မင်းဆက်တိုင်းက ဆုပ်ကိုင်ထားသော အခရာ လက်ကလေးကို ဆွဲကာ သီးသန့်ခန်းလေးထဲ လှမ်းဝင်လိုက်သည်။

"အခရာကို ဝမ်းသာစရာတွေ ပြောပြရဦးမယ်"

စားပွဲထိုးလေး လာချပေးသည့် ကုတ်ဘူးလေးကို မင်းဆက်တိုင်း အသာမျှင်းသောက်ရင်း ဝမ်းသာအားရ ပြောပြသမျှ အခရာ ငေးငေးလေး နားထောင်နေလိုက်သည်။

"ကိုယ့်ကို ဗီဒီယို ထုတ်လုပ်ရေးတစ်ခုက ကမ်းလှမ်းလာတယ် အခရာ၊ ခေါင်းဆောင် မင်းသား တစ်ယောက်အဖြစ် တင်ရိုက်ချင်လို့တဲ့၊ ကိုယ် ခေါင်းညိတ်မယ်ဆိုရင် ဆယ်ကား စာချုပ်ချုပ်ချင်သတဲ့လေ၊ ကိုယ့်ခန်နေရှာနဲ့ တိုင်ပင်ထားတယ်၊ ကိုယ့်စိတ်ကြိုက် တောင်းဆိုမှု အားလုံးကိုလည်း သူတို့ဘက်က လက်ခံမယ့် သဘောရှိတယ်"

မင်းဆက်တိုင်း မျက်ဝန်းတွေက မျှော်လင့်ချက်တို့ဖြင့် ဝင်းလက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေကြသည်။

"အခရာ ဝမ်းမသာဘူးလား ဟင်"

စားပွဲပေါ်မှ အခရာ လက်ကလေးကို ဖွဖွဆုပ်ကိုင်ပြီး မင်းဆက်

တိုင်း မေးသည်။ မင်းသမီးတွေနှင့် တွဲကာ သရုပ်ဆောင်မည့် မင်းဆက်

ကို ဝန်တိုချင်ပေမယ့် အခရာ ခေါင်းမခါရက်ပါ။

မင်းဆက် ဘဝရဲ့ အောင်မြင်မှုတစ်ခုမို့ အခရာ ဝမ်းသာရွှင်

ကြီးဆိုရမည်ပေါ့။

"ဝမ်းသာပါတယ် ဆက်ရယ်၊ ဒါပေမဲ့ ဆက်ရဲ့ ဂီတခရီး

တော့ မထိခိုက်စေချင်ဘူး"

"နိုး ကိုယ့် ရည်မှန်းချက်က လက်ရှိ ဂီတလောကမှာ ကိုယ်

အောင်မြင်မှု ပိုင်ဆိုင်နေပြီလေ၊ အခု ဒီ့ထက်ပိုမိုတဲ့ အောင်မြင်မှု တစ်

ကို ကြိုးစားမှာ၊ အဆိုကြီးတယ်ဆိုချင်ဆို ကိုယ် သရုပ်ဆောင်လောက

လည်း အောင်မြင်ချင်တယ် အခရာ"

မင်းဆက်တိုင်း လေးနက်စွာ ဆိုနေမှုန်း အခရာ နားလည်

ပါသည်။ အတွဲဆန်တယ်လို့လည်း မထင်ရက်ပါ။

ချစ်သူရဲ့ ရည်မှန်းချက်တွေအတွက် အခရာ့ဘက်က တတ်နိုင်

သလောက် ပေးဆပ်ချင်ပါသည်။

အခရာ ဆိုတဲ့ ကောင်မလေး တစ်ယောက်က ဟိုးအ





ဘတည်းက မင်းဆက်တိုင်းအတွက် ထာဝရ ပရိသတ်တစ်ယောက်အဖြစ်

အမြဲရှိခဲ့တာပဲ မင်းဆက်ရယ်။

မင်းဆက် ရည်မှန်းချက်တွေ အောင်မြင်ပါစေကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အရင်ကလို အခရာရဲ့ နံဘေးမှာ အရိပ်လို ရှိနေခွင့်လေး သူ့အတွက် ရှားပါးလွန်းခဲ့ပြီ ဖြစ်သည်။

ဒါပေမဲ့ ဒါကို ဦး မသိအောင်လည်း သူ သိဂ္ဂက်ပေးထားခဲ့ သည်။ အခရာတို့ ချစ်သူနှစ်ယောက် လွတ်လပ်စွာ ဆုံတွေ့ကြစဉ် သူသည် အနှောင့်အယှက် တစ်ခု မဖြစ်သင့်တာ နားလည်သည်။

မင်းဆက်တိုင်းနှင့် ပတ်သက်သမျှ သတင်းတွေကို အခရာ သူ့ကိုတော့ အမြဲတမ်း အသိပေးတတ်ပါသည်။

"မင်းဆက်က ရွှေတံတိုင်း ဗီဒီယိုကုမ္ပဏီနဲ့ စာချုပ်ချုပ်လိုက် လေ ကိုဘုန်းရဲ့၊ ပထမဆုံး ရိုက်မယ့် ဇာတ်ကားနာမည်က 'နှင်းမပြင်နိုင် ငို ချစ်ခြင်းတွေ' တဲ့"





"ဒီနာမည် ကိုယ် ကြားဖူးသလိုပဲ"

သူ ဇဝေဇဝါနှင့်ဆိုတော့ အခရာ ခေါင်းကလေး ညိတ်ပြုံးရင်း

"မင်းဆက်ရဲ့ အခု နောက်ဆုံးထွက်တဲ့ သီချင်းခွေ အမည်လေ ဒီ သီချင်းက နာမည်ကြီးနေတာ ကိုဘုန်း မသိဘူးလား"

မင်းဆက်တိုင်းရဲ့ သီချင်းတဲ့။ ဒီသီချင်းကို သူ ဘယ်ဆိုင်မှာ ိုင်ထိုင် ကြားဖူးနေသည်။

နှင် မမြင်နိုင်တဲ့ ငို့ချစ်ခြင်းတွေ တဲ့။

သူ့နှုတ်က တိုးတိုးလေး ပြန်ရွတ်ဆိုကြည့်မှ သတိရသွားမိ ာ ဒီသီချင်းကို အခရာ ကိုယ်တိုင် ဆိုပြဖူးသည်။ သူတောင် သဘောကျ ်သက်ခဲ့သော သီချင်းလေး။

"ကိုယ် မှတ်မိပြီ အခရာ၊ အဲဒါ အခရာ ရေးတဲ့ သီချင်း ုတ်လား"

"အဟင်း ကိုဘုန်းက ဒါတော့ မှတ်မိသားပဲ"

"အခရာ ဆိုပြကတည်းက နားထောင်ဖူးတာပဲ၊ နေပါဦး ဒီ ချင်းကို အခရာ မင်းဆက်တိုင်းကို ဆိုဖို့ ပေးလိုက်တာလား"

"ဟုတ်တယ် ကိုဘုန်း ဒါပေမဲ့ ဘယ်သူမှ မသိဘူး။ မင်းဆက် ောင် မသိဘူးလေ"

"ဘယ်လို ကိုယ် နားရှုပ်သွားပြီ အခရာ"

www.burmeseclassic.com



အခရာ မျက်နှာလေး ကြည်နူးဝင်းပစွာ ပြုံးရင်း သူ နားလည်အောင် ရှင်းပြပါသည်။ အခရာ စကားတွေကို နားထောင်ရင်း သူ အံ့သြနှုတ်ဆိတ်စွာ ငြိမ်သက်နေမိ၏။

"အခရာက မင်းဆက် မသိအောင် သီချင်းလေးတွေ ပို့ပေး တာပါ။ အဲဒါ ဟိုးအရင်ကတည်းက အခရာကလွဲရင် ဘယ်သူမှ မသိဘူး။ အခုမှ ကိုဘုန်းကို ဖွင့်ပြောတာ"

"မင်းဆက်တိုင်းကော မသိဘူးလား အခရာ"

"ဟင့်အင်းအခရာ ဖွင့်မပြောပါဘူး။ အားလုံးက ဒီသီချင်းတွေ ဆက်ရေးတယ်လို့ပဲ ထင်ထားကြတာလေ"

"ဟာ ဒါ မဖြစ်သင့်ဘူးလေ"

သူ လက်မခံနိုင်စွာ ခေါင်းရမ်းတော့ အခရာ နွေးနွေးက ပြုံးသည်။

"အခရာ ကိုယ်တိုင်က အဲဒီလိုပဲ မြင်စေ ဖြစ်စေချင် ကိုဘုန်းရဲ့ အခရာလည်း သီချင်းရေးဆရာ တစ်ယောက်မှ မဟုတ် ရင်ထဲက ခံစားချက်လေးတွေနဲ့ မင်းဆက်အတွက် ရည်ရွယ်ပြီး တစ် တလေပဲ ရေးတာပါ။ မမျှော်လင့်ဘဲ ဒီသီချင်းလေးတွေနဲ့ ဆက် အောင် သွားတာ အခရာ အရမ်းဝမ်းသာတယ်"

အခရာရဲ့ ချစ်ခြင်းတွေက သည်မျှအထိတောင် ဖြူစင်





ခဲ့နေခဲ့သည်လား။ သူ အခုမှပဲ အခရာ့ နှလုံးသားကို မြင်နိုင်တော့ ည်။

"အခု ကိုဘုန်း၊ သိတဲ့ကိစ္စကို ကိုဘုန်း၊ ရင်ထဲမှာပဲ သိမ်းထားပါ ၊ အခရာ ကိုဘုန်းကို ယုံကြည်လို့ ဖွင့်ပြောတာပါ"

အခရာက တောင်းပန်သလိုလေး ဆိုနေသည်။ သူ ခေါင်းညိတ် ကတိပေးလိုက်ရသည်။

အခရာရယ် မင်းရဲ့ နှလုံးသားလေး လှပဖြူစင်လိုက်တာ။ မင်းဆက်တိုင်းကကော မင်းရဲ့ ဖြူစင်တဲ့ ချစ်ခြင်းနဲ့ ထိုက်တန် ား။

မင်းလေးအတွက် အမြဲတမ်း စိုးရိမ်မှုတွေနဲ့ ကြာရင် ကိုယ်တော့ ဒနာတွေ တိုးတော့မယ် ထင်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဗျာ ဘယ်လို ဦး ဒေါ်ဝတ်ရည်ကို လက်ထပ်တော့မယ် ဟုတ်လား ဟို ဟို အခရာကို ဦး ကိုယ်တိုင် ကတိပေးခဲ့တာလေ"

ဦးမင်းဝေခိုင် ပင့်သက်တစ်ချက် ရှိုက်ကာ ခေါင်းညိတ်ပါသည်။

"ဟုတ်တယ် မောင်ဘုန်း သမီးလေးကို ပေးခဲ့တဲ့ ကတိ စကားကို ဦး ဖျက်ရတော့မယ်၊ ဝတ်ရည်ကို ဦး မဖြစ်မနေ လက်ထပ်ရတော့မယ့် အခြေအနေတစ်ခု ဖြစ်လာလို့ပေါ့ကွာ"

မဖြစ်မနေ အခြေအနေတဲ့။ ဦးမင်းဝေခိုင် ဘာကို ဆိုလိုတာလဲ သူ နားမလည်နိုင်ပါ။

"ဝတ်ရည်က အရေးကြီးကိစ္စတစ်ခု တိုင်ပင်ချင်လို့ ဦးကို ခေါ်တယ် မောင်ဘုန်း။ သူ့ရဲ့ တိုက်ခန်းကို ဦး ရောက်သွားခဲ့တော့





အမှား ပါပဲ၊ လက်ထပ်ဖို့ ဖျက်လိုက်တဲ့ကိစ္စအတွက် ဦးကို သူ ငိုကြွေးပြီး တောင်းပန်တယ်၊ ဦးကိုယ်တိုင်လည်း ဝတ်ရည်ကို သနားမိပါတယ်၊ ရှင်းရှင်းလင်းလင်း ပြောရရင် အဲဒီနေ့က ဦးနဲ့ဝတ်ရည် လွန်ကျူးသွားခဲ့ကြတယ် မောင်ဘုန်း"

"ဟင်"

"ဦးအနေနဲ့ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာကို စောင့်ထိန်းရမယ်၊ ဝတ်ရည်ကို ဦး လက်ထပ်ရလိမ့်မယ် မောင်ဘုန်း"

ဒေါ်ဝတ်ရည်ရဲ့ ကျော့ကွင်းမှာ ဦး သက်ဆင်းခဲ့တာလား။ ရှောင်နိုင်ဘဲ ငြိတွယ်ခဲ့တာလား။ သူ မသိပါ။ အခရာ မျက်နှာလေးကို မြင်ကာ ဖြစ်လာမည့် အခြေအနေတွေအတွက် ရင်မောမိ၏။

"မောင်ဘုန်း ဒီကိစ္စကို သမီးသိရင် ဦးကို အထင်လွဲ မုန်းတီးသွားမှာ သေချာတယ်၊ ဦး မင်းကိုပဲ အားကိုးပါတယ်ကွာ"

ဦးမင်းဝေခိုင် မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ရာကို စိုးရိမ်ကြောက်လန့်နေတာ အထင်အရှား။ အသက်မက ချစ်သော သမီးလေးအတွက် ဦးမင်းဝေခိုင် ရင်ထဲမှ ခံစားချက်ကို သူ မြင်နိုင်ပါသည်။

"အခုကိစ္စကို သမီးလေး သိရင် ဦးကို မုန်းတီးသွားနိုင်တယ် မောင်ဘုန်း၊ သမီးလေး နားလည်အောင် မင်းပဲ ရှင်းပြပေးပါကွာ"

ဦးမင်းဝေခိုင် အားကိုးတကြီး အကူအညီတောင်းနေတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာပြန်ပြောရမှန်းမသိ ဖြစ်ရသည်။ အခရာကို သူ ဘယ်လိုရှင်းလင်း
ရမည်လဲ။

အခရာရဲ့ စိတ်ကို သူ အသိဆုံး ဖြစ်သလို ဦးမင်းဝေခိုင်လည်း
တွက်ဆနိုင်မှာ သေချာသည်။

"အခရာ လက်ခံဖို့ မလွယ်ဘူး ထင်တယ် ဦး။ ဦးလည်း
သဘောပေါက်မှာပါ"

"အင်း ဒါပေမဲ့ ဦးဘက်က ရွေးချယ်စရာလမ်း မရှိတော့
လေ"

အခြေအနေက ပြီးဆုံးသွားခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် သူ ဦးမင်းဝေ
ဝေခိုင်းသည့်အတိုင်း အခရာကိုတော့ ဖွင့်ပြောရတော့မည်။

"မနက်ဖြန်ကျရင် ဦး၊ မန္တလေးကို ခရီးထွက်စရာရှိတယ်
မောင်ဘုန်း။ အဲဒီရက်မှာ မင်း သမီးလေးကို နားလည်အောင် ပြောပြ
ပါကွာ"

"ဟုတ်ကဲ့ပါ ဦးရယ်၊ ကျွန်တော် အခရာကို နားလည်အော
ပြောပြကြည့်ပါ့မယ်"

မဝံ့မရဲ ကတိပေးမိသည်။ တကယ်တမ်းကျတော့ အခ
တွေ့ပြန်လာမည့် အခြေအနေကို သူ ကြိုသိနေသလိုပါပဲ။

ဦးမင်းဝေခိုင်က သမီးဖြစ်သူကို ရင်မဆိုင်ဝံ့သလို ရှောင်





ဘာလား။ တကယ်ပဲ ကုမ္ပဏီကိစ္စအတွက် သွားတာလား၊ အသေအချာ
သိ။

အခရာ တာဝန်က သူ့ခေါင်းပေါ်ကျလာတာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘာ ဘာရယ် ကိုဘုန်း။ မ မဖြစ်နိုင်ဘူး။ ဟင့်အင်း အခ
လုံးဝ သဘောမတူဘူး"

သူ မျှော်လင့်ထားသည့်အတိုင်း အခရာ ထိတ်လန့်တကြ
ခါးသီးစွာ ငြင်းသည်။

"ကို ကိုဘုန်းကို ဒယ်ဒီ ကိုယ်တိုင်ပြောတာ ဟုတ်လား"

"ဟုတ်ပါတယ် အခရာ၊ အခရာကို သဘောပေါက် လ
အောင် ပြောပြဖို့ မှာခဲ့လို့ပါ"

အခရာ အံ့လေး တင်းခနဲ ကြိတ်သည်။ မျက်နက်ဝန်းလေး
မှာ အိုင်ထွန်းလာသော မျက်ရည်စတွေက ချက်ချင်း ပြည့်လာသ

"အခရာ"





"ဘာမှမပြောနဲ့တော့ ကိုဘုန်း။ ဒယ်ဒီ ဒယ်ဒီ သိစ်ရက်စက်
ယ် အဟင့် အဟင့်"

ချက်ချင်း မျက်ရည်စတွေ ဗိုးဗိုးပေါက်ပေါက် ကျဆင်းကာ
ခရာ ငိုတော့ သူ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ဒယ်ဒီ အခရာကို လိမ်ညာခဲ့တာ အခရာ့ကို နှစ်သိမ့်ပြီး
စ်ချင်တာ လုပ်သွားခဲ့တာ အဟင့် ဟင့် ဒယ်ဒီ အခရာကို တကယ်
ချစ်ပါဘူး"

ရှိုက်ငိုကာ အခရာ ပြောတော့ သူ ပျာပျာသလဲ ရှင်းပြဖို့
ားမိပြန်သည်။

"ဦးကို အဲဒီလို အထင်မလွဲပါနဲ့ဦး အခရာ၊ ဦးက ဒေါ်ဝတ်ရည်
လက်မထပ်ဖို့ ဆုံးဖြတ်ခဲ့ပါသေးတယ် ဒါပေမဲ့"

"ဟင့်အင်း နှစ်သိမ့်စကားတွေနဲ့ အခရာကို ဖြေရှင်းမနေနဲ့
ော့ ကိုဘုန်း။ ဒယ်ဒီ တမင်ရှောင်ထွက်သွားပြီး ကိုဘုန်းကို ပြောခိုင်းခဲ့
ာပဲ အဟင့် ဟင့် အခရာ အခရာလေ"

စကားသံတွေက ရှိုက်သံတွေဖြင့် တိမ်ဝင်သွားတုန်းမှာ ခြံထဲကို
ာင်းဝင်လာသည့် ကားလေးကြောင့် နှစ်ယောက်စလုံး လှမ်းကြည့်မိ
ကြသည်။

တက္ကစီကားလေးက ဆင်ဝင်အောက်မှာ ထိုးရပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဖွင့်ဆင်းလာသူက လက်ဆွဲအိတ်ကြီး နှစ်အိတ်နှင့် ဒေါ်ဝတ်ရည်
ဖြစ်နေသည်။

သူ မင်သက် အံ့ဩနေတုန်းမှာပဲ အခရာက တက္ကစီခ ထုတ်
ရှင်းပေးနေသော ဒေါ်ဝတ်ရည်အနားကို ဆတ်ခနဲ ဘလျှောက်သွားလေ

"ဒီမှာ ရှင် ဘာလာလုပ်တာလဲ"

တက္ကစီကားလေး မောင်းထွက်သွားတော့မှ ဒေါ်ဝတ်ရည်
အခရာနှင့် မျက်နှာချင်းဆိုင် ရင်ဆိုင်သည်။

"တို့ အခရာတို့နဲ့ အတူနေဖို့ အပြီး ပြောင်းလာတာပါကွယ်"

"ဘာ အဓိပ္ပါယ်မရှိတာ ရှင့်ကို ကျွန်မ လက်မခံနိုင်ပါဘူ
ဒယ်ဒီကိုလည်း အပြတ်ပြောပြီးသား။ ဒယ်ဒီ မိန်းမယူမှာ အခရာ ဘယ်
နည်းနဲ့မှ လက်မခံနိုင်ဘူး"

အခရာ အသံလေးတွေ ဒေါသကြောင့် တုန်ယင်နေပေမယ့်
ဒေါ်ဝတ်ရည်က နှုတ်ခမ်းလေးတွေ တွန့်ကာ ပြုံးသည်။

"အခရာ လက်မခံချင်လို့ မရတော့ဘူးလေ၊ ကိုကြီးနဲ့တို့
တရားဝင် လက်ထပ်ပြီးပြီ"

"ဘာ"

အခရာ မျက်နှာလေး ရဲရဲနီသွားကာ အထိတ်တလန့် မျက်
ဝလေးတွေ ပြူးကျယ်နေ၏။ ဒေါ်ဝတ်ရည်က အသံလေးထွက်အောင်





ယ်လိုက်ရင်း

"အခရာ တကယ် မသိသေးဘူး ထင်တယ်၊ ကိုကြီး ခရီးထွက်
သွားခင် ရက်ပိုင်းကပဲ တို့နဲ့ တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ပြီး
ပြီလေ"

"ဟင့်အင်း လက်မခံဘူး လုံးဝ လက်မခံနိုင်ဘူး။ ရှင့်ကို
အခရာ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး"

"ဝမ်းနည်းပါတယ် အခရာ၊ ဒီခြံနဲ့တိုက်ကို ပိုင်ဆိုင်သူက
မင်းဖေဖေနိုင်လေ၊ သမီးတစ်ယောက် ဖြစ်တဲ့ မင်းနဲ့သက်ဆိုင်သလို
တရားဝင် ဇနီးမယားဖြစ်သွားတဲ့ တို့နဲ့လည်း အခုက သက်ဆိုင်သွားပြီ"

စကားအဆုံးမှာ ဒေါ်ဝတ်ရည် ခရီးဆောင်အိတ် နှစ်လုံးကို
ဆွဲကာ ခြံခန်းထဲ ဝင်ဖို့ ကြံစည်တော့ အခရာ ရှေ့က တားဆီးရင်း

"ရှင့်ကို အခရာ လုံးဝ လက်မခံနိုင်ဘူးလို့ ပြောပြီးပြီနော်"

"မင်း တားမြစ်ပိုင်ခွင့် မရှိဘူး အခရာ၊ တို့က မင်းရဲ့ သူစိမ်း
တစ်ယောက် မဟုတ်တော့ဘူး။ မင်း ဒယ်ဒီကိုယ်တိုင် တရားဝင် လက်ထပ်
ထားတဲ့သူ မင်းရဲ့ မိခင် အဟောင်း ဟင်း မိထွေးလို့ ဆိုချင်ဆို တော်စပ်
သွားခဲ့ပြီ"

"ဟင်"

"အခရာ ခဏနေဦး"



www.burmeseclassic.com

www.burmeseclassic.com



အခရာ အနားကို သူ အပြေးရောက်သွားခဲ့သည်။ ဒေါ်ဝင်
ရည် အပြုံးတွေက အနိုင်ရထားသူ၏ လှောင်ရိပ်သမ်းသော အပြုံး
ဖြစ်နေ၏။

အခရာခမြာ ဒေါသစိတ်နှင့် အသားလေး တဆတ်ဆတ် တု
ယင်နေသည်။

"ကိုဘုန်း ဒီမိန်းမကို ခုချက်ချင်း မြို့ပြင်ဆွဲထုတ်ပစ်လိုက်စ
ပါ"

"စိတ်ထိန်းပါ အခရာရယ်၊ အခရာ လက်မခံနိုင်ရင် ဦး လ
ရှင်းသင့်တယ်"

"အဟင်း ဟင်း ငါ့မောင်က မဆိုးပါဘူး။ ဆင်ခြင်တုံတ
တော့ ရှိသားပဲ၊ ကိုကြီးလာရင် အားလုံး အဆင်ပြေသွားမှာပါ အ
မင်းကို တို့ မေတ္တာမမဲ့စေချင်ဘူးကွယ်"

"မခေါ်နဲ့ ရှင် ကျွန်မ နာမည်ကို လုံးဝ မခေါ်နဲ့ ဒေါ်ဝင်ရည်"

"ကောင်းပြီလေ မင်းဘက်က ခါးသီးနေရင် တို့ဘက်ကလည်
ခါးသီးပြရမှာပေါ့၊ မင်း နားလည်ထားဖို့က ကိုကြီးက တို့ကို မင်းထ
မေတ္တာပိုလို့ လက်ထပ်ခဲ့တာ ဆိုတာပဲ"

"ဟင်"

အခရာ အသားလေးတွေ တဆတ်ဆတ် တုန်ယင်ကာ မျ





ည်တွေ ပိုးပိုးပေါက်ပေါက် ကျဆင်းလာသည်။

ဒေါ်ဝင်ရည် လက်ထဲက ခရီးဆောင်အိတ်တွေကို ပစ်ချရင်း
ည်ခန်းထိုင်ခုံတွေဆီ ပိုင်စိုးပိုင်နင်း လှမ်းသွားကာ ဝင်ထိုင်သည်။

"အခရာ စိတ်ကို လျှော့လိုက်ပါကွာ၊ တစ်ရက် နှစ်ရက်ဆို
ခန်ကယ်လည်း ပြန်လာမှာပဲ"

"တော်တော့ ကိုဘုန်း အခရာ သဘောပေါက်လိုက်ပါပြီ အဟင့်
ဆင့်"

သူ့ကို ဆတ်ခနဲ တွန်းဖယ်ရင်း အခရာ အခန်းထဲကို ပြေးဝင်
သွားသည်။ သူ ယောင်ချာချာနှင့် ရပ်ကျန်ရစ်ခဲ့၏။

"ဒီကောင်မလေး အတော် ရိုင်းစိုင်းတယ်၊ မင်း စကားကိုလည်း
ထောင်မှာ မဟုတ်ဘူး မောင်ဘုန်း"

ဒေါ်ဝင်ရည် ဝေဖန်စကားကြောင့် သူ ခေါင်းကို ခါရမ်းရင်း

"ဒေါ်ဝင်ရည်လည်း အခုလို မလုပ်သင့်ဘူး တကယ်ဆို ဦး
မှ ဒီကို လာသင့်တယ်"

"ဘာရယ် မင်းက ငါ့ကို ဝေဖန်နေတာလား၊ ဒီမှာ မောင်ဘုန်း
မင်း ဘာကောင်လဲ၊ ဘာအဆင့်လဲဆိုတာ ကိုယ့်ကိုယ်ကို သတိရပါ"

သူ့ကို ရှုးရှုးရဲရဲ စိုက်ကြည့်ကာ ကြမ်းတမ်းသော စကားတွေ
နှင့် တုံ့ပြန်လာသည့် ဒေါ်ဝင်ရည် ရင်ထဲက အတွင်းစိတ်ကို သူ နားလည်



www.burmeseclassic.com

www.burmeseclassic.com



သိမြင်လိုက်ပါသည်။

ဒီမိန်းမကို ဦးမင်းဝေခိုင် ရွေးချယ်လိုက်တာ မှားခဲ့ပြီ။ ဟင် ဆောင် မာယာတွေနှင့် ဦးကို လှည့်စားကာ အရယူခဲ့ခြင်းဆိုတာ ထင်ရှား ပေါ်လွင်နေ၏။

ထိုအခိုက်မှာပဲ အခရာ တစ်ယောက် ကျောပိုးအိတ်လေး လွယ် ပိုးကာ-အခန်းထဲမှ ထွက်လာ၏။

"ဟင် အခရာ ဒါက ဘယ်လဲ"

သူ့အမေးကို မဖြေဘဲ အခရာ ဧည့်ခန်းထဲက ဆင်းသွားချေ၏ သူ မနေနိုင်တော့ဘဲ အခရာ နောက်ကို ပြေးလိုက်မိသည်။

"အခရာ နေပါဦး အခရာ ဘယ်ကိုသွားမလို့လဲ၊ မသွားပါနဲ့"

"အခရာကို မတားနဲ့တော့ ကိုဘုန်း၊ ဒီမိန်းမ ပြောသည် ဒယ်ဒီက အခရာထက် သံယောဇဉ်ရှိလို့ အိမ်ပေါ်အထိ ခေါ်တင်လာ တော့ အခရာ ဒယ်ဒီ့ရင်ခွင်မှာ ဆက်နေစရာ အကြောင်း မရှိတော့ဘူး"

"ဟာ မဟုတ်သေးပါဘူး အခရာရယ်၊ ဦးလည်း အိမ်မှာမရှိ သေးတော့ အခရာ မသွားပါနဲ့ ဦး ပြန်လာရင်"

"ဟင့်အင်း အခရာ ဒယ်ဒီနဲ့လည်း ရင်မဆိုင်ချင်တော့ဘူး"

အံလေး တင်းတင်းကြိတ်ကာ အခရာ မျက်ရည်တွေ ဝဲတက် လာသည်။ ဒါပေမဲ့ ယိုစီးကျမလာအောင် တင်းခံထား၏။





"အခရာ ဘယ်သွားမှာလဲ ကိုယ် လိုက်ပို့ပေးပါ့မယ်"

"ဟင့်အင်း ကိုဘုန်းလည်း လိုက်မပို့နဲ့တော့၊ အခရာ ဆက် ...ကို သွားတော့မှာ"

မင်းဆက်တိုင်းဆီ သွားတော့မှာတဲ့လား အခရာ။ သူ့ရင်ထဲမှာ ...ခနဲ ခံစားလိုက်ရသည့် အခရာ့ စကား။

"အခရာကို မတားနဲ့တော့ ကိုဘုန်း၊ အခရာ ဆုံးဖြတ်ပြီးပြီ အခရာ သွားတော့မယ်"

ကျောပိုးအိတ်လေး လွယ်ကာ လျှောက်လှမ်းသွားသော အခရာ ...ကို သူ တားမြစ်ပိုင်ခွင့် မရှိတော့သည့် အဖြစ်။

ခြံတံခါးဝမှာ အခရာ လှမ်းထွက်သွားတာကို ကြည့်ရင်း သူ ...ချောက်ချပ်ပမာ ရပ်နေမိခဲ့၏။

အခြေအနေတွေက မျှော်လင့်ထားသည်ထက် ဆိုးရွားကုန်ပြီ။ ဦးမင်းဝေခိုင် ပြန်ရောက်လာလျှင် ဘာတွေဖြစ်လာဦးမည်လဲ။

လတ်တလောမှာတော့ သူ့ရင်တွေ ထူပူလေးလံနေခဲ့သည်။

အခရာရယ် မင်းတကယ်ပဲ ဆုံးဖြတ်သွားခဲ့ပြီပေါ့။

■ ■ ■

"ခုကွပဲ မောင်ဘုန်း၊ ငါတို့ ဘာဆက်လုပ်ကြမလဲ"

ဦးထွန်း စိုးရိမ်ပူပန်စွာနှင့် သူ့ကို နစ်ကိုယ်ကြား မေးလာတော့



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှ အဖြေမပေးတတ်ပါ။

"ဟို မိန်းမကော ဦးထွန်း"

"အိမ်ထဲမှာ ရှိတယ်၊ ဒေါ်မြကိုတောင် သူနဲ့ဆရာကြီးအတွက် အခန်းပြင်ဆင်ခိုင်းနေတယ်"

ဒေါ်ဝတ်ရည် တစ်ယောက် အခရာ မရှိတော့သည့် အိမ်ကြီး ထင်ရာစိုးနေလေပြီ။ ခက်သည်က သူတို့အားလုံးမှာ ဘာမှ ပြောပိုင်ခွင့် တားမြစ်ပိုင်ခွင့် မရှိပါ။

"ဘာတတ်နိုင်မလဲ ဦးထွန်းရယ်၊ ဦး ပြန်လာတော့မှပဲ ပြဿ ကို ဆက်ရှင်းမှာပေါ့၊ အခု အခရာလည်း အိမ်ပေါ်က ဆင်းသွားပြီ"

"အေးကွာ ကလေးမလေးက စိတ်မြန်လက်မြန်လေး ငါတော့ အတော် စိတ်ရှုပ်ထွေးနေပြီဟေ့"

"လာပါ ဦးထွန်းရယ် ကျွန်တော်တို့မှ မဖြေရှင်းနိုင်တဲ့ကိ ဗျာ"

ဦးထွန်း ပခုံးကို ဖက်ကာ သူ ဦးထွန်း နေထိုင်ရာ ခြံနော ဘက်က အလုပ်သမားတန်းလျားလေးကို လိုက်ခဲ့မိသည်။

ဒေါ်ဝတ်ရည် ရှိနေသော အိမ်ကြီးပေါ်ကို မသွားချင်တာ ဦးထွန်း အခန်းလေးမှာပဲ သူ ငူငူငေါင်ငေါင် ထိုင်နေမိသည်။

တစ်နာရီကျော်လောက် ကြာတော့ ဒေါ်မြ ရောက်လာ





သူ့ကို အသိပေးသည်။

"မောင်ဘုန်းရေ မင်းကို ဟိုမိန်းမ ခေါ်နေတယ်၊ ခဏ လာပါ ဦးတဲ့"

သူ စိတ်ညစ်ညူးစွာနှင့် လိုက်ခဲ့တော့ ဧည့်ခန်းထိုင်ခုံ ဆိုဖာ ပေါ်မှာ အခန့်သား ခြေချိတ်ထိုင်နေသော ဒေါ်ဝတ်ရည် မျက်နှာက တင်းခက်ထန်လျက်

"ဒီမှာ မောင်ဘုန်း မင်းကို ကိုကြီးက အိမ်ပေါ်မှာ နေခွင့်ပြု ပေမယ့် ငါ ခွင့်မပြုနိုင်ဘူး၊ ဒီတော့ မင်းက ဦးထွန်းနဲ့အတူ သွား ပါ၊ ဒူးနေရာဒူး တော်နေရာ တော်ပေါ့၊ နားလည်တယ်နော်"

ရင်ထဲအထိ ထိရှစေသော စကားအတွက် သူ အံကြိတ်ကာပဲ သက်နေလိုက်သည်။ ဦးတောင် တစ်ခါမှ သူ့ကို ဒီလို မပြောခဲ့ပါ။

ယောကျ်ားတစ်ယောက်ရဲ့ မာနနှင့် သူ ဆုံးဖြတ်လိုက်သည်။ ရော မရှိတော့သည့် ခြံကြီးထဲမှာ သူ ဘာကြောင့် ဆက်နေရမည်လဲ။

ကျောပိုးအိတ်ထဲမှာ သူ ပိုင်ဆိုင်သော အဝတ်အစားတွေ ထည့် ခြံကြီးကို ကျောခိုင်းထွက်ခဲ့သည်။

"ကိုဘုန်း ဒါ ဒါက ဘယ်လဲ"

"ဟင် အခရာ ပြန်လာတာလား၊ ကိုယ် ဒီမှာ ဆက်မနေ လို့ ဆင်းခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ဟိုမိန်းမနဲ့ ပြဿနာဖြစ်လို့လားဟင်”

“ထားလိုက်ပါတော့ အခရာ၊ အခရာ နေရစ်ခဲ့ပါ၊ ကိုယ် ဦး ပြန်မှ လာခဲ့တော့မယ်”

အခရာကို ပြောပြီးသည်နှင့် သူ လှမ်းထွက်ခဲ့သည်။

အနောက်က ခြေသံတရှပ်ရှပ်ကြောင့် လှည့်ကြည့်မိတော့ အခရာ။ ဘုန်းလက်ညာ မျက်လုံး ပြူးသွားသည်။

“ဟင် အခရာ ဘာလို့ လိုက်လာတာလဲ ဒုက္ခပဲ”

လွှင့်မှုများနေတဲ့ စိတ်ကြောင့် အခရာ လိုက်လာတာကို သ မသတိမထားမိလိုက်။ စိတ်ညစ်သွားမိသည်။ သူ ပြောတော့ အခရာက နှုတ်ခမ်း လေးကို စူချွန်ရင်း

“ဒယ်ဒီတို့ကို မကျေနပ်လို့ လိုက်လာတာ၊ ကိုဘုန်း မရှိ အခရာ အိမ်မှာ မနေချင်တော့ဘူး။ ဝတ်ရည်ဆိုတဲ့ မိန်းမကို လုံး ကြည့်လို့ မရဘူး။ အခရာ ကိုဘုန်းနဲ့အတူ လိုက်နေပါရစေနော်”

ညှိုးငယ်သော မျက်နှာလေးဖြင့် ချွဲချွဲနွဲ့နွဲ့ အခရာ ဆိုနေ လေပုံတစ်ချက် မှတ်ထုတ်မိသည်။ အခရာကို သူ မပြောရက်တော့ ဦးမင်းဝေခိုင်ရဲ့ ဆုံးဖြတ်မှု အမှားက အခရာဆီ ရိုက်ခတ်ခဲ့ပြီပဲ။

တစ်ခါမှ လမ်းကြာကြာ မလျှောက်ဘူးတာမို့ အခရာ ပုံစံ က ပင်ပန်းနေတာ သေချာသည်။ နုဖူးပြေပြေလေးထက်မှာ ချွေး





တွေနှင့် တွယ်ကပ်နေသော ဆံနွယ်စလေးတွေကို သူ့လက်ဖြင့် သပ်တင် ပေးမိသည်။

“လာ သွားကြစို့ အခရာ”

သူ လက်ကလေးကို ဆွဲယူရင်း ပြောလိုက်တော့ အခရာ မျက်ဝန်းလေးတွေ အရောင်တောက်သွားသည်။ ပြီးတော့ သူ ခေါ်ဆောင် ရာသို့ အပူအပင်ကင်းဟန်ဖြင့် လိုက်ပါလာ၏။

“အ ကျွတ် ကျွတ်”

“အခရာ ဘာဖြစ်လို့လဲဟင်”

“အား အခရာ ခြေထောက်တွေ ဖိနပ်ပေါက်ကုန်ပြီနဲ့ တူတယ် လိုက်တာ ကိုဘုန်းရယ်”

မျက်နှာလေး ရှုံ့ရင်း ပြောလိုက်သည်။ တစ်ခါမျှ ဒီလောက် ကြာကြာ မလျှောက်ဘူးခဲ့တာမို့ ခြေဖဝါးနုနုလေးမှာ သွေးခြည်ဥနေပြီ။

ကိုဘုန်းက သူမ လက်ကလေးကို တွဲထိန်းပေးပြီး ခပ်မှန်မှန် လျှောက်ခဲ့သည်။ ပတ်ဝန်းကျင်ကို ကြည့်တော့ အမှောင်ထုက ကျရောက် နေပြီ။ လူပြတ်လတ်နေတာမို့ ယခုမှ ကြောက်စိတ်ဝင်လာသလို ကျော စိမ့်သွားသည်။

“ကိုဘုန်း ညဥ့်တောင် နက်နေပြီ၊ ဒီအတိုင်း ဆက်လျှောက်နေ ရတော့မှာလား”



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းလည်း စဉ်းစားနေပါတယ်၊ အခရာ ကိုယ်တစ်ယောက် တည်း ဆိုရင် ဘယ်နေရာအိပ်အိပ် ရတယ်၊ အခရာ ပါနေတော့"

သူမ စိတ်ပျက်သွားသည်။ စဉ်းစားကြည့်လေ ရောက်နေ နေရာကလည်း ဆင်ခြေဖုန်းဘက်။ ဒီအနားဝန်းကျင်မှာ တည်းခိုခ လည်း ရှိဟန်မတူ။

"ဩော် ဟုတ်ပြီ ဒီရပ်ကွက်ကျော်ရင် ကိုယ့်မိတ်ဆွေ တ ယောက်အိမ် ရှိတယ်၊ အဲဒီအိမ်မှာ တစ်ညတည်းကြတာပေါ့"

ကိုဘုန်းက အားပါးတရ ပြောနေသည်။ သူမလည်း အ စိတ်အေးတော့သည်။ ဒါပေမဲ့ ဘယ်အထိ ဆက်လျှောက်ရဦးမည် မ ဖေဖေ့ကို မကျေနပ်တဲ့စိတ် ဝတ်ရည်ဆိုတဲ့ မိန်းမကို မုန်းတီးမိတဲ့ စိတ် နဲ့ ကိုဘုန်းနောက်ကို တိတ်တဆိတ် လိုက်လာမိပေမယ့် ဒုက္ခမခံခဲ့ဘူး မို့ ပင်ပန်းလှသည်။

"ကိုဘုန်း ဒီနားမှာ တည်းခိုခန်းလေး ဘာလေး မရှိဘူး ဟင်"

"ရှိတော့ ရှိတယ် အခရာရဲ့၊ ဒါပေမဲ့ တည်းခိုခန်းမှာသွား တည်းရင် အခရာ အဖေ ရိပ်မိသွားနိုင်တယ်၊ ဟို အခရာကို ကိုယ် သွားတယ်လို့ ထင်နေလိမ့်မယ်"

သူ မရဲတရဲဖြင့် ပြောလိုက်ပေမယ့် အခရာကတော့





တားရဟန် မတူ။ နာကျည်းနေသည့် မျက်နှာမှာ မျက်လုံးလေးတွေ ရွှသွားပြီး

"ထင်ပါစေပေါ့ ကိုဘုန်းရယ်၊ အခရာ ဂရုမစိုက်ပါဘူး"

"ကိုယ့်လူ အော့ ခဏ အော့ ဆွေးနွေးစရာရှိလို့"

နာသီးဝမှာ ချည်စူးစူးရနံ့ကြောင့် ဘုန်းလက်ညှာ နာခေါင်းရှုံ့ သည်။ ညှင်းသိုးသိုး ဆံပင်ဘုတ်သိုက်နှင့်လူက တားဆီးလိုက်ခြင်း သည်။

အားလုံးပေါင်း သုံးယောက်။ မှတ်ဆိတ် ပါးသိုင်းမွှေး ထူလပျစ် နှင့် ဦးပြည်းပြောင်ပြောင် အသားနီစပ်စပ် လူက တစ်ဖက်စီ ခြံရံ သည်။

မိုက်တိမိုက်ကန်း ပုံစံတွေကြောင့် အခရာက သူ့ကျောကို ကပ်ထားသည်။ ပြဿနာကတော့ စပြီ။

"စကားတွေ ရှည်ဝေးလိုက်တာ အောင်ကြီးရာ၊ ဒီမှာ ကိုယ့်လူ တတာလော ငါတို့ အသုံးပြုတ်နေလို့ အော့ ရှိတာလေးတွေ ထားခဲ့ဖို့ ပြောမလို့"

"ဟ ခင်ဗျားတို့က လွယ်လှချည်လား"

"အဟက် ဟက် ဟက် တော်တော် ရယ်ရတဲ့ကောင်၊ ဇော်ကြီး ရဲ့ မင်းကို အေးအေး ပြောနေတာကွ၊ လျှာရှည်မနေနဲ့ ရှိတာထုတ်မိမ်း"

ကတုံးနှင့်လူက မုတ်ဆိတ်မွေးနှင့်လူကို လက်ဖြင့် ဖယ်ရင်း ဆိုလိုက်သည်။ စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားမိပေမယ့် ပြဿနာ မဖြစ်ချင်တာကြောင့် သည်းခံလိုက်သည်။

အိတ်ထဲကို လက်နှိုက်စမ်းကြည့်တော့ တစ်ထောင်တန် တ ရွက် ထွက်လာသည်။

"ကဲ ကဲ ရော့ ဒီလောက်ဆို ပြေလည်ပြီ မဟုတ်လား"

သူ ပိုက်ဆံကို ထိုးပေးလိုက်တော့ ကတုံးနှင့်လူ ယောင်နှ လှမ်းယူလိုက်ပြီးမှ

"ဟိတ်ကောင် မင်း ငါတို့ကို ဘာမှတ်နေလဲ တောက်"

သူ့ကို ဒေါသတကြီး တက်ခေါက်သည်။ ဆံပင်ဘုတ်သိုက် လူက သူ့အနောက် သုံးလေးလှမ်းလောက်မှာ ရပ်နေသော အခရာ မြင်သွားပြီး

"ဟိတ်ကောင် ဖော်ကြီး ဟိုကောင်မလေးဆီက လက် လက်စားတွေ ချွတ်ယူလိုက်"

တိုးတိုးလေး ကပ်ပြောတာကို ဖော်ကြီးက သဘောပေါက် ခေါင်းဆတ်ပြပြီး အခရာဆီ ဦးတည်သွားသည်။

ကတုံးနှင့် လူဆီ အာရုံရောက်နေတာမို့ ဘုန်းလက်ညာ မထားမိလိုက်။





"ဟိတ်လူ ခင်ဗျားကို တတ်နိုင်သလောက် ပေးပြီးပြီ၊ ဆက် နှောင့်ယှက်နေတော့ဗျာ၊ ခင်ဗျားတို့ သွားတော့"

"ဟေ့ကောင် အရွှေကွက်လာနင်း မနေနဲ့ မင်းတို့နှစ်ယောက်ကို ဒါတို့ စောင့်ကြည့်နေတာ ကြာပြီ"

"အို ကိုဘုန်း လုပ် လုပ်ပါဦး"

အခရာ အသံကြောင့် ခေါင်းကြီးသွားရပြီး လှမ်းကြည့်တော့ တ်ဆိတ်နှင့်ကောင် အခရာ လက်ကို ဖမ်းချုပ်နေသည်။

"ဖော်ကြီး ဖြည်းဖြည်းလုပ်ပါကွ ကောင်မလေးက အဆင်လေး ဲ တဲ ဟဲ"

"ငါ သိပါတယ်ကွာ သူ့ကိုပါ ခေါ်သွားရင် ကောင်းမလားလို့ နေတာ ဟား ဟား ဟား"

သည်းခံနိုင်စွမ်း ကုန်ဆုံးသွားသည်။ သူနှင့် သုံးလေးလှမ်းပဲ တာမို့ အခရာကို ဆွဲနေသော မုတ်ဆိတ်နှင့်ကောင်ကို လက်သီးဖြင့် းထိုးပစ်လိုက်သည်။

နားအုံကို ထိသွားပြီး အခရာကို လွှတ်လိုက်သည်။ အချိန်ဆွဲ တဲ ယိုင်နဲ့သွားတဲ့ ထိုလူ့ခေါင်းကို တံတောင်ဖြင့် ထောင်းချပစ်လိုက် ည်။ မျက်လုံးကြီး ပြူးလျက် မြေကြီးထက်မှာ သတိလစ်သွား၏။

သူ့ရဲ့ လက်ဆကို မြင်လိုက်ရတာကြောင့် နောက်လူ နှစ်ယောက်

www.burmeseclassic.com



ရှိသွားသည်။ ကြောက်ရွံ့နေသည့် အခရာ လက်ကလေးကို ဆွဲပြီး ဖ
လူနှစ်ယောက်ကို လက်ညှိုးထိုး၍

"မင်းတို့ရော စမ်းချင်သေးလား လာခဲ့"

"မ မစမ်းချင်ပါဘူး"

"ဒါဆို မင်းတို့ကောင်ကို ခေါ်ပြီး သွားတော့၊ ထို့ အညည်အချ
မရှိဘဲ လုယက်စားချင်သေးတယ်"

ဘုန်းလက်ညာ ကြိမ်းလိုက်တော့ ထိုလူနှစ်ယောက် ကုတ်ကု
ကုတ်ကုတ်ဖြင့် အဖော်ဖြစ်သူကို ထမ်း၍ ထွက်သွားသည်။

"ကို ကိုဘုန်းရယ် အခရာ ကြောက်လိုက်တာ၊ အခုထိတော
ရင်တုန်မပြေသေးဘူး"

တုန်တုန်ယင်ယင်ဖြစ်နေသော အခရာ လက်ဖဝါးလေးကို ဖျ
ညှစ်ထားမိသည်။

လမ်းမီးရောင်ဖြင့် မြင်နေရသည့် မျက်နှာလေးက ဝင်းဖန့်
သည်။ နီစွေးစွေး နှုတ်ခမ်းဖူးဖူးလေးကို ကြည့်ကာ သူ့ရင်ခုန်သံ
မူမမှန်ချင်တော့။

မွှေးပျံ့နွေးအိအိ ခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ဖက်
ပစ်လိုက်ပြီး ရှန်ပိုသင်းသင်း ဆံနွယ်လေးတွေကို နမ်းရှိုက်ပစ်လိုက်

"အို"





ရင်ဘတ်ချင်း ထိတပ်သွားသည့် အထိအတွေ့ကြောင့် အခရာ
ကျ်ရွံ့သွားမိသည်။ ရုန်းထွက်ပစ်ဖို့ ကြိုးစားမိပေမယ့် သန်မာသော
န်းလက်ညာ ရင်ခွင်ကျယ်ကြီးထဲက မလွတ်မြောက်နိုင်။

"ကိုဘုန်း ဘာလုပ်တာလဲ လွှတ်ပါ၊ အခရာ အသက်ရှူကျပ်
ာပြီ"

ကျယ်လောင်သော ရင်ခုန်သံကို ပြန်ကြားနေရသည်။ ဘုန်း
က်ညာက ဖြေလွှတ်ပေးလိုက်ပြီး ပခုံးသားလေးကို ဆုပ်ကိုင်လိုက်သည်။

ပြီးတော့ သူမ မျက်နှာလေးဆီသို့ သူ့မျက်နှာကို တိုးကပ်လာ
ည်။ နီးကပ်လာသည့် မျက်နှာချောချောကြီးကြောင့် ဒူးတွေပင် ညွှတ်
ွေသွားလောက်အောင် မောဟိုက်သွားရသည်။

မျက်လုံးတွေကို မှိတ်ချပစ်လိုက်သည်။ ဒါပေမဲ့ သူမ မျက်နှာကို
ာမှ လာမထိတွေ့ခဲ့။ သူမ မျက်ဝန်းတွေကို ဖွင့်လိုက်တော့ ဘုန်းလက်
ညာက ပခုံးတွေကို ဖြေလွှတ်ပေးလိုက်ပြီး

"ဆောရီး အခရာ ကိုယ် ကိုယ် သတိလက်လွှတ် ဖြစ်သွားတာ
ိုယ် တောင်းပန်ပါတယ်"

ဘုန်းလက်ညာက တောင်းပန်စကား ဆိုသည်။ လူပုရုက်ရှ
တာကြောင့် ဘုန်းလက်ညာ မျက်နှာကို မကြည့်ရဲဘဲ သူမ ခေါင်းငုံ့
မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားကြရအောင် အခရာ"

သူမ လက်ကလေး လှမ်းဆွဲလိုက်တော့ ကျင်ခနဲ ဓာတ်လိုက် သလို ဖြစ်သွား၏။ ဘာဖြစ်တာလဲ တစ်ခါမှ မခံစားဘူးတဲ့ အသိတစ်မျိုး က သူမကို စေ့ဆော်နေသည်။

ဖွတ်တရွတ် ဆန်စွာဖြင့် သူမကို ပြုမူခဲ့သော ဘုန်းလက်ညာ ကို သူမ ဒေါသမဖြစ်တာ ဘာကြောင့်လဲ။

စိတ်ဆိုးဖို့ မေ့လျော့သွားလောက်အောင် ဘုန်းလက်ညာ စွဲဆောင်မှု ရှိနေလို့လား။

သူမ မသိပါ။ ဘုန်းလက်ညာကို စိတ်မဆိုးမိတာတော့ သေ သည်။ သူ လုပ်ချင်တာတွေ လုပ်သွားပြီး ဆောရီးဆိုတဲ့ စကားတစ်ခွ နဲ့တင် သူမ ကျေနပ်လိုက်သည်ပဲ။

ပြီးတော့ တောင်းပန်သည်သာ ဆိုတာ လေသံက မာရေ ရေ။ လက်ကိုတောင် ထပ်ကိုင်လိုက်သေးသည်။

လူဆိုးကြီး ဘုန်းလက်ညာ။

■ ■ ■



အခန်း (၂၁)

"ကိုဘုန်း"

"ဟင်"

"ကိုဘုန်း အသိအိမ်ဆိုတာ မရောက်သေးဘူးလား။ အခရာ ခံနိုင်တော့ဘူး။ ချမ်းလည်း ချမ်းလာပြီ"

"သုံးအိမ်လေးအိမ်ကျော်ရင် ရောက်ပါပြီ အခရာရဲ့၊ ရော့ ဒီယှဉ်ဂျာကင်ကို ခြုံထား"

ဘုန်းလက်ညာက အပေါ်ဂျာကင်ကို ချွတ်၍ သူမကို လွှမ်းခြုံ ပေးသည်။ ဂျာကင်အောက်မှာ ဖွပ်ကျယ်တစ်ထည်သာ ခံဝတ်ထားတာကို သူမ အားနာသွားမိသည်။

"ကိုဘုန်း ချမ်းနေမှာပေါ့။ ပြန်ဝတ်ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် အခရာ၊ ဒီအအေးဓာတ်လောက်တော့ ကိုယ် မမှု
ဘူး၊ အခရာ ခြုံထားပါ"

သူမ ရှေ့မှာရို ဟန်ဆောင်နေတာလား။ ဘုန်းလက်ညှာ လ
မောင်းမှာ ကြက်သီးဖုလေးတွေ ထနေတာ သတိထားမိပါသည်။

ဘုန်းလက်ညှာ မျက်နှာကို ခိုးကြည့်မိတော့ သူမနှင့် အကြ
ခြင်း ဆုံသည်။ ရှက်ရွံ့စွာ မျက်နှာလွှဲပစ်လိုက်ရသည်။

သူ့ပုံစံကြည့်ရတာတော့ ဘာမှမဖြစ်သလိုပင်။ သူမကိုတော
ပြုံးပြနေသေးသည်။

ခနိုမိုး ထရံကာ အိမ်လေး တော်တော်များများကို ဖြတ်ကျေ
ခဲ့ပြီးနောက် သွပ်မိုးထရံကာ ခြေတံရှည်အိမ်တစ်လုံးရဲ့ ရှေ့မှာ ဘုန်းလ
ညှာ ရပ်လိုက်သည်။

"ဒီအိမ်ပဲ အခရာ"

ဘုန်းလက်ညှာ ဆိုတော့ မအံ့ဩမိပေမယ့် သူမ အတွက်တေ
ထူးဆန်းနေသည်။ မှိန်ပျပျ ထွန်းထားသော မှန်အိမ်ရောင်လေးဖြင့် အိ
လေးက ကုတ်ချိုချို။

"ဘာလဲ အခရာ စိတ်ပျက်သွားပြီလား။ တစ်ညလောက်တော
ဒီလိုပဲ သည်းညည်းခံရမှာပဲ၊ အခရာတို့ အိမ်လိုတော့ ပြည့်စုံမှာ မဟု
တာ သေချာတယ်"





"စိတ်မပျက်ပါဘူး ကိုဘုန်းရယ်၊ အခရာ နေနိုင်ပါတယ်၊
ခရာ အတွက် နေရာသစ်ဆိုတော့ ထူးဆန်းနေလို့ပါ"

မျက်ဆံနက်လေးတွေ တောင့်ကမ်းရင်း ပြောလိုက်သည့် အခရာ
ကြည့်ပြီး သူ သက်ပြင်းချမိသည်။ ကိုယ့်ဒုက္ခကိုယ် ရှာတဲ့ ကောင်မ
လေး

"မောင်မောင် မောင်မောင် မောင်မောင်ရှိလား"

သူ အော်ခေါ်လိုက်တော့ လှေကားထစ်အတိုင်း မိန်းကလေး
မ်ယောက် ဆင်းလာပြီး

"ကိုမောင် ရှိပါတယ်၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

"မောင်မောင့် သူငယ်ချင်း ဘုန်းလက်ညှာ ရောက်နေတယ်
လို့ ပြောပေးပါ"

"ဟာ ဘုန်းလက်ညှာလား လာလေကွာ၊ အပေါ်တက်ခဲ့၊ မိန်းမ
ရှ ခေါ်ခဲ့ပါဟေ့"

အားရဝမ်းသာ အသံဖြင့် မောင်မောင် လှမ်းအော်တော့ မောင်
ဆင့်ဓနီးက သူတို့နှစ်ယောက်ကို အိမ်ပေါ် ဦးဆောင် ခေါ်သည်။

အိမ်ပေါ်ရောက်တော့ မောင်မောင် အားရဝမ်းသာဖြင့် သူ့ကို
ကြိုဆက်သည်။

"ဟာ သူငယ်ချင်းရာ မတွေ့တာ ကြာပြီ၊ ဝမ်းသာလိုက်တာ"



www.burmeseclassic.com

မောင်မောင်က အခရာကို မြင်တော့ မချိုမချဉ် မျက်နှာ
သူ့နားနား တိုးကပ်ပြီး ပြောသည်။

"ဟော့ကောင် မင်းလာတာ အချိန်မတော်ကြီး ကောင်မ
တစ်ယောက်လည်း ပါလာတယ် ဘာလဲ မိန်းမခိုးလာတာလား"

"မင်းကတော့ လုပ်ပြီ ထင်ရာစွတ်ပြောနေပြန်ပြီ"

"ရှက်မနေပါနဲ့ကွာ ဒါတွေက ဖြစ်ရိုးဖြစ်စဉ်ပဲ"

"အေး ဟုတ်တယ် ဒီတစ်ည မင်းအိမ်မှာ အိပ်မယ်၊ ဘယ်
လဲ"

ရှင်းပြလည်း မယုံမည်အတူတူ သူလည်း ပါးစပ်ထဲရှိရာ
ပစ်လိုက်သည်။ ကိုယ်တော်ချောက သဘောတွေကျနေသေး၏။
အားနာနာဖြင့် အခရာကို ကြည့်မိတော့ ခေါင်းကလေး ငုံ့ထား၏

"ဒီလိုမှပေါ့ကွ အေးဆေးပဲ သူငယ်ချင်း။ မင်းတို့ လွတ်
လပ်လပ်သာနေ၊ ဒါနဲ့ ဘာစားပြီးပြီလဲ၊ ငါ့အိမ်မှာတော့ ဘာမှမရှိ
ဘူး"

"ကိစ္စမရှိပါဘူးကွာ ငါတို့ စားခဲ့ပြီးပါပြီ"

"အိုကေ ဒါဆို မင်းတို့ အနားယူလိုက်တော့၊ မိန်းမ
ကိုယ့်အချစ်ဆုံး သူငယ်ချင်း ဘုန်းလက်ညာတဲ့၊ သူတို့
ဒီမှာ တစ်ညတည်းလိမ့်မယ်"





မောင်မောင်က သူ့ဝသီအတိုင်း အော်ကြီးဟစ်ကျယ်ဖြင့် သူ့
နှင့်မိတ်ဆက်ပေးသည်။ အခရာ သူ့ကို ဒေါကန်နေပြီလား မသိ။

"ဟုတ်ကဲ့ ကိုဘုန်းလက်ညာ အကြောင်းတော့ သူက အမြဲ
ပြောတာ၊ လာလာ ညီမလေး ဟို အခန်းလေးထဲမှာ အေးအေးဆေးဆေး
ကြပေါ့၊ ကျွန်မတို့တော့ အပြင်မှာပဲ အိပ်တော့မယ်"

မောင်မောင်က ဣန္ဒြေမရစွာ ပြုံးပြုံးပြုံးနေတော့ အံကြိတ်ပြီးရင်း
ခန်းထဲ ဝင်ခဲ့သည်။ အခန်းဟု ဆိုသော်လည်း ထရံကာထားရုံမျှသာ
သည်။

အိပ်ရာထက်မှာ ခြေပစ်လက်ပစ် လှဲချပစ်လိုက်သည်။ မျက်လုံး
တို မှေးမှိတ်လျက် အညောင်းဖြေနေမိသည်။

ပြီးမှ အခရာကို သတိရသွားပြီး ကြည့်မိတော့ အခရာက
ရဲ့ ထောင့်နားမှာ ဒူးလေးကွေး၍ ထိုင်နေသည်။

"အခရာ ဘာလုပ်နေတာလဲ မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူး ကိုဘုန်းဘာသာ အိပ်"

"ဟ ဘယ်လိုဖြစ်ရတာလဲ၊ ဒီလောက် ပင်ပန်းထားတာ မအိပ်
ဘယ်ဖြစ်မလဲ"

သူပြောတော့ အခရာ နှုတ်ခမ်းကလေး စူချွန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ရဲပါဘူး ကိုဘုန်းက ယုံစရာမှ မရှိတာ၊ ပြီးတော့ ပိုင်စိုးပိုင်နင်းနဲ့ လူကိုပဲ နိုးလာတာလေး ဘာလေးနဲ့"

"ဟား၊ ဟား၊ ဟား၊ အခရာကတော့ လုပ်ပြီကွာ၊ အခြေအ အရ ပြောလိုက်ရတာပါ၊ အခရာကို ကိုယ် ဘာမှမလုပ်ပါဘူး။ အိပ်တော့ နော်၊ အိပ်ရေးမဝဘဲ နေဦးမယ်"

သူ့ကို တကယ် ကြောက်ရွံ့နေဟန်လေးကြောင့် ရယ်မော ပြောလိုက်ရပေမယ့် အခရာက လက်မခံ။

"အို မအိပ်ချင်ပါဘူး၊ ကိုဘုန်းဘာသာ အိပ်ပါ အခရာ ဝင်အိပ်မယ်"

"မရဘူးကွာ အခု အိပ်ရမယ်၊ ကိုယ့်ကို ဘာကြောက် လိုလဲ၊ အခရာကို လက်ဖျားနဲ့တောင် မတို့ဘူး စိတ်ချ"

"ဟင့်အင်း ကိုဘုန်း အိပ်ပါ၊ အခရာကို စိုးရိမ်မနေပါနဲ့"

နားစွဲလေးတွေ ခါရမ်းသွားအောင် ငြင်းနေသည့် အ ပုံစံ လေးက ချစ်စရာ။ သူ အသည်းယားသွားသည်။ ရင်ထဲမှာ အ စနောက်ချင်သည့် စိတ်က ဘယ်လိုမှ ထိန်းမရ။

"အို အမေ့ ကိုဘုန်း ဒါ ဘာလုပ်တာလဲ၊ အခု ပြန်ချ"

ရုတ်တရက် အနားတိုးကပ်သွားပြီး သူ ပွေ့ချီပစ်လိုက် အခရာ တော်တော် ထိတ်လန့်သွားသည်။





"အိပ်ဆို အိပ်လိုက်ပါလား၊ ဘာဖြစ်လို့ ဒီလောက်တောင် ငြင်း နေရတာလဲ၊ ဒီလိုမှ မဟုတ်ရင် ဒီည မိုးလင်းတော့မယ်"

အခရာက သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးတွေဖြင့် ထုနှက် ရှုန်းကန်နေသည်။

"ကိုဘုန်း လွှတ်လို့ ပြောနေတယ်နော်"

အခရာကို အိပ်ရာထက်မှာ သူ အသာတင်ပေးလိုက်သည်။ အခရာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြီး

"အဟင့် ဟင့် ဒီကတော့ သူ့ကို ယုံပြီး လိုက်လာတာ၊ တော် ဆော် အကျင့်မကောင်းတဲ့ လူကြီး အီး ဟီး ဟီး"

"ဘာဖြစ်လို့ ငိုရတာလဲ အခရာ၊ မောင်မောင် ကြားသွားရင် ဘ်မျိုး ထင်နေဦးမယ်၊ တိတ်တော့နော်"

အခရာ မတိတ်တော့ သူ စိတ်မရှည်နိုင်တော့ ဖက်ခေါင်းအုံး ည်ကြီးကို အခရာနှင့် သူ့ကြားမှာ ပစ်ချလိုက်ပြီး

"ကဲ ဒီမှာ ကာထားလိုက်ပြီ တော်ပါတော့ကွာ ရှုးတောင် ရှုး ချင်လာပြီ"

စိတ်ညစ်ညစ်နှင့် အခရာနှင့် ဆန့်ကျင်ဘက် မျက်နှာမူ၍ လှဲ ပစ်လိုက်သည်။ ခဏနေတော့ အခရာ အသံပျောက်သွားသည်။

သူလည်း ပင်ပန်းထားတာမို့ မျက်လုံးတွေ မှေးစင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှောင်းညာနေတာကြောင့် ဟန်မဆောင်နိုင်ဘဲ အိပ်ပျော်သွားသည်။

ဖျတ်ခနဲ နိုးသွားတော့ ညဥ့်လယ်လောက် ရောက်နေပြီ ဖြ... သည်။ အခရာကို သတိရမိတော့ သူ ထထိုင်လိုက်သည်။

ဆောင်းည၏ အေးစိမ့်မှုက လက်ဖျားတွေပင် အေးစက်... သည်။ အခရာကို ကြည့်မိတော့ ကွေးကွေးလေး အိပ်မောကျနေသည်...

စောင်ကို ယူပြီး အခရာ ခန္ဓာကိုယ်လေးပေါ်မှာ လွှမ်းခြုံ... လိုက်သည်။ သူ့ကို ကြောက်ရွံ့ပါသည်ဆိုတဲ့ အခရာက အခု အိပ်... ကျနေတော့လည်း တုတ်တုတ်တောင် မလှုပ်။

ပါးပြင်ထက်က မျက်ရည်စီးကြောင်းလေးတွေနဲ့ အခရာ... သနားစိတ်ဖြင့် ငေးကြည့်မိသည်။ ဝိုးရိုးရိုး နှုတ်ခမ်းလေးတွေကို ကြည့်... စိတ်တွေ မနိုင်ချင်တော့။

နှုတ်ခမ်းလေးတွေဆီ တိမ်းမူးစွာ မျက်နှာအပ်မိသွားသည်... ဒါပေမဲ့ အခရာ အိပ်ပျော်နေရင်း တွန့်သွားတော့ အသိစိတ် ဝင်... သည်။ ကိုယ့်ကိုယ်ကို ထိန်းချုပ်ဖို့ မေ့လျော့သွားမိတာကို အပြစ်... သည်။

အခရာကို သူ မနမ်းရက်တော့ပါ။

မင်း သိပ်ချစ်ဖို့ ကောင်းတယ် အခရာ။

■ ■ ■



အခန်း (၂၂)

"တောက်"

တလိပ်လိပ် တက်လာသော ဒေါသတရားတွေ ပေါက်ကွဲသွား... ည်။ ခေါက်တည်ရာမရနိုင်အောင် ဦးမင်းဝေခိုင် ခေါက်တုန့်ခေါက်ပြန် ...ျှောက်နေတာ ဘယ်နှခေါက် ရှိခဲ့ပြီ မသိ။

မိုက်လိုက်တဲ့ သမီး၊ မိတဆိုး သမီးလေးဆိုပြီး အလိုလိုက်ခဲ့ ...ည်။ အခုတော့ သူလုပ်ချင်ရာ လုပ်သွားခဲ့သည်။

သူလည်း ဒေါသစိတ်ဖြင့် ဘုန်းလက်ညာကို ပြောလိုက်တာ ...သွားခဲ့သည်။ ဒါပေမဲ့ ဒီကောင်လေးကို သမီး ဒီလောက် ခင်တွယ် ...ည်ဟုတော့ ထင်မထားခဲ့တာ အမှန်။

"ဝတ်ရည် ဒီမှာရှိတဲ့ တည်းခိုခန်းတွေ အကုန်လုံးကို ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



မေးပြီးသွားပြီလား''

''မေးပြီးသွားပြီ ကိုကြီး ရောက်မလာဘူးတဲ့''

''ဘယ်နေရာတွေများ ရောက်နေလဲ မသိဘူး။ သမီးလေး တစ်ခါမှ ဆင်းဆင်းရဲရဲ နေဖူးတာ မဟုတ်ဘူး''

''စိတ်အေးအေး ထားစမ်းပါ ကိုကြီးရယ်၊ အချိန်တန်ရင် ပြ ရောက်လာလိမ့်မယ်၊ ကြာကြာ မနေနိုင်ပါဘူး''

ပေါ့ပျက်ပျက်နိုင်တဲ့ ဝတ်ရည် စကားကြောင့် သူ့ စိတ်ထဲ နိုးလို့ခုလု ဖြစ်သွားသည်။

''မင်း ဘယ်လို ပြောလိုက်တာလဲ အခုရာက ကိုယ့်သမီး အရင်းပါကွ၊ ကိုယ့်သမီးကို မင်း သမီးရင်းလို သဘောထားသင့်တယ်''

''ဝတ်ရည်က ဒီလို သဘောမျိုး ပြောတာ မဟုတ်ပါဘူး ကိုကြီးရယ် ဟို ကိုကြီး စိတ်သက်သာရာရအောင် ပြောမိတာပါ''

ဝတ်ရည်က မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ပြီး ချက်ကျ လက်ကျ ရှင်းပြနေပြန်တော့ သူ စိတ်ပြေသွားရပြန်သည်။

ဦးမင်းဇေနိုင် ရင်ထဲမှာတော့ ဘုန်းလက်ညာကိုလည်း စိတ်ပူ နေပါပြီ။ ဒီကလေးက သားအရင်းလို ဖြစ်နေတာ မဟုတ်လား။

သမီးလေး နေရေးစားရေး ဒုက္ခရောက်နိုင်ပေမယ့် ဘုန်းလက် ညာ လက်ထဲမှာ မှဲ့တစ်ပေါက် မစွန်းမှာတော့ သေချာပါသည်။





ဘုန်းလက်ညာ စိတ်ထားကို သူ အမြဲချီးမွမ်း အကုန်သိသည့် ပြီး ဝတ်ရည် သမီးနှင့် ဆက်ဆံရေး မပြေပြစ်တာကိုတော့ သဘော တွေ့ချင်။ သူ ဝတ်ရည်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ သမီးလေး ထီးမကျန်ဘဲ လုံခြုံဖို့။

''ကိုကြီး ဘာတွေ တွေးနေတာလဲ''

''ဟင် ဘာမှ မဟုတ်ပါဘူးကွာ သမီးလေး အနေအစား ဆင်းရဲမှာကို တွေးနေမိတာပါ''

သူ့ပခုံးကို မှီနွဲ့ရင်း ဝတ်ရည်ဆိုတော့ သူ ရှင်းပြမိသည်။

''အခုရာက ကလေးသာသာပဲ ရှိသေးတာပါ၊ ကိုကြီးရယ်၊ သူ အငတ်ခံနိုင်မှာ မဟုတ်ပါဘူး။ မကြာခင် ပြန်ရောက်လာမှာပါ''

''ပြန်ရောက်လာအောင် စောင့်နေဖို့ထက် တွေ့အောင် ရှာဖို့ က အရေးကြီးတယ် ဝတ်ရည်''

''ဝတ်ရည်လည်း တတ်နိုင်သလောက် ကြိုးစားပြီး စုံစမ်းနေ တာပဲ ကိုကြီးလည်း ရှာနေတာပဲ မဟုတ်လား''

ဝတ်ရည်က နှုတ်ခမ်းဆူတော့ သူ ပြန်ပျော့ရပြန်သည်။

''ကိုယ်က ဝတ်ရည်ကို အပြစ်တင်နေတာ မဟုတ်ပါဘူးကွာ၊ ထားသင့်တာကို ပြောပြနေတာပါ''

ဝတ်ရည် ခေါင်းလေးကို ထွေးပွေ့ရင်း ဆိုလိုက်မိသည်။ ဦးမင်း



www.burmeseclassic.com

www.burmeseclassic.com



ဝေနိုင် ရင်ထဲမှာတော့ သမီးအတွက် ပူရတာက တစ်မျိုး မယား[illegible]

ချော့ရတာ တစ်မျိုးနှင့် စိတ်တွေ ရှုပ်ထွေးနေသည်။

သူ့အဖြစ်က ဆေးမင်ကြောင် ထိုးသူလို မကြိုက်တော့၍ [illegible]ဖျက်မရသည့် ကိန်းဆိုက်နေသည်။

သမီးလေး အဖော်ရအောင် ပြီးတော့ သူနဲ့လည်း သင့်[illegible]သည်ဟု မှတ်ယူပြီး လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သမီးနဲ့လည်း မတည့်၊ သူက သမီးနဲ့မယား[illegible]သောက်များနေတာသာ အဖတ်တင် ကျန်ခဲ့သည်။

ဖြစ်ပြီးမှတော့ [illegible]နောင်တလည်း မရချင်တော့ပါ။ အခုအချိ[illegible] အရေးကြီးတာက သမီးလေး အိမ်ပြန်လာဖို့။

သမီးရယ် ဒယ်ဒီကို ခွင့်လွှတ်ပါ။

■ ■ ■



## အခန်း (၂၃)

"ဦး ပြန်ရောက်နေပြီ အခရာ"

သူ စုံစမ်းကြားသိလာသော သတင်းကို ပြောပြတော့ အခရာ[illegible]နှာလေး တင်းခနဲ ဖြစ်ကာ

"ဒယ်ဒီ့ကို အခရာ မုန်းတယ် ကိုဘုန်း။ အခရာကို လိမ်ညာ[illegible] ဒယ်ဒီ လုပ်ချင်တာ လုပ်သွားခဲ့တာ"

ခုချိန်ထိ ဖခင်ဖြစ်သူကို နာကျည်းစိတ်မပြေနိုင်သေးသော [illegible]ရာကို သူ နှစ်သိမ့်ရှင်းပြရပြန်သည်။

"ဦးက ဒေါ်ဝတ်ရည်ကို မဖြစ်မနေ လက်ထပ်လိုက်ရတာပါ [illegible]ရာရယ်"

"အဲဒီ အကြောင်းတွေ အခရာ ဘာမှမသိချင် မကြားချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး ကိုဘုန်း။ ကိုဘုန်း ဘာလို့ ဒယ်ဒီ့ သတင်းသွားစုံစမ်းတာလဲ အခရာ့ကို ပြန်ခေါ်သွားမလို့လား။ အခရာ လုံးဝ လက်မခံဘူးနော် ရတယ် ကိုဘုန်း လက်မခံထားချင်ရင် အခရာဘာသာ သွားမယ်"

ဘောက်ဆတ်ဆတ်ကလေး ဆိုရင်း ငေါက်ခနဲ ထရပ်သည် အခရာကို သူ ကသောကမျော လှမ်းဆွဲရင်း တားရသည်။

"ဟာ အခရာ ထင်သလို မဟုတ်ပါဘူး။ ကိုယ် ရှင်းပြတာ လည်း နားထောင်ပါဦး။ ကိုယ် သွားတာတော့ ဦးနဲ့ တွေ့နိုင်ဖို့ပဲ၊ ဒါ ဒေါ်မြ ဈေးဝယ်လာရင်း ကြားတဲ့သတင်းကြောင့် ဦးဆီတောင် မသွား တော့ဘဲ ပြန်လှည့်လာခဲ့ရတာ"

"ကိုဘုန်းက ဘာသတင်း ကြားခဲ့လို့လဲ"

"ဟို အဲ ဦး အထင်လွဲနေတယ် အခရာ"

အခရာ မျက်မှောင်လေး ကျုံ့ကာ နားမလည်သလို ကြ သည်။ သူ မျက်နှာထူပူစွာနှင့် အခရာရဲ့ အကြည့်တွေကို ရှောင်လွဲ ရှင်းပြမိသည်။

"ဦးက အခရာ့ကို ကိုယ် ခေါ်သွားတာလို့ ထင်နေတယ် အခရာကို ကိုယ် ခိုးသွားတယ်လို့ ထင်သွားတာ"

"ဟင်"

အခရာ အံ့ဩစွာ မျက်လုံးကလေး ဝိုင်းသွားသည်။





"အဲဒီအတွက် ကိုယ့်ကို ဦး အတော် ဒေါသဖြစ် စိတ်ဆိုးနေ ာယ်တဲ့၊ ဒေါ်မြ ပြောလိုက်တာတဲ့၊ မြို့မှာ အခရာနဲ့ ကိုယ် အတူ ာွက်သွားတာကို ဒီမိန်းမကြီး မြင်သွားတာကိုး"

အခရာ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ရင်း အံကလေး ကြိတ်သည်။

"ဒီမိန်းမယုတ် စကားကို ဒယ်ဒီကလည်း ယုံကြည်မှာပေ့၊ ားလိုက်ပါ အခရာတော့ ခေါင်းထဲ မထည့်ဘူး"

အခရာက အလေးအနက် မထားသလို ပေ့ါပေ့ါလေး ပြော ာယ့် သူကတော့ အလေးမထားဘဲ မနေနိုင်ပါ။ အခရာရဲ့ သိက္ခာ ာရေးကိုတော့ ငဲ့ကွက်ရမည်။

ပြီးတော့ ဦးမင်းဝေခိုင် ထင်မြင်ချက်တွေက မဟုတ်တာ အမှန်။ ရှုတရားကို မထောက်ထားဘဲ စော်ကားသူလို့လည်း သူ အထင် ်နိုင်ပါ။

"ဘာတွေ တွေးနေတာလဲ ကိုဘုန်းရဲ့"

"ဪ အခရာအတွက် စဉ်းစားနေတာပါ၊ အခရာကို မေး ာယ်၊ အခု အခရာ အိမ်က ဆင်းလာတာကို မင်းဆက်တိုင်း သိပြီး ားဟင်"

အခရာ မျက်နှာလေး အရောင်ပြောင်းသွားတာ သူ သတိထား



www.burmeseclassic.com

www.burmeseclassic.com



မိတ်။ မျက်ဝန်းနက်နက်လေးတွေ လင်းခနဲ ရှုရှသွားသည် ထင်မိ

"မင်းဆက်တိုင်းရဲ့ အဖွဲ့တွေကို အခရာ သိလိုက်ရတယ်
ကိုဘုန်း"

"ဟင် ဘယ်လို"

အခရာ နှုတ်ခမ်းလေးတွေ မွဲမွဲကလေး ပြုံးသည်။ မျက်ဝန်း
ထဲ ထင်နေသော အရိပ်တို့က နာကျည်းရိပ်လား။ သူ မဝေခွဲတတ်

မင်းဆက်တိုင်းနှင့် အခရာတို့ ဘာတွေဖြစ်ခဲ့ကြတာလဲ။ သိ
စိတ်တို့နှင့် အခရာ့အသံကိုပဲ သူ စိတ်ဝင်စားစွာ နားစွင့်ထားမိသ

■ ■ ■

ဆိုင်ကလေးထဲမှာ အခရာ ဆယ်မိနစ်လောက် စောင့်လိုက်
သည်။ ဆယ်မိနစ်ကျော်လောက်မှ မင်းဆက်တိုင်း ကားလေး ထိုးရပ်
ကသောကမျော ရောက်လာသည်။

"ဆောရီး ကိုယ် နောက်ကျသွားတယ် အခရာ"

တောင်းပန်စကားဆိုရင်း အခရာရဲ့ ပိုင်းအထိ လျှောက်
ကာ မင်းဆက်တိုင်း ဝင်ထိုင်ရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်
"ကိုယ်တို့ ဆုံနေကျ ဆိုင်လေးမှာပဲ အခရာ ချိန်းသင့်တယ်





ကြာ ကိုယ့်ကို လူတွေတွေ့သွားရင် ခက်ကုန်မယ်"

"ခက်မနေနဲ့ ဆက်၊ အခရာမှာ အရေးကြီးနေလို့ အဆင်ပြေ
မယ့် နေရာကို ချိန်းလိုက်တာပါ။ ဆက် မျက်မှန်မည်းနဲ့ ဦးထုပ်ကို
ညီး ဆောင်းထားဦး။ ဒါဆို ဘယ်သူမှ ဆက်ကို မမှတ်မိနိုင်ပါဘူး"

စောင့်ရသည့် စိတ်ကလေး ဒေါသသင့်နေတာမို့ အခရာ ခပ်ရွဲ့
ရွဲ့လေး ပြောမိသည်။

"ကိုယ်က လွတ်လွတ်လပ်လပ် စကားမပြောရမှာစိုးလို့ပါကွာ၊
ကိုယ့် ပရိသတ်တွေ စုဝိုင်းလာရင် ရှောင်ပြေးလို့လည်း မရဘူးလေ"

လေသံကလေးနှင့် ညည်းသလို ဆိုတော့ အခရာ သနားသွား
မိပြန်၏။ ဟုတ်တော့လည်း ဟုတ်သား။ မင်းဆက်တိုင်းဆိုတာ နိုင်ငံသိ
ဆိုတော် တစ်ယောက်ပဲလေ။

"အခရာ စိတ်ညစ်လို့ စိတ်တိုသွားတာပါ၊ ဆောရီးနော် ဆက်"

သူ့ကို စာနာ နားလည်စိတ်ကလေးနှင့် အခရာကပဲ ပြန်
တောင်းပန်မိသည်။ မင်းဆက်တိုင်းက အခရာ လက်ကလေးကို ဆုပ်ကိုင်
ကာ ပြုံးသည်။

"အဲဒီလို နားလည်မှု ရှိတဲ့ ချစ်သူလေးကို ကိုယ်က ချစ်နေ
တာပေါ့၊ ကဲ ပြော အခရာ အရေးကြီးတဲ့ ကိစ္စဆိုတာ"

"အခရာ အိမ်က အပြီးဆင်းလာတာ ဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာ ရယ်"

ဆုပ်ကိုင်ထားသော အခရာ လက်ကလေးကိုတောင် ယော
ရမ်း လွှတ်ကာ မင်းဆက်တိုင်း အံ့သြစွာ မေး၏။

"ဟုတ်တယ် ဒယ်ဒီကို စိတ်ဆိုးပြီး အိမ်က ဆင်းလာခဲ့တာ"

"အခရာ ကိုယ့်ကိုနောက်နေတာ မဟုတ်ပါဘူးနော်"

"ဪ ဒါ နောက်စရာလား ဆက်ရယ်၊ ဟောဒီမှာ ကျော
အိတ် တစ်လုံးပဲ ပါတယ်"

နံဘေးက ထိုင်ခုံပေါ် တင်ထားသော ကျောပိုးအိတ်ကို ပြ
မင်းဆက်တိုင်း ယုံကြည်သွားဟန်နှင့်

"ဘယ် ဘယ်လိုဖြစ်လို့လဲ အခရာရယ်"

"အခရာ ဘယ်လိုမှ လက်မခံနိုင်တဲ့ အလုပ်ကို ဒယ်ဒီ
လိုက်ပြီ ဆက်၊ ဒယ်ဒီ လက်ထပ်ယူလိုက်တဲ့ မိန်းမ အခု အိမ်ပေါ်
နေပြီလေ"

"ဟင်"

"ဟုတ်တယ် လောလောဆယ် ဒယ်ဒီလည်း မန္တလေးသွား
တယ်၊ ဒါပေမဲ့ အဲဒီ မိန်းမကို ဒယ်ဒီ တရားဝင်လက်ထပ်ပြီး
အခရာ လည်း အခုမှ သိလိုက်တာ"

မင်းဆက်တိုင်း စိတ်ပျက်စွာ ခေါင်းကို ခါရမ်းသည်။





"ဟား ပြဿနာပါလားကွာ၊ အခရာက ဘာလို့ ချက်ချင်းကြီး
အိမ်ပေါ်က ဆင်းခဲ့ရတာလဲ"

"အို ဒီမိန်းမကို အခရာ လုံးဝ ကြည့်မရဘူးလို့ ဆက်ကို
ပြောပြဖူးသားပဲ၊ တစ်အိမ်တည်း နေဖို့ဆိုတာ ဝေလာဝေးပဲ၊ ဒါကြောင့်
ဆင်းလာတာ"

မင်းဆက်တိုင်း ကျွတ်ခနဲ စုပ်သပ်ရင်း မျက်မှန်ကို ချွတ်သည်။
အခုမှ ထင်ထင်ရှားရှား မြင်လိုက်ရသည့် မင်းဆက်တိုင်း မျက်ဝန်းတွေ
ထဲမှာ စိတ်ညစ်ညူးနောက်ကျိမှုတွေနှင့် မျက်ခုံးတန်းတန်းလေး၊ မှုန်ကုပ်
သည်။

"အခရာရယ် မိုက်မဲလိုက်တာ၊ အခရာက ဘယ်ကိုသွားမှာလဲ
ဘာဆက်လုပ်မှာလဲ"

သည်တစ်ခါ မျက်မှောင်လေးကုပ်ကာ တအံ့တသြ ပြန်ကြည့်
သူက အခရာပဲ ဖြစ်သည်။

အခရာ မျှော်လင့်ထားသည့် စကားမျိုး မင်းဆက်တိုင်းထံမှာ
မနေပါလား။ ဘာပဲဖြစ်ဖြစ် မင်းဆက်ဆီမှာ အခရာ မျှော်လင့်မိတာ
အကြံဉာဏ်တစ်ခုတော့ ရရှိနိုင်မည်ဟု။

"အခရာလည်း မသိသေးဘူး"

"ဒါဆို ကိုယ်ပြောမယ်၊ အခရာ အိမ်ကို ပြန်ပါ၊ အခုလိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ မလုပ်ပါနဲ့ကွာ''

''မဖြစ်နိုင်တာ အခရာ ပြန်လို့ မဖြစ်ဘူး၊ ဒီမိန်းမကြီး မျက်နှာ
ကို ခဏလေးတောင် မမြင်ချင်တာ''

''အခရာရယ် အခရာ အဖေကိုယ်တိုင် ရွေးချယ် လက်ခံခဲ့တာ
ပဲကွာ၊ တည့်အောင် ပေါင်းသင်းနေထိုင်ရမှာပေါ့''

မဖြစ်နိုင်သောကိစ္စကို မင်းဆက်တိုင်း သိရက်နဲ့ ဘာကြောင့်
ဖွတ်အကြံပြုနေရတာလဲ။

အခရာ စဉ်းစားလို့ မရပါ။ အခရာရဲ့ စိတ်ကို သိရက်နဲ့

''အခရာ ကိုယ့်စကားကို နားထောင်နော်''

နှစ်သိမ့် ချော့မော့စွာ ပြောရင်း အခရာ လက်ဖျားလေး
ဆုပ်ကိုင်လာသော မင်းဆက် လက်ထဲက အခရာ ရုန်းထွက်ရင်း ခေါင်း
ခါရမ်းမိ၏။

''ဟင့်အင်း အခရာ ဘယ်တော့မှ အိမ်မပြန်တော့ဘူး ဆက်''

''ဟင် ဒါဆို အခရာ ဘယ်သွားမှာလဲ''

မေးခဲ့ပြီးသော မေးခွန်းကိုပဲ ဆက် မေးနေသည့် မင်းဆက်
အခရာ ရှုရှူးနစ်နစ် စိုက်ကြည့်ပစ်တော့ မင်းဆက်တိုင်း ရင်မဆိုင်နိုင်ဘူး
ရှောင်တိမ်းသွားရင်း

''စိတ်တော့ မရှိပါနဲ့ အခရာ၊ ခုချိန်မှာ ကိုယ့်အတွက် သိပ်





အရေးကြီးတဲ့ အချိန်တစ်ခု ရောက်နေပြီ၊ အခရာ့ကို ကိုယ် ပြောဖူးတဲ့
ရှယ်ဆောင်မယ့်ကိစ္စကလည်း အတော် နီးစပ်နေပြီလေ၊ ကိုယ့်မှာ
အားလပ်အောင်ဘဲ အခရာရယ်၊ အခုတောင် ကြော်ငြာတစ်ခုအတွက်
သွားဆွေးနေတုန်း အခရာ အရမ်း အရေးကြီးတယ်ဆိုလို့ အမြန် စကား
ဖြတ်ပြီး ပြေးလာရတာ''

ဖြေရှင်းပြနေသည့် စကားတွေထဲမှာ အခရာရဲ့ ပြဿနာ
အကြောင်း တစ်ခုမှ မပါ။ မင်းဆက်ရဲ့ များပြားရှုပ်ထွေးလှသော ကိစ္စ
တွေပဲ ဖြစ်နေသည်။

အခရာ ယဲ့ယဲ့ကလေး ပြုံးလိုက်မိသည်။

''ပြဿနာ မရှိဘူး ဆက်၊ အခရာ အကူအညီတောင်းနေတာ
မဟုတ်ဘူး၊ မင်းဆက်ကို အသိပေးတိုင်ပင်ကြည့်တာပါ''

''အင်း ဒါဆို ကိုယ်ပေးတဲ့ အကြံအတိုင်း အခရာ အိမ်ကိုပဲ
ပြန်လိုက်ပါလားတင်''

''ကျေးဇူးတင်တယ် မင်းဆက်၊ ဒါပေမဲ့ အဲဒီအကြံဉာဏ်က
အခရာ လက်မခံနိုင်တဲ့ ကိစ္စကြီးလေ''

''ဟား ခက်လိုက်တာကွာ''

မင်းဆက်တိုင်း ဦးထုပ်ကို ဆွဲလှန်ချွတ်ရင်း စားပွဲပေါ် ပစ်တင်
သည်။ စိတ်ညစ်ညူးဟန်နှင့် ခေါင်းကဆံပင်တွေကို ထိုးဖွသပ်တင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တဆိတ်လောက်ရှင် အဆိုတော် မင်းဆက်တိုင်း ဟုတ်ပါတယ် နော်"

အသံနှင့်အတူ အနားရောက်လာသည့် မိန်းကလေး ကောင် တအံ့တသြ မေးလာ၏။ မင်းဆက်တိုင်း မျက်နှာ ချက်ချင်း ရွှင်မြူးသွားရင်း

"ဟုတ် ဟုတ်ပါတယ်ဗျာ"

"ဟယ် အရမ်းဝမ်းသာလိုက်တာ၊ ဖြူလေးတို့က ကိုဆက်ရဲ့ ပရိသတ်တွေပါ၊ ဟိုလေ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် အမှတ်တ အော်တိုလေး ရေးပေးပါနော်"

"ဟာ ရပါတယ် မဖြစ်ပါဘူး၊ အခရာ အဲ သူက ကျွန်တော့် မိတ်ဆွေပါ၊ နားလည်ပါတယ်ဗျာ ထိုင်ကြပါ ထိုင်ပါ"

အခရာကို တစ်ချက်လှမ်းကြည့်ပြီး မင်းဆက်တိုင်း ဖော်ရွေ ဖိတ်ခေါ်သည်။

စားပွဲဝိုင်းလေးမှာ ချာတိတ်မ အုပ်စုတွေ ဝင်ထိုင်ကြသည်။ ဆိုင်ထဲက တခြားဝိုင်းတွေဆီမှ အကြည့်တွေလည်း အခရာတို့ ဝိုင်း စုပြုံလာသည်။

တခဏအတွင်းမှာ မင်းဆက်တိုင်း နံဘေးမှာ ပရိသတ်





ဝိုင်းဝန်း အုပ်မိုးသွားခဲ့သည်။

အပြုံးတွေ လျှံဝေနေသော မင်းဆက်တိုင်း မျက်နှာက ဟန် ဆောင်ထားခြင်းလား။ အောင်မြင်ကျော်ကြားမှုအတွက် ကြည်နူးပီတိတွေ အားတော့ အခရာ အသေအချာ မဝေခွဲတတ်ပါ။

ယုံကြည်မိသည်က အခရာရဲ့ ပြဿနာတွေကို သူ မေ့လျော့ သွားခဲ့ပြီ။

ဝိုင်းအုံနေသည့် လူအုပ်ထဲက အသာလေး လျှိုထွက်ခဲ့တာကို ပင် မင်းဆက် သိလိုက်ပုံ မပေါ်ပါ။

အခရာ ရင်ထဲမှာတော့ တစ်စုံတစ်ခုသော ဝေဒနာတစ်ခုတော့ ငြိတွယ်သွားခဲ့တာ အမှန်။

■ ■ ■

"ဒါဆို မင်းဆက်တိုင်းက အခရာကိစ္စကို ခေါင်းရှောင်လွှဲ လိုက်တာပေါ့ ဟုတ်လား အခရာ"

သူ့လေသံမှာ အလိုမကျမှုတွေနှင့် မာဆတ်ဆတ် ဖြစ်နေမှာ သေချာသည်။ အခရာက ဝေဒနာကို သိမှတ်သော အပြုံးကလေး နှုတ်ခမ်းလေးတွေမှာ ပန်ဆင်ထားဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်ကို အခရာ နားလည်နိုင်ခဲ့ပါတယ် ကိုဘုန်း၊ သူ့ရဲ့ ဝါသနာထဲမှာ သူ့ဘဝကို အတ္တဆန်စွာ နှစ်မြှုပ်ထားတတ်သူပါ၊ အဲဒီနေ့ အခရာ စိတ်ပျက်ပြီး၊ ပြန်ခဲ့တုန်း ကိုဘုန်းနဲ့ ခြံဝမှာ ဆုံဖြစ်တာပေါ့"

"ဘာပဲဖြစ်ဖြစ် သူ မလုပ်သင့်တဲ့ ကိစ္စလို့ ကိုယ် ထင်တယ် မင်းဆက်တိုင်းက အခရာရဲ့ ချစ်သူပဲလေ၊ အခရာ အခုလို ဖြစ်နေ အချိန်မှာ သူ အခရာဘက်က မားမားမတ်မတ် ရှိသင့်တယ်"

"သူ တကယ် တွယ်မက်တာ သူ့ရဲ့ အောင်မြင်မှုနဲ့ သူ့ဖြ မြောက်ချင်တဲ့ ဆန္ဒတွေပါပဲ ကိုဘုန်းရယ်"

အခရာ နာနာကျင်ကျင်လေး ပြုံးသည်။ အခရာကို ကြည့်ပြီး သူ စိတ်မကောင်းဖြစ်မိတာ အမှန်ဖြစ်သည်။ မင်းဆက်တိုင်းနှင့် ပတ်သက်ပြီး အခရာ ရင်ထဲမှာ ဝေဒနာတစ်ခု ထင်ကျန်နေပြီလား။

"ကဲ ဒီကိစ္စတွေ ထားလိုက်တော့ အခရာ၊ အခု အခရာ ဘာ ဆက်လုပ်ချင်သလဲဟင်"

"အခရာ ဘာမှမသိဘူး၊ အခရာ ဒယ်ဒီရဲ့ အိမ်ကိုတော့ မပြန်ချင်ဘူး ကိုဘုန်း"

"အခရာရယ် ဦးက အခရာကို လိုက်ရှာနေရှာတာ"

"တော်ပါတော့ ကိုဘုန်းရယ်၊ အခရာကိုတောင် ဒယ်ဒီ မျှော် မတွက်ဘဲ လုပ်ခဲ့ပြီးပြီပဲ၊ ဒေါ်ဝတ်ရည်ဆိုတဲ့ မိန်းမနဲ့အတူ တစ်အိမ်ထောင်





နေရမယ့် အဖြစ်က အခရာအတွက် စိတ်ညစ်စရာတွေပဲ ဖြစ်လာမှာ၊ ဒယ်ဒီလည်း၊ စိတ်ဆင်းရဲရုံအပြင် ဘာဖြစ်လာမှာမို့လဲ"

အခရာကတော့ တဇွတ်ထိုး ဆုံးဖြတ်ပြီးနေတာ သေချာသည်။ ဒါပေမဲ့ ဖြစ်သင့်သော အခြေအနေကို သူ တွက်ဆကြည့်တော့ အခရာ နဲ့အတူ သူ တစ်ပါးအိမ်မှာ ကြာရှည်စွာ မှီခိုနေတာ မသင့်။

ထို့အတွက် သူ တစ်ခုခုတော့ စီမံရမည်။ တွေးလိုက်လျှင် ခေါင်းမောစရာတွေပဲ ဖြစ်နေသည်။

ဘုန်းလက်ညာဆိုတဲ့ သူ့မှာက လက်ချည်း ဗလာသက်သက် ကောင် တစ်ယောက်။

"ကိုဘုန်း ဘာတွေ စဉ်းစားနေတာလဲ"

"အင်း ဘာမှမဟုတ်ပါဘူး ရှေ့ဆက် ဘာလုပ်သင့်သလဲ အခြေ အနေကြည့်နေတာ"

"အခရာ သဘောပေါက်တယ်၊ ဒီမှာ အခရာတို့ အကြာကြီး နေလို့ မသင့်တာ အခရာ သိပါတယ်၊ တစ်နေရာမှာ နေထိုင်ဖို့ စီစဉ်ရမှာ ပဲ အခရာတို့ တိုက်ခန်းတစ်ခန်း ဖြစ်ဖြစ် ငှားနေရင် ကောင်းမယ် ထင်တယ်"

"ဟို အဲ အဲဒါက ဟို"

"ငွေကြေးအတွက် ကိုဘုန်း စိတ်ပူနေတာလား မပူပါနဲ့ အခရာ



www.burmeseclassic.com

www.burmeseclassic.com



စုထားတဲ့ မုန့်ဖိုးတွေ အကုန်ယူလာတယ်၊ လိုအပ်ရင် အခရာ ပိုင်ဆိုင်
လက်ဝတ်လက်စားတွေ ပါတယ်"

"ဟာ အဲဒါတွေကို မထိပါနဲ့ အခရာရယ်"

"အခရာအတွက် ဘာမှပြဿနာမရှိပါဘူး၊ အခရာ
ပေးထားခဲ့တဲ့ အမွေသက်သက်ပါ၊ ဒယ်ဒီ ဆင်ပေးတဲ့ ပစ္စည်း ဘာ
မှ အခရာ မယူလာခဲ့ဘူး ကိုဘုန်း"

အခရာကတော့ တကယ့်ကို ပေါ့ပေါ့လေးပဲ ပြောဆိုနေသည်
သူ့မှာတော့ အရာရာကို ချင့်ချိန်တွက်ဆလို့ နေရသည်။

အခရာ ပြောသလို နေထိုင်ဖို့ဆိုတာက ဘယ်လိုမှ မသင့်
သည့် ကိစ္စ။ အခရာနှင့် သူက ဘာမှ မပတ်သက်သောသူတွေ။
နေထိုင်ဖို့ ဆိုတာက

"တစ်ရက် နှစ်ရက်အတွင်း ကိုယ် တစ်ခုခု စီစဉ်ပါ့မယ်
ခဏလေး သည်းခံစောင့်ပါဦးနော်"

အခရာကို ချော့မော့ နှစ်သိမ့်ကာ ဖြစ်သင့်သည့် အစီ
တစ်ခုတော့ သူ စီစဉ်ရတော့မည်။

အခုချိန်မှာ အခရာ့ကို စိတ်မဆင်းရဲစေချင်သလို အ
ဆန့်ကျင်ပြီးတော့လည်း ဘာမှမလုပ်ရဲပါ။

အခရာရဲ့ စိတ်ကို သူ အသိဆုံး။ သူ့အရိပ်က ဆန့်ကျ





ကွာဖို့လည်း၊ အခရာ တွေဝေနေမှာ မဟုတ်။

မလွှယ်ပါလား အခရာရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာရယ် ကိုဘုန်း၊ မင်းတို့ နှစ်ယောက်က လင်မယား
မဟုတ်ဘူး ဟုတ်လား၊ မနောက်ပါနဲ့ကွာ"

"ဟ ဒါ နောက်စရာမှ မဟုတ်တာဘဲ မောင်မောင်ရ မ
တုန်းက မင်းကို ဖြေရှင်းပြဖို့ ရှုပ်ထွေးနေလို့ ငါ ဘာမှရှင်းမပြ
အခရာ ဆိုတာ ငါ့ကျေးဇူးရှင်ရဲ့ သမီးတစ်ယောက်ကွ"

လက်ဖက်ရည်ဆိုင် ခေါ်လာခဲ့ကာ မောင်မောင့်ကို သူ ရှ
ရသည်။ ဟိုးငယ်စဥ်ကတည်းက သူငယ်ချင်းဖြစ်ခဲ့သော မောင်မော
သူက တစ်မြို့တည်းသားတွေပဲ ဖြစ်သည်။

ရန်ကုန်မှာ ပြန်ဆုံကြတော့ မောင်မောင်က အိမ်ထောင်
ပြီမို့ သူ့အတွက် အခရာနှင့် ထွက်လာချိန်မှာ ကြိုရာမရ ဖြ





ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဒါဆို အခု မင်း ဘာဆက်လုပ်မှာလဲ ကိုဘုန်း၊ မထူးပါဘူး
ကွာ၊ မင်းပဲ ဒီကောင်မလေးကို ယူလိုက်ပါတော့ ဒီအခြေအနေ ရောက်
ပြီးမှ"

"ခွေးကောင် ပေါက်ကရတွေ မပြောနဲ့၊ အခရာ ကြားသွားရင်
ကောင်းဘူး၊ သူ့ခမြာ ငါ့ကို အားကိုးယုံကြည်ပြီး လိုက်လာရှာတာကွ"

သူ အလေးအနက် ပြောနေတော့မှ မောင်မောင် မျက်နှာပိုး
သ်ရင်း ခေါင်းညိတ်သည်။

"ငါက နောက်တာပါကွာ၊ အခု မင်း ဘာဆက်လုပ်မှာလဲ
ပြောပါဦး၊ ငါ့အိမ်မှာ နေရလို့ အားမနာပါနဲ့ကွာ၊ ရှိအတူ မရှိအတူပေါ့"

မောင်မောင်ရဲ့ စိတ်ရင်းနှင့်စေတနာကို သူ နားလည်ပါသည်။
ပေမဲ့ မောင်မောင်တို့အိမ်မှာ ဆက်နေဖို့ဆိုတာ မဖြစ်နိုင်။ အိမ်ကလေး
က ကျဉ်းသည်။ ရေရှည်နေဖို့ မသင့်တာလည်း အမှန်။

အခရာရဲ့ ဖယ်ဒီ အလွယ်တကူ စုံစမ်းသိရှိသွားခဲ့လျှင် မောင်
မောင်ကိုပါ ပြဿနာ ရှုပ်ထွေးသွားစေနိုင်၏။

"မင်း စေတနာကို ငါ နားလည်တယ် မောင်မောင်၊ ဒါပေမဲ့
မင်းတို့ ဆက်နေလို့ မဖြစ်ဘူး။ အခရာရဲ့ ဖယ်ဒီက ငါ့ကို အထင်လွဲ
နေသဖြစ်နေတာဆိုတော့ မထင်မှတ်ဘဲ ပြန်တွေ့သွားရင် မင်းတို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ တက်မှာစိုးလို့ပါကွာ၊ ဒီရက်ပိုင်း အတွင်းမှာပဲ ငါ တစ်

စိစဉ်မှာပါ''

မောင်မောင်ကို ရှင်းပြပြီး အခရာအတွက် ဖြစ်နိုင်စရာ

အစဉ်တစ်ခုကို သူနှင့် မောင်မောင် တိုင်ပင်ဖြစ်သည်။

''လောလောဆယ်တော့ အခရာ စိတ်တိုင်းကျ သူ့ကို တိုက်

တစ်ခန်း ငါ ငှားပေးမယ်၊ ပြီးရင် အခရာနဲ့ အဖော်ရအောင် မိန်းက

တစ်ယောက်လောက် ခေါ်ပေးထားမယ် စိတ်ကူးတယ်''

''မင်းကကော ကိုဘုန်း''

''ငါ့အတွက်က ပြဿနာ မရှိပါဘူး။ အပြင်မှာ အလုပ်တ

ထွက်လုပ်ပြီး အခရာရဲ့ တားသောက်စရိတ်တော့ ရှာရမှာပေါ့၊ အ

သူ့ရဲ့ ဖယ်ဒီ ပြေလည်သွားတဲ့ အထိပေါ့ကွာ''

သူ့စကားကြောင့် မောင်မောင် သူ့ကို စူးစူးစိုက်စိုက် ဖိုက်

ရင်၊ မှင်လင်းစွာပဲ မေးခွန်းထုတ်သည်။

''နေပါဦး ကိုဘုန်း မင်းက ဘာဖြစ်လို့ ဒီကောင်မ

ဒီလောက်ထိ အနစ်နာခံပေးနေတာလဲ''

''ဖါတော့ကွာ ဦးမင်းဝေခိုင်ဆိုတာ ငါ့ ကျေးဇူးရှင်ပါ

တစ်မိသားစုလုံးအပေါ် တကယ် ကျေးဇူးကြီးမားခဲ့တဲ့သူပါ'

''ဖါဆိုလည်း အခုကိစ္စမှာ မင်းလုပ်သင့်တာ ဦးမင်း





ား တွေ့ပြီ၊ အားလုံးကို အမှန်အတိုင်း ရှင်းပြသင့်တယ်''

မောင်မောင် အကြံပေးချက်က ငြင်းစရာ မရှိ၊ ဒါပေမဲ့ အခရာ

မျက်နှာလေးကို သူ မြင်လာသည်။

''မဖြစ်ဘူး မောင်မောင် အခရာ့အကြောင်း ငါ အသိဆုံးပဲ၊

ဆနှကို ဆန့်ကျင်ပြီးလုပ်ရင် သူ တစ်ယောက်တည်း ထွက်ချင်တာ

ွက်သွားမှာ''

''ကိုဘုန်းရယ် မင်းရင်ထဲကို ငါ မြင်နိုင်ပါတယ်၊ အခရာဆိုတဲ့

ာင်မလေးအပေါ် ထားတဲ့ မင်းရဲ့ သံယောဇဉ်က ငါ ထင်ထားတာ

ာ်တောင် ကြီးမားနေမယ် ထင်တယ်''

မောင်မောင့် စကားကို သူ နုတ်ဆိတ်ခြင်းဖြင့်သာ တုံ့ပြန်ဖြစ်သည်။

သိုဝှက်ထားလို့ မရနိုင်တဲ့ အရာတွေထဲမှာ အချစ်ဆိုတာလည်း

ာင်၊ ပါနိုင်ပါသည်။ ဒါပေမဲ့

အခရာရယ် ကိုယ့်အတွက်တော့ ဘယ်တော့မှ ပြောခွင့်မရတော့

ခြင်းတွေအတွက် မျိုသိပ်ရင်းနဲ့ပဲ။

မင်းရှောခဲ့မှုတဲ့ သီချင်းလေးလိုပဲပေါ့။

အခရာ မမြင်မသိနိုင်တဲ့ ကိုယ့်အချစ်တွေက. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟေ့ မောင်ဘုန်း မောင်ဘုန်း"

အနောက်က ခေါ်သံကြောင့် သူ လှည့်ကြည့်တော့ ဝင်း...

အားရ ပြေးလိုက်လာသော ဒေါ်မြကို တွေ့လိုက်သည်။

"ဟင် ဒေါ်မြ ဘယ်ကို လာတာလဲ"

သူ တအံ့တဩ မေးမိသည်။ ဒေါ်မြကို သည်လိုနေရာ...

တွေ့ရလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့တာ အမှန်။

"ငါ့ အလုပ်က ထွက်လိုက်ပြီလေ မောင်ဘုန်းရဲ့"

"ဗျာ"

"ဟုတ်တယ် မနေ့ကပဲ ဆရာကြီးကို ခွင့်တောင်းပြီး ထွက်...

တာ၊ အခု ငါ့ရဲ့ အစ်မတစ်ယောက် အိမ်မှာ နေတယ်"





"ဘာဖြစ်လို့ အလုပ်ထွက်လိုက်ရတာလဲ ဒေါ်မြရယ်"

သူ နားမလည်နိုင်စွာ မေးမိသည်။ အခရာတို့ အိမ်မှာ နှစ်ရှည်

...များစွာ နေထိုင်အလုပ်လုပ်ခဲ့သော ဒေါ်မြ အလုပ်ထွက်လိုက်တာတော့

...သူ စိတ်မကောင်းပေ။

စိတ်ရင်းကောင်းမွန်သည့် ဒေါ်မြကို အခရာလည်း တွယ်တာ

...သလို သူလည်း ခင်မင်ပါသည်။

"ငါ ဘယ်လိုမှ မနေချင်တော့ဘူး မောင်ဘုန်းရယ်၊ အခရာ

...လည်းမရှိ နှင်လည်းမရှိတော့မှ ဘာမှနှောင်တွယ်စရာ မရှိတော့ပါ

...၊ ဝတ်ရှည်ဆိုတဲ့ မိန်းမနဲ့လည်း ဆက်ဆံရတာ အဆင်မပြေဘူး၊

...ရာကြီးရှေ့မှာ သိပ်မဟုတ်ပေမယ့် ကွယ်ရာမှာ သူ့ဆက်ဆံရေးက

...တော် မောက်မာလွန်းတယ်"

ဒေါ်မြ မခံရပ်နိုင်စွာ ရင်ဖွင့်သမျှ သူ နားထောင်နေမိသည်။

"ငါ ဒီည အလုပ်ထွက်ခွင့်တောင်းရုံပဲ ရှိသေးတယ်၊ မနက်

...သင်းတော့ ဝတ်ရှည်က ထမင်းချက် မိန်းမတစ်ယောက် ခေါ်ပြီးနေပြီ

... ကောင်းပါတယ် ရှေ့ဆက်နေရင်လည်း ငါနဲ့ အဆင်ပြေမှာ မဟုတ်

...ဘူး"

"ဦးကကော ဒေါ်မြကို မတားဘူးလားဗျာ"

"ဆရာကြီးက မထွက်စေချင်ဘူး၊ ဒါပေမဲ့ ငါ ကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဆက်မနေချင်တော့ဘူး"

ဒေါ်မြ စကားရက်ကို သူ နားလည်ပါသည်။ အစရာတို့ မိသား

အပေါ် ထားရှိသော ဒေါ်မြ သံယောဇဉ်က ကြီးမားသည်။ ဖါကို ဖြစ်

ပေါက်သွားခဲ့စေခြင်းက ဒေါ်ဝတီရည်ကြောင့်မှလွဲ၍ အခြား မရှိပါ

"အစု ဒေါ်မြကော အဆင်ပြေရဲ့လား"

"ပြေပါတယ် မျိုးအစ်မကလည်း၊ တစ်ယောက်တည်းသမား

တော့ ဝါ ရောက်လာတာ သူ ဝမ်းသာတယ်၊ မျိုးအတွက် မပူနဲ့ နင်

ကော အဆင်ပြေကြရဲ့လား"

"ကျွန်တော် အစု ဒီကိစ္စအတွက် လာတာပါ ဒေါ်မြ၊ တ

မောင်းမလို့လေ၊ အဆင်တော့ ပြေပါတယ်၊ တစ်ရက် နှစ်ရက်အတွင်

မောင်းလို့ ရပြီ"

"အစရာလေးကော မောင်ဘုန်း"

"လောလောဆယ်တော့ ကျွန်တော့်လူယုံချင်း၊ လင်မယား

အိမ်မှာပဲ ဒေါ်မြ၊ အစု အစရာအတွက် နေရဲ့ တိုက်ခန်းတ

ကျွန်တော် လိုက်ရှာနေတယ်၊ ကျွန်တော်ကတော့ သူငယ်ချင်း အိမ်

ဆက်နေပြီး တက္ကစီ မောင်းမလို့"

"အစရာလေးက တစ်ယောက်တည်း နေမှာလား မောင်ဘုန်း"

"ဟုတ်တယ် အဲဒီအတွက် အစရာ အဖော်ရအောင် ကျွန်တော်





ရှာပေးရဦးမှာ၊ အတော်ပဲ ဒေါ်မြ ကူညီပါဗျာ၊ အစရာနဲ့အတူ လိုက်နေ

ပေးပါလားဟင်"

သူ့ အကူအညီတောင်းဆိုမှုတော့ ဒေါ်မြ တွေတွေကလေး

ငေးနေသည်။

"အစရာ တစ်ယောက်တည်း ကျွန်တော် စိတ်မချလို့ပါ ဒေါ်မြ

ဘယ်လိုမှ မဖြစ်တာ သေချာတယ်၊ တာဆောက်ဆိုင်အတွက်တော့

ချိန် ကျွန်တော် တက္ကစီမောင်းလို့ ရသမျှ လာပို့ပေးမှာပါ"

"အင်း၊ မောင်ဘုန်းရယ် နင့်ခုကွကလည်း မဒေါ်ပါလား။

စေတနာနဲ့ စိတ်ဓာတ်ကို ငါ ယုံတယ်၊ ဒါဲ ဆရာကြီးကတော့

သတ်လေးမှာ နင့်ကို အတော် စိတ်ဆိုး ဒေါ်သထွက်နေတာ၊ ဒါလည်း

မိန်းမက အတိုအထောင် လုပ်ပေးနေတာကိုး၊ ခက်တာက တို့တွေက

အ ရှင်းပြပိုင်ခွင့် မရှိတော့ အခက်"

ဒေါ်မြ ညည်းညည်းလေး ဆိုတော့ သူ ပင့်သက်ရှိုက်ရင်း

ညှိတ်မိသည်။

"ဦး၊ အထင်လွဲတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့

တရားကို အစရာ အသိဆုံးပဲလေ၊ မိဘနဲ့ သားသမီး၊ တစ်ချိန်မှာ

နားလည်သွားကြမှာပါ၊ ဦး စိတ်ပြေလာက်တဲ့ အချိန်မှာ

ကျွန်တော် တွေ့ပြီး ပြေရှင်းပြမှာပါ၊ လောလောဆယ်တော့ အစရာ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ် စိတ်ချမ်းသာအောင် ကျွန်တော် လိုက်လျော ဖြည့်ဆည်းပေး
တာပါ''

''အင်း၊ ဒေါ်မြ နားလည်ပါတယ်ကွယ်၊ အခရာလေးကိုလည်း
သံယောဇဉ် ရှိပါတယ်၊ ဒီတော့ အခရာနဲ့အတူ လာနေပေးမယ်''

''ဟာ ဝမ်းသာလိုက်တာဗျာ၊ အခရာ သိရင်လည်း သိပ်ကျေနပ်
သွားမှာ သေချာတယ်''

သူမ ပန်းကို ဝမ်းသာအားရ ဆုပ်ကိုင်ရင်း ဆိုနေသည့် မောင်
ဘုန်းကို ဒေါ်မြ ခေါင်းတညိတ်ညိတ်နှင့် စိုက်ကြည့်နေမိသည်။

ဘုန်းလက်ညာရဲ့ စိတ်ဓာတ်နှင့် အခရာအပေါ် ထားသည့်
သံယောဇဉ်က ပေါ့သေးသေး မဟုတ်တာ သေချာသည်။

ဒါကြောင့်မို့ အခရာလေးကို မောင်ဘုန်းနှင့် ပါသွား
ဆိုတုန်းက သူမ ဝမ်းသာကျေနပ်မိသေးသည်။ နောက်မှ မောင်
ရှင်းပြ၍ အဖြစ်မှန်ကို သိခဲ့ရတာ ဖြစ်သည်။

သူမ သဘောအရဆိုလျှင်တော့

အင်းလေ လောကကြီးမှာ ကိုယ်ဖြစ်ချင်တိုင်းလည်း ဖြစ်
မရသည့် အဖြစ်တွေက တစ်ပုံတပင်ကြီးဆိုတော့လည်း. . .။

■ ■ ■



## အခန်း (၂၆)

''ကျွန်တော် ဘာဆက်ပြီး ဆောင်ရွက်ပေးရမလဲ ဆရာကြီး''

သူ့ဆီက ညွှန်ကြားချက်ကို ကိုအောင်ဝိုးက မေးနေသည်။
လက်ကာပြရင်း၊ အခြေအနေကို အကဲခတ် သုံးသပ်ကြည့်မိသည်။
ကြားရသည့် သတင်းတွေအရ သမီးလေးရဲ့ နာကျည်းစိတ်တွေ
သူ့အပေါ်မှာ မပြယ်သေးတာ သေချာသည်။ အင်းလေ သူ ကိုယ်တိုင်
သည်း လျှော့တွက်ကာ စိစဉ်မိတာက အမှား။

အခုတော့ ဒီအမှားကို သူ ခံယူနေရပြီ။

စီးပွားရေးလောကမှာ အရာရာကို တွက်ချက် စီမံတတ်သော
သည့် ဝတ်ရည်ရဲ့ အရေးကိစ္စမှာတော့ တက်တက်စင်အောင် လွဲမှား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မှန်း တစ်စထက်တစ်စ သိသာလာသည်။

သူ့အပေါ် မြတ်နိုးလေးစားစွာနှင့် ဝတ်ရည် ချစ်ခင်ကာ သမီး ကိုလည်း သနိုတာင့်ပြေလည်အောင် ဆက်ဆံမည်ဟု ထင်မှတ်ခဲ့သည်

အခုတော့ ထိုအရာအားလုံးက ဆန့်ကျင်စွာ။

"အခြေအနေ ဆက်ပြီး စောင့်ကြည့်ပေးထားပါ အောင်တိုး ထူးခြားရင် ငါ့ဆီကို အကြောင်းကြား။ လိုအပ်ရင် ငါ ထပ်ပြောမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာကြီး ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူ့ရဲ့ လူယုံတော်လည်း ဖြစ်သော အောင်တိုး ရုံးခန်းထဲက ပြန်ထွက်သွားတော့ သူ နောက်မှီဆိုဖာ ထိုင်ခုံမှာ ခေါင်းမှီထိုင်ချလိုက် မိသည်။

သူ့ဘဝမှာ အမြတ်၊ အချစ်ပိုခဲ့ရသော သမီးလေးက [illegible] ရင်ခွင်အရိပ်ကို ပြန်မလာတော့ဘူးတဲ့လား။ တိုက်ခန်းတစ်ခန်း [illegible] ကာ နေထိုင်သည့် သတင်းကို သူ ကြားသိရသည်။

သမီးအတွက် စိတ်အေးစရာ တစ်ချက်က သမီးအ[illegible] ဖေါ်မြနှင့် မောင်ဘုန်း ရှိနေသည်တဲ့။

သူ့ကို ကြည်ညိုလေးစားသော မောင်ဘုန်း သူ စီးပွား[illegible] မရောက်ခင် အိမ်က ထွက်သွားတာကို ကြားရတော့ သူ ဖေါသဖြစ်[illegible]





သမီးနှင့်အတူ နိုးရာလိုက်သွားခြင်းဆိုသော စကားက မိုလွှိုတောင် မှာကျင် ခံရောက်စေသည်။

ကမ္ဘာမျူးတိုး ဖေါသတွေနှင့် သမီးကိုလည်း၊ ဖေါသဖြစ်သည်။ မောင်ဘုန်းကိုလည်း၊ စိတ်တိုမိ၏။

ဝတ်ရည်ရဲ့ စကားတွေကိုပဲ သူ ယုံကြည်ခဲ့မိသည်။

နောက်ပိုင်းမှာ ဖေါ်မြ အလုပ်က ထွက်သည်။ ဖေါ်မြဘက်က ထွက်ခွင့်တောင်းဆိုတာမို့ သံသယ မဝင်ခဲ့သည့်တိုင် အခု ဖေါ်မြက [illegible]မီးလေး အနားမှာ ရောက်နေသည်တဲ့။

ဒါဆိုရင် အားလုံးဟာ ရိုးသားစွာ ဖြစ်တည်သွားခဲ့တာ မဟုတ် [illegible] စေ့စေ့တွေးလေ ထင်ထင်ရှားရှား သိမြင်လာလေ ဖြစ်သည်။

သူ့အရိပ် သူ့အိမ်ပေါ် ရောက်လာပြီးသည့် နောက်ပိုင်းမှာ [illegible]ဝတ်ရည်ရဲ့ အပြုအမူ အနေအထိုင်တွေက မယုံနိုင်စရာ ကောင်းအောင် [illegible]ပြောင်းလဲလာသည်။

အိမ်မှာ ထမင်းချက်ကလည်း၊ သူမ စိတ်တိုင်းကျ ခန့်အပ် [illegible]ပြီမှာလီ ဦးထွန်း နေရာမှာလည်း တခြားသူတစ်ဦး တာဝန်ယူ [illegible]သည်။

အားလုံးကို သုံးသပ်ပြီး သူ အသေအချာ စုံစမ်းကြည့်တော့ [illegible] ရုံးခန်းသွားသည်နှင့် မှီအပြည့် ပြင်ဆင်ကာ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ဝတ်ရည်ရဲ့ ခြေလှမ်းတွေ မှုမမှန်ပါ။

ဝတ်ရည် ပေါင်းသင်းမိတ်ဖွဲ့ထားမိသူတွေက စိန်ပွဲစား ဒေါ်စိ
တို့ ဒေါ်နန်းလှိုင်တို့လို တကယ့် ဒိတ်ဒိတ်ကြဲ ပုဂ္ဂိုလ်တွေ ဖြစ်နေသည်

"ဝတ်ရည် မင်း အခု ပေါင်းသင်းနေတဲ့ အမျိုးသမီးတွေ
နာမည်ကျော်တွေနော်၊ မင်း သိရဲ့လား"

"ဘာလို့လဲ ကိုကြီးရဲ့ သိပါတယ်၊ အားလုံး လူကုံထံ အသိုင်း
အဝိုင်းမှာ ဝင်ဆံ့နိုင်သူတွေပဲလေ"

"သူတို့အကြောင်းတွေ မင်းသိရင် ဆင်ခြင်ပါ ဝတ်ရည်"

"အဟင်း ကိုကြီးကလည်း ဝတ်ရည် ပေါင်းသင်းဆက်
နေတာ ဂုဏ်သိက္ခာအရပါ၊ ဦးမင်းဝေနိုင်ကတော် ဒေါ်ဝတ်ရည် ဖြစ်
မှတော့ ဒီအသိုင်းအဝိုင်းမှာ ဝင်ဆံ့နိုင်ရမှာပေါ့"

"မမှားသင့်တဲ့ အမှားမျိုး မင်းကျူးလွန်မိမှာစိုးလို့ ကိုယ် ပြော
နေတာပါ ဝတ်ရည်"

"ကိုကြီးရယ် စိတ်ချစမ်းပါ၊ ဝတ်ရည်က ဆင်ခြင်တတ်ပါတယ်"

အကြောင်းပြချက်တွေ၊ ကတိစကားတွေနှင့် ခွန်းတုံ့ပြန်
သော ဝတ်ရည်ကို သူ ဘာမှ မပြောချင်တော့ပါ။

အခုချိန်မှာ အိမ်ပေါ်က ဆင်းသွားသော သမီးအတွ
ဝတ်ရည် ရင်ထဲမှာ သူ့ကို ပူပန်စိတ် မရှိတာတော့ သေချာသည်





တ်ရည် ဝမ်းနှင့် လွယ်ပိုးထားရသော သွေးသားမဟုတ်လေတော့ မခင်
ာယ်။

"ကိုကြီး သမီးလေးကို ဝတ်ရည် ချစ်ပါတယ်၊ ဘယ်လောက်ပဲ
ိုပါစေ၊ ဝတ်ရည် ခွင့်လွှတ်နားလည်ပြီး ချစ်ခင်နိုင်ပါတယ် ကိုကြီးရယ်၊
ယုံရင် စောင့်ကြည့် ဝတ်ရည်ရဲ့ အပေါ် သူ နားလည်လာစေရမယ်"

မေတ္တာပေး၍ မေတ္တာပိုင်ဆိုင်ရတတ်တာကို သူ အကြွင်းမဲ့
ယုံပါသည်။ ဝတ်ရည် စကားတွေကိုလည်း ယုံစားခဲ့သည်။

အခုတော့ ဝတ်ရည်ရဲ့ ဟန်ဆောင် မျက်နှာဖုံးအောက်က
ာဝဝိ မျက်နှာကို သူ မြင်တွေ့နေခဲ့ရပြီ။

ကိုယ် ပြုခဲ့သည့်ကိစ္စ အတွက်တော့ သူ ထိုက်တန်သရွေ့တော့
ခံဦးတော့မည်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဒီတိုက်ခန်းကို အရေးမှာ ပါလာတဲ့ ငွေကလေးနဲ့ ငှားပြီး…
ဒေါ်မြရဲ့ စားသောက်စရိတ်အတွက် အစရာမှာ ပါလာတဲ့ လက်…
လက်စားတွေ ရှိပါတယ်၊ ဒါပေမဲ့ ကိုဘုန်းက အဲဒါတွေကို လုံးဝ မ…
ဘူးတဲ့"

"ဟုတ်သားပဲ အခရာရဲ့ အခရာရဲ့ အမေ ပေးထားတဲ့ …
တွေပဲလေ"

ဒေါ်မြ ပြောတော့ အခရာ ပင့်သက်ကလေး ရှိုက်ကာ မျက်…
ကလေး ညှိုးသွားခဲ့ရင်း

"ဘယ်တတ်နိုင်မှာလဲ ဒေါ်မြရယ်၊ မစားမသောက်ဘဲ နေ…
မရတာ၊ ဒယ်ဒီ အခရာရဲ့ နာမည်နဲ့ ဘဏ်မှာ ငွေအပ်ပေးထားတာ…





…တယ်၊ ဒါပေမဲ့ အဲဒီငွေကို မထိချင်ဘူး"

အခရာရဲ့ မာကြောကြော စိတ်ဓာတ်ကို ဒေါ်မြ သိပြီးဖြစ်ပါ…သည်။ မပူမပင် မကြောင့်မကျ နေခဲ့သော အခရာမှာ တဖွတ်ထိုး…တ်ကလေးနှင့် ဆိုးချင်တာလေးတော့ ရှိသည်။

ဒါပေမဲ့ အခရာလေးရဲ့ စိတ်ရင်းက ဖြူစင်ပါသည်။ မာန်မာန…ရှိ အဆင့်အတန်း ခွဲခြားမှု မရှိ။ ပြီးတော့ ဟန်မဆောင်တတ်သော…တ်ထားလေးက ပိုလို့ ချစ်စရာကောင်းသည်။

"အခုလည်း မောင်ဘုန်းက တက္ကစီမောင်းပြီး နေ့တိုင်း အသုံး…စိတ် လာပို့ပေးနေတာပဲ သမီးလေးရဲ့၊ ဒေါ်မြ လောက်ငအောင် …ပြုတ်ပေးနိုင်ပါတယ်၊ အဲ ဟိုအိမ်ကြီးမှာလိုတော့ ဖွယ်ဖွယ်ရာရာ …လင်ဘူးပေါ့"

"ဒေါ်မြလက်ရာကို အခရာ ကြိုက်ပါတယ်၊ စားတတ်ပါတယ်၊ …ပေမဲ့ ကိုဘုန်း လုပ်စာချည်းပဲတော့ ထိုင်မစားချင်ပါဘူး၊ တစ်နေကုန် …င်းမှ တစ်သောင်းတောင် မရတဲ့ အလုပ်ကြီး"

"ဒါတော့ သမီးရယ် မောင်ဘုန်းက တက္ကစီစပေါ်ငွေလည်း …င်ရဘူးလေ၊ သူ့အတိုင်းအတာနဲ့သူ ဒီလောက်တော့ ရှိမှာပေါ့"

"အခရာလည်း သိပါတယ်၊ ကိုဘုန်း လုပ်စာကြီးတော့ စား…ာ မျိုမကျပါဘူး၊ အန္တရာယ်များပြီး ပင်ပန်းတဲ့အလုပ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



အခရာ မျက်နှာလေး ရှုံ့ကာ ဆိုတော့ ဒေါ်မြ အခရာ ပခုံး လေးကို ဖွဖွလေး ဆုပ်ကိုင်ရင်း ပြုံးသည်။

"သမီးရယ် လောကကြီးမှာ မပြည့်စုံတဲ့ လူတွေအတွက်ကျ တော့လည်း ဝမ်းရေးအတွက် ပင်ပင်ပန်းပန်း လုပ်ကြရတာပေါ့ကွယ် တစ်ဝမ်းတစ်ခါးအတွက် တချို့ဆို နေပူမရှောင် မိုးရွာမရှောင် ရုန်းကန် ရှာဖွေရတာ"

"ဟင့်အင်း အခရာတော့ အဲဒီလောက် မလုပ်နိုင်ပါဘူး။ အစာ မစားရရင်နေ အငတ်ခံလိုက်မယ်"

"အငတ်တော့ မခံပါနဲ့ အခရာရယ်၊ ဒီမှာ အခရာ ကြိုက်တဲ့ ကြေးအိုး တစ်ပွဲ ဝယ်လာတယ်"

ဇွန်ရုံဇွတ်ထားသော အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်လာသော ဘုန်းလက်ညာက လက်ထဲက ပလပ်စတစ်ထုပ်လေးကို မြှောက်ပြ ဆိုသည်။

"ကိုဘုန်းနော် သူများတွေ စကားပြောတာ နိုးစားလေ့ တော့ ဟွန်း"

"ဟာ မဟုတ်ပါဘူး အခရာရဲ့၊ အခုလေးပဲ ရောက်လာ အခရာ ပြောတဲ့စကားကိုပဲ ကြားရတာပါ၊ ကဲ ဒေါ်မြ ဒီမှာ ကြေး ဒီမှာ မနက်ဖြန်အတွက် အိမ်စရိတ် ငါးထောင်ဆို ရမလားဟင်"





"ဟင် ငါးထောင်လေးလား။ အရင်ကဆို အခရာရဲ့ တစ်ရက် မုန့်ဖိုးတောင် မရှိဘူး"

အခရာ စကားကြောင့် ဘုန်းလက်ညာ မျက်နှာ ကွက်ခနဲ ပျက်၏။ ဒါပေမဲ့ ချက်ချင်း ပြန်ပြင်ရင်း ပြုံးလိုက်သည်။

"အရင်ကလို သိပ်ခွဲမကောင်းလို့ပါ အခရာရဲ့၊ ပိုရတဲ့နေ့ကျရင် ပေးမှာပေါ့"

"သမီးလေးက နောက်နေတာပါ မောင်ဘုန်းရယ်၊ လောက်င ကယ်ကွယ်၊ ကဲ မင်းလည်း တစ်ခါတည်း ထမင်းစားသွားလေ"

"နေပါစေ မောင်မောင်တို့ အိမ်ရောက်မှ စားတော့မယ် ဒေါ်မြ"

"အဲ့ဒီတွေ လုပ်မနေနဲ့ တစ်ခါတည်း ကိုဘုန်းပါ ဝင်စားသွား။ ကြေးအိုးပါ ဝယ်လာတော့ ထမင်းတွေ ဟင်းတွေ ပိုနေရင် သွန် ရမှာပေါ့"

အခရာကတော့ သူ ပြောချင်တာကို အားမနာတမ်း ပြောတတ် သည်ကို သိနေပြီးတာမို့ ဘုန်းလက်ညာ ပြုံးပြုံးလေးနှင့်ပဲ ခေါင်းညိတ်ပြ လိုက်သည်။

အခရာနှင့်ဒေါ်မြ အတွက် တိုက်ခန်းလေးက ကျယ်ဝန်းပေမယ့် အခရာရဲ့ အိမ်ကြီးနှင့်တော့ တဲစုတ်လေးနဲ့ နတ်ဘုံနန်းကြီးလို ကွာခြား နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းလေးထဲက စားပွဲကျဉ်းကျဉ်းကလေးမှာ ဖွယ်ဖွယ်ရာရာ မရှိသော ဟင်းလျာတွေနှင့် အခရာ သိပ်အဆင်မပြေမှာ သူ နားလည် သည်။ ဒါကြောင့်လည်း အခရာ ကြိုက်သော ဆိုင်က အစားအစာ ကို နှစ်ရက်ခြား သုံးရက်ခြား သူ ဝယ်လာပေးမိခြင်း ဖြစ်သည်။

အခရာ အစားအသောက် ဆင်းရဲနေတာကို သူ မမြင် မကြည့် ရက်ပါ။

အိပ်တော့လည်း ဂွမ်းကပ်လေး ခင်းကာ အဆင်ပြေသလို အိပ်စက်ရသည့် ဘဝကို အခရာ ဘယ်တော့ ညည်းညူလာမည်လဲ

သည်အခါကျရင်တော့ အခရာကို အိမ်ကြီးဆီ သူ ပို့ ... စီစဉ်ရမည်။

ဒါပေမဲ့ ဒီလို ဘဝလေးကို စွန့်လွှတ်ရမှာကိုလည်း သူ့ရင် ... နမျောစိုးရိမ်နေသလို ရှိသည်။

အခရာရယ်

မင်းအလိုရှိရာ ဘဝအတိုင်း ငါ့ဘဝက သက်မဲ့ ဝက်ရုပ် ... တစ်ရုပ်လိုပါပဲ။

■ ■ ■



## အခန်း (၂၈)

အငှားကားသမားဆိုတော့လည်း နေ့လယ်စာကို ကြုံသည့် ဆိုင် ... ဖြစ်သလိုပဲ စားရတာ ထုံးစံတစ်ခု ဖြစ်နေသည်။

အခုလည်း သူ ခရီးသည် တစ်ယောက်ကို ပို့ပြီးတော့ ဝမ်းထဲ ... ဆာလောင်လာသည်။ မနက်က ထမင်းကြော် တစ်ပွဲ၊ လက်ဖက်ရည် ... ခွက်နှင့် ပြီးခဲ့သော ဝမ်းက နေ့လယ် တစ်နာရီကျော်ပြီဆိုတော့ ... ဆာလောင်လာမည်ပေါ့။

လမ်းဘေးက ထမင်းဆိုင်လေးရှေ့မှာပဲ ထိုးရပ်ကာ ထမင်းဝင် ... လိုက်သည်။ စားသောက်ပြီး ဆိုင်ထဲက ပြန်အထွက်မှာ

"ခင်ဗျား ဘုန်းလက်ညာပါနော်"

သူ့အနားရောက်လာကာ တိုးတိုးမေးသည့် လူရွယ်ကို မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ မင်းဆက်တိုင်။

အနက်ရောင် မျက်မှန်နှင့် လျှာထိုးဦးထုပ်ကို ဆောင်း

သော လူရွယ်ကို သူ မမှတ်မိစရာတော့ မရှိပါ။

''မင်းဆက်တိုင်''

''ဟုတ်တယ် ကျွန်တော် မင်းဆက်တိုင်ပါ၊ အခရာ ဘယ်

လဲ ကိုဘုန်းလက်ညှာ၊ ကျွန်တော် အဲ လာဗျာ၊ ဒီမှာ ကြာကြာ ရပ်

မဖြစ်ဘူး၊ လူတွေ ကျွန်တော့်ဆီ ဝိုင်းလာနိုင်တယ်၊ တစ်နေရာ သွား

အောင်''

သူ ငြင်းလိုက်ချင်ပေမယ့် အခရာ မျက်နှာလေးကို မြော်

မငြင်းဖြစ်ပါ။

''ကျွန်တော် တက္ကစီကားပါတယ် မင်းဆက်တိုင်''

''ဟုတ်လား၊ ဒါဆို ကျွန်တော် ရှေ့က သွားမယ်၊ ခင်

အနောက်က လိုက်ခဲ့ပါဗျာ၊ စကား အေးဆေး ပြောလို့ရမယ့်

တစ်ခုပေါ့''

ပြောပြီးသည်နှင့် မင်းဆက်တိုင်က ပလက်ဖောင်းမှာ ရပ်

သော မာစီဒီးကားပြာကြီးပေါ် ခပ်သုတ်သုတ် တက်သွားသည်၊

ဖိတ်တောက်နေသော ကားကြီးနှင့် သားနားရှင်းသန့်နေသော မင်း

တိုင်းက လိုက်ဖက်ညီလှသည်။





အင်္ဂလေ နာမည်ကျော် အဆိုတော် သရုပ်ဆောင် တစ်ယောက်

အဖြစ် အောင်မြင်နေသည့် သူပဲ။

ရှေ့က မင်းဆက်တိုင်းရဲ့ ကားကြီး မောင်းနှင်ရာနောက်ကို

သူ့ရဲ့ တက္ကစီကားလေးက အသာကပ်လိုက် မောင်းနှင်ခဲ့သည်။

အခရာ ဘယ်မှာလဲတဲ့။ မင်းဆက်တိုင်း ရင်ထဲမှာ အခရာ

ရှိနေသေးသည်လား။ ဘာတွေ ပြောချင်နေတာလဲ။

သီချင်းစိတ်တို့ ပြင်းပြစွာနှင့် ဟိုတယ်ကြီးတစ်ခု၏ ကားဝင်း

ထိုးရပ်သော မင်းဆက်တိုင်း ကားလေး နံဘေးမှာ သူ့ကားသေးကို

ရပ်လိုက်ပါသည်။

''လာဗျာ တစ်ခုခု စားရင်း စကားပြောကြရအောင်''

သူ့ပခုံးကို ရင်းနှီးခင်မင်စွာ ဖက်ပြီး မင်းဆက်တိုင်းက စား

သောက်ခန်းက စားပွဲဆီ ခေါ်ခဲ့သည်။ မင်းဆက်တိုင်းကို မြင်သည်နှင့်

စားပွဲထိုး ချာတိတ်ကလေးကလည်း ပျာယာခတ်သွား၏။

''အစ်ကိုတိုင်း ဘာစားမလဲ''

''အိုကေ ကိုဘုန်း ဘာမှာမလဲ နှစ်သက်တာ မှာလေ''

''ကျွန်တော် မစားတော့ဘူး။ စောစောကပဲ ထမင်းစားပြီး

ထိုင်က ထလာတာ၊ ခင်ဗျား ဘာသာ မှာပါ''

''ဒါဆိုလည်း ကော်ပဲ သောက်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်တိုင်း မှာကြားပြီးသည်နှင့် သူနှင့်မျက်နှာချင်းဆိုင် တိုင်ကာ မေးခွန်းတွေ ဆင့်ကဲလာတော့သည်။

"အခရာ ဘယ်မှာလဲ ကျွန်တော် သိချင်တယ်ဗျာ၊ ကျွန်တော် ဆီလည်း သူ ဖုန်းမဆက်ဘူး။ အခရာ အိမ်ပြန်မလာဘဲ ဘယ်မှာနေ တာလဲဆိုတာ တဆိတ်လောက် ပြောပြပါဗျာ"

မင်းဆက်တိုင်း မျက်ဝန်းတွေထဲကို သူ တိတ်ဆိတ်စွာပဲ ကြည့်မိသည်။ အခရာကို တကယ်ပဲ သံယောဇဉ် ရှိနေခဲလား။ မင်းဆက် တိုင်း မျက်ဝန်းတွေက ခန့်မှန်းရ ခက်သည်။

"ကြားနေတဲ့ သတင်းကို ကျွန်တော် မယုံချင်ဘူး၊ ကိုဘုန်း အခရာ ဘယ်လိုမှ မပတ်သက်ပါဘူးနော်"

"ဒီအကြောင်းကို ခင်ဗျား ဘာလို့ သိချင်တာလဲ မင်းဆက် တိုင်း"

သူ့ရဲ့ ပြန်လှန်မေးခွန်းကြောင့် မင်းဆက်တိုင်း ကွ မျက်နှာပျက်သွားခဲ့သည်။

"ကျွန်တော် မှားသွားသလား ကိုဘုန်း၊ ဒါဆိုရင် ကျွန် စကားတွေ ပြန်ရုပ်သိမ်း"

"မမှားပါဘူး ခုချိန်ထိ အခရာနဲ့ကျွန်တော် ဘာမှမပတ်သက် ဘူး၊ အခရာ သူ့အဖေကို ဒေါသမပြေသေးလို့ အိမ်မပြန်သေး





"ဗျာ အခရာ ဒါဆို ဘယ်မှာလဲ"

"သူ တိုက်ခန်းတစ်ခန်း ငှားပြီး နေတယ် မင်းဆက်တိုင်း၊ သူနဲ့အတူ ဒေါ်မြဆိုတဲ့ အမျိုးသမီးကြီး တစ်ဦး အဖော်နေပေးတယ်"

မင်းဆက်တိုင်း မျက်ဝန်းတွေ လင်းလက်တောက်ပသွားခဲ့သည်။

"ဒါ ဒါဆို ကျွန်တော့်ကို အခရာရဲ့ အိမ်ကို ညွှန်ပေးပါဗျာ၊ ကျွန်တော် အခရာနဲ့ အရမ်းတွေ့ချင်နေတယ်"

မင်းဆက်တိုင်း လိုလားစွာ တောင်းဆိုနေတော့ သူ ကွယ်ဝှက်ဖို့ ဆင့်ဟု နားလည်လိုက်မိသည်။

ဒါပေမဲ့ အခရာကိုတော့ သူ မေးချင်သေးသည်။

"ဒီလိုလုပ်ဗျာ အခရာကို ကျွန်တော် အရင်ဆုံး မေးကြည့်ပြီးမှ ခင်ဗျားဆီ ဖုန်းဆက်မယ် ဖြစ်တယ်မို့လား"

မင်းဆက်တိုင်း မျက်မှောင်တွန့်ကာ သူ့ကို စိုက်ကြည့်သည်။ အကြောင့်လား မသိ မျက်ဝန်းအစုံက ပိုရှုရှုတောက်ပသွား၏။

"အခရာ ကျွန်တော့်ကို စိတ်ဆိုးနေတာပဲ ဖြစ်မှာပါ၊ သူ ကျွန်တော့်ကို မုန်းတာ သိတယ်၊ ကျွန်တော့်ဆီ အခရာ ရောက်လာတုန်း က ကျွန်တော် အလုပ်တွေနဲ့ ရှုပ်ထွေးနေလို့ပါ"

ခင်ဗျားတွယ်မက်တဲ့ အတ္တစိတ်ကြောင့်လားဟု သူ မေးလိုက် ချင်ပေမယ့် မမေးဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဖြစ်နိုင်ရင် ဒီနေ့ပဲ အစရာကို သွားတွေ့ချင်တယ် [illegible] ဗျာ၊ နောက်ရက်တွေဆို ကျွန်တော် ရှူတင်တွေနဲ့ အားမှာမဟုတ်ဘူး"

သည့်မျှထိ တောင်းဆိုနေတော့လည်း၊ သူ လိုက်လျော [illegible] အစရာတို့ လိပ်စာကို ဖွင့်ပြောပြလိုက်ပါသည်။

မင်းဆက်တိုင်၊ ပြောသလို အစရာ သူ့ကို မမုန်းနိုင်ဘူးတဲ့ [illegible] သူ မငြင်းဆိုချင်ပါ။

မင်းဆက်တိုင်း အပေါ်မှာ အစရာရဲ့ နှလုံးသားက တွယ် [illegible] ခြင်းက ကြီးမားနက်ရှိုင်းသည်ဆိုတာ သူ သိသည်။

မင်းဆက်တိုင်းအတွက် တိတ်တခိုး ပေးခဲ့သော သီချင်း [illegible] တွေက သက်သေပဲလေ။

မင်း တကယ် ကံကောင်းပါတယ် မင်းဆက်တိုင်။

ငါ့အတွက်တော့ အစရာရဲ့ နှလုံးသားလေးထဲက ဆန္ဒ [illegible] ပြည့်ဝရင် ကျေနပ်နိုင်တော့လည်း . . ။

■ ■ ■

ပါစင်ဂျာ တစ်ယောက်နှင့် ဟိုက်ဝေးစရီးဧည့်တစ်ခုကို ပါသွား [illegible] ၍ ထိုနေ့က အစရာတို့ တိုက်ခန်းဆီ သူရောက်တော့ မှောင်ရိပ်သန်း [illegible]





ပြီ ဖြစ်သည်။

အစရာ မျက်နှာလေးကို မြင်ချင်သည့် မင်းဆက်တိုင်းနှင့် ဘတ်သက်ပြီး အစရာ့နှုတ်က ဝန်ခံစကားတို့ကို ကြားချင်၏။

ခြောက်လွှာမှာရှိသော အစရာရဲ့ တိုက်ခန်းလေးဆီ သူ ရောက် တော့ အခန်းတံခါးက စေ့ပိတ်ထားသည်။

နံရံက လူခေါ်ဘဲလ်ကို သူ နှိပ်လိုက်တော့ တံခါးသော့ကို လာဖွင့်ပေးသူက ဒေါ်မြ။

"ဩော် မောင်ဘုန်း နောက်ကျလိုက်တာကွယ်"

စိုးရိမ်မှု မကင်းသံနှင့် ရေရွတ်ရင်း ဒေါ်လေးမြက ဘာဂျာ သံတံခါးသော့ကို တစ်ချက် ထပ်ဖွင့်ပေးရှာသည်။

"အစရာ မအိပ်သေးဘူးမို့လား ဒေါ်မြ"

"အစရာလေး ပြန်တောင် မလာသေးဘူး မောင်ဘုန်းရဲ့"

"ဟင် ဘယ်သွားလို့လဲ"

"ညနေခင်းက ဟို အဆိုတော် မင်းသား မင်းဆက်တိုင်း ရောက်လာပြီး ခေါ်သွားတယ်လေ၊ မင်းလိပ်စာပေးလိုက်တာဆို"

သူ ခေါင်းညိတ်ပြရင်း ဧည့်ခန်းက ကြိမ်ထိုင်ခုံလေးမှာ ဝင် ထိုင်မိသည်။

"နည်းနည်း မိုးချုပ်မယ်လို့ အစရာ ပြောသွားတယ်၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပူဖို့လည်း မှာသွားတယ် မောင်ဘုန်း။ မင်း ထမင်းစားတော့မလား"

"ကျွန်တော် မစားတော့ဘူး စားပြီးခဲ့ပြီ"

မှုသားစကားနှင့်ပဲ ငြင်းမိသည်။ အိတ်ထဲက ငွေခုနစ်ထော

ကို ဒေါ်မြ လက်ထဲ သူ လှမ်းပေးရင်း

"ဒေါ်မြ တစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ ကျွန်တော် ခ

စောင့်ပေးပါ့မယ်"

"မောင်ဘုန်း အုံနာအိမ် ကားပြန်ပို့ရဦးမှာ မဟုတ်လား။ ပြ

ချင် ပြန်နှင့်ပါ ဒေါ်မြ နေရဲတယ်"

"ရတယ် ကျွန်တော် ခုနစ်နာရီလောက်အထိ စောင့်ပေးမယ်"

အခရာအတွက် သူ့ရင်ထဲမှာလည်း စိုးရိမ်နေမိတာမို့ သူ

စောင့်ပေးမိသည်။ သူ့စိတ်ကို သိနေပိတာမို့ ထင်၏။ ဒေါ်မြကလည်း

မတားမြစ်တော့ပါ။

ခုနစ်နာရီ ဆယ်မိနစ်အထိ အခရာ ပြန်မလာသေးတော့

မဖြစ်မနေ ထရပ်မိသည်။

"အခရာက စိတ်မပူဖို့ ပြောသွားပါတယ်၊ မောင်ဘုန်း ပြန်

ပါကွယ်၊ ဒေါ်မြပဲ စောင့်လိုက်တော့မယ်"

"ဟုတ်ကဲ့ ကျွန်တော် သွားမယ် ဒေါ်မြ"

နှုတ်ဆက်ပြီး ထွက်ခဲ့ရပေမယ့် ရင်ထဲမှာတော့ စိုးရိမ်စိတ်





နှင့် ဒီည အိပ်ပျော်တော့မည် မထင်ပါ။

မင်းဆက်တိုင်းနှင့် အခရာကို ပြန်ဆုံခွင့် ပြုလိုက်တာကပဲ

သူ့အမှားပဲလား။

အခရာရယ် အရာရာမှာ မင်းအတွက် ပူပန်မိတာ အပြစ်တစ်ခု

ဖြစ်နေပြီလား။

အချစ်ဆိုတာ ဝေဒနာတွေနဲ့ တမြေ့မြေ့ လောင်ကျွမ်းသွားစေ

နိုင်မယ်ဆိုရင်

ဒီကောင်ရဲ့ အသည်း ပြာကျလောင်ကျွမ်းခဲ့တာ ကြာပြီ ထင်

ပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

နောက်တစ်နေ့ မနက်မှာ အခရာတို့ တိုက်ခန်းလေးဆီ သူ စောစီးစွာပဲ ရောက်ခဲ့သည်။ ဧည့်ခန်းထဲက စားပွဲလေးမှာ ဂျာနယ်စ တမွေ့တပိုက်နှင့် အခရာ ထိုင်ဖတ်နေသည်။

"မြော် ကိုဘုန်း ထိုင်လေ၊ ဒီနေ့ ကားမထွက်ဘူးလား"

"ထွက်မှာ ညက အခရာ ပြန်မရောက်သေးလို့ စိတ်ပူပြီး ဝင်လာခဲ့တာ"

အခရာ ကြည်ကြည်နူးနူးလေး ပြုံးရင်း လက်ထဲက ဂျာနယ် ကို စားပွဲလေးပေါ် တင်သည်။ ဂျာနယ်အဖုံးမှာ မြင်ရသည့် မင်းဆက် တိုင်း အပြုံးတွေက သူ့ကိုပဲ နှုတ်ဆက်ပြုံးပြနေသလိုလို။

"အခရာတို့ ညက ရှစ်နာရီမထိုးခင် ပြန်ရောက်ပါတယ်၊ ဆက်





အခရာကို ညစာလိုက်ကျွေးရင်း ဧည့်သည်တွေနဲ့ ဆုံနေလို့ ကိုဘုန်းရဲ့"

အခရာရဲ့ မျက်ဝန်းတွေ အခရာရဲ့ အပြောအဆိုတွေကို နား ဆောင်ရင်း သူ သဘောပေါက်လိုက်ပါသည်။

အခရာနှင့် မင်းဆက်တိုင်း ပြေလည်မှု ရသွားခဲ့ပြီ ထင်သည်။

"ကိုဘုန်းကို ဆက်က ကျေးဇူးတင်နေတယ်၊ အခရာလည်း ကျေးဇူးတင်ပါတယ်"

သူ ခေါင်းညိတ်ရမည်လား။ ခေါင်းခါရမည်လား မသိ။ အခရာ ရဲ့ အပြုံးလေးတွေက သူ့အတွက် မဟုတ်တော့တာ သေချာနေပြီ။

"ကိုယ် ကားထွက်ရဦးမယ် အခရာ၊ ဒီညနေ အခရာ ဘာစား ချင်သလဲ၊ ကြေးအိုး ဝယ်ခဲ့ပေးရမလား"

"မဝယ်နဲ့တော့ ကိုဘုန်း၊ ခဏနေရင် အခရာတောင် အပြင် သွားစရာ ရှိတယ်"

"အခရာ ဘယ်သွားမလို့လဲ"

"ဆက်ရဲ့ ရှုတင်ကို သွားကြည့်ချင်လို့လေ၊ အဟင်း ဆက် လည်း စိတ်ထားလို့ ခဏနေရင် ရှုတင်က ကားလွှတ်ကြိုမိုင်းမယ်တဲ့"

သည်တော့မှ အခရာ ပြင်ဆင်ဝတ်စားထားတာကို သူ သတိ ထားမိတော့သည်။ ပန်းဆီရောင် ဘလောက်စ် အင်္ကျီအကျပ်ကလေးနှင့် အခရာရဲ့ မျက်နှာလေး ဝင်းလက်နေသည်။



www.burmeseclassic.com

"ကိုယ် သွားတော့မယ် အခရာ၊ ကားဆွဲရဦးမှာမို့"

"အိုကေ ကိုတုန်း ညနေကျရင် ဒီမှာပဲ ထမင်း စားသွားနော် ဒေါ်မြကြ ရှယ်ချက်ထားပေးမယ်လို့ မှာသွားတယ်"

သူ ခေါင်းညိတ်ကာ အခန်းထဲက ထွက်ခဲ့သည်။ ရင်ထဲ[illegible] လေးပင်နေခဲ့တာတော့ အမှန်။

ဒါပေမဲ့ အခရာအတွက်တော့ သူ ကျေနပ်ဝမ်းသာပါသည် အခရာရယ်။

■ ■ ■

သေချာသည်က သည်နေ့တစ်နေ့လုံး သူ့စိတ်တွေ လေး[illegible] ခဲ့တာ အမှန်ပဲ ဖြစ်သည်။

စိတ်က မကြည်လင်တော့ ကားလိုက်ရတာလည်း အဆင်[illegible] ပါ။ ပါစင်ဂျာပါသည့် အခေါက်မှာ လမ်းတစ်ဝက်အရောက် ကား[illegible] ပေါက်လို့ စကားများရသေး၏။

"ခဏလေးစောင့်ပါ အစ်ကိုကြီးရာ၊ အလွန်ဆုံး ဆယ်မိနစ်[illegible]"

"ဆယ်မိနစ်တောင် မဖြစ်ဘူးကွ၊ ငါ့အတွက် ဆယ်မိနစ်[illegible] တကယ် အရေးကြီးတယ်၊ တခြားကား ပြောင်းစီးမှ ဖြစ်မယ်"





တကယ့်ကို အလုပ်ရှုပ်သော ပုဂ္ဂိုလ်ကြီးပေတိုင်နှင့် နာရီကို [illegible]ခါပြန်ကြည့်ကာ ထိုပုဂ္ဂိုလ် ကားပေါ်က ကသောကမျော ဆင်း၏။

"အစ်ကိုကြီး ခရီးက တစ်ဝက်ကျိုးနေပြီဆိုတော့ ကားခလေး [illegible]တော့ ကျသင့်သလောက် ပေးသွားဦးလေ"

"ရော့ နှစ်ထောင်တော့ ရမယ်"

"ဟာ အစ်ကိုကြီး သွားမယ့် ခရီးက သုံးထောင်ပေးရင် ရောက် [illegible]လေ၊ ဒီတော့ ကျွန်တော့်ကို သုံးထောင်တော့ ပေးပါ၊ အစောကြီးက [illegible]ည်းက ခြောက်ထောင် သတ်မှတ်ထားတာလေ"

"နှစ်ထောင်ပဲ ရမယ် ငါက အရင်ဆုံး တွေ့တဲ့ကားကို ငှားစီး [illegible]ကွ၊ သုံးထောင်မဟုတ်ဘဲ လေးထောင်လည်း ငှားရမှာပဲ"

တမင်ညစ်ကာ ငွေနှစ်ထောင်ပဲ ပေးကာ ထွက်သွားသော [illegible]ကြီးကို သူ မကျေနပ်ပေမယ့် ဘာမှ ပြောခွင့်မရှိပါ။

ခပါက်သည့် ကိုယ့်ကားဘီးကိုပဲ အပြစ်တင်ရတော့မည်။

အဆင်မပြေမှုတွေက ရောက်လာပြီဆိုလျှင် အုံနှင့်ကျင်းနှင့် [illegible]ာ်အသင်းဖွဲ့ ရောက်လာတတ်တာမျိုး ထင်သည်။

မနက်ပိုင်းမှာ ဘီးပေါက်သောကားက နေ့လယ်ခင်းမှာ အင်ဂျင် [illegible] ချွတ်ယွင်းသည်။

တစ်ကိုယ်လုံး စက်ဆီတွေ ပေကျံအောင် သူ ပြင်ဆင်လိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ အဆင်ပြေသွားခဲ့တော့သည်။

ညနေခင်းလေးမှာ ရသည့်ငွေက အံ့ဩစရာ သာသာလေးပဲ ရှိသော

တော့ မိုးချုပ်သည်အထိ သူ ဆက်ရှာရသည်။

အခရာတို့အတွက် ထိုက်သင့်သလောက်လေး ရပြီဆိုမှပဲ

တိုက်ခန်းဆီ မောင်းခဲ့သည်။

"ဟော မောင်ဘုန်း မင်းကို မျှော်နေတာကွဲ့"

တံခါးဝမှာ သူ့ကိုမြင်တော့ ဒေါ်မြ အလောတကြီး တံခါး

ဖွင့်ပေးရင်း ပြောသည်။

"ဘာဖြစ်လို့လဲဟင် ဒေါ်မြ"

"အခရာလေး အဖျားတွေ တက်နေလို့"

"ဟင် ဘာဖြစ်တာလဲ မနက်ကပဲ အပြင်တောင် သွားသေး

တယ် မဟုတ်လား"

"အေးလေ ရှုတင်ရိုက်ကွင်းကို တစ်နေကုန် လိုက်ကြည့်

တာတဲ့၊ ညနေ ပြန်လာတော့ ချက်ချင်းကြီး ခေါင်းပေါ် ရေလောင်း

တယ်လေ၊ မကြာပါဘူး၊ နှာတွေ ချေပြီး အပူရှိန်တွေ တိုးလာတော့

ပဲ"

ဒေါ်မြ စကားကြောင့် သူ စိုးရိမ်သွားမိသည်။

"အခရာ အခု ဘယ်မှာလဲ ဒေါ်မြ၊ ဆေးခန်း မပြဘူးလား





"မင်းကို စောင့်နေတာ၊ အခရာက တဖွတ်ဖွတ်ဆိုးလေ သိတယ်

လား၊ ကဲ လာ လာ"

ဒေါ်မြက အခရာရှိရာ အခန်းထဲအထိ သူ့ကို ဆွဲခေါ်တော့

လိုက်ခဲ့ရသည်။ ငွမ်းကပ် အိပ်ရာခင်းလေးပေါ်မှာ ခွေခွေလေး လှဲနေ

သော အခရာ မျက်ဝန်းလေး ဖွင့်ကြည့်၏။

"အခရာ သက်သာရဲ့လား"

ခေါင်းကလေး ညိတ်ပြပေမယ့် မျက်သားလေးတွေ နီကာ

ခမ်းလေးတွေ ရဲရဲနီနေပုံက ခြောက်ကပ်ကပ် ဖြစ်နေသည်။

"ဆေးခန်းပြမှ ဖြစ်မယ် ထင်တယ်"

အခရာ အိပ်ရာဘေးမှာ ဒူးကလေး ထောက်ထိုင်ရင်း နဖူးပြင်

ကို သူ အသာထိကပ်ကြည့်တော့ ကိုယ်တွေ ပူလိုက်တာ ခြစ်ခြစ်

တောက်။

"ဟာ ကိုယ်တွေက အရမ်းပူနေတာ ဘယ်ဖြစ်မှာလဲ၊ ဆေးခန်း

တော့ သွားမှ ဖြစ်မယ်၊ အချိန်ရှိသေးတယ် သွားရအောင်"

"ဟင့်အင်း အခရာ မသွားချင်ဘူး ဟတ်ချိုး ဟတ်ချိုး"

ခေါင်းကလေး ခါရမ်းငြင်းရင်းတောင် နှာတွေက အထပ်ထပ်

နေသည်။

"အခရာရယ် ဒီလောက် ဖျားနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး ဆေးခန်းမသွားချင်ဘူး။ ဆေးပဲ သော[illegible] ရတယ် ဟုတ်ချိုး"

အခရာကို ချော့မော့နေလို့လည်း အချိန်ကုန်ရုံပဲ ရှိမှာမို့ [illegible] ခေါင်းညိတ်လိုက်ကာ အခန်းထဲက ခပ်သွက်သွက် ထွက်ခဲ့သည်။

ဆေးခန်း မလိုက်ရင်တောင် အခရာ အခြေအနေက [illegible] သောက်မှ ဖြစ်မှာ သူသိနေသည်။

ဆေးခန်းထဲက ဆရာဝန်ကို အကျိုးအကြောင်း ပြောပြ [illegible] ပန်ပြီး သောက်ဆေးတွေ ဝယ်ခဲ့သည်။

အခရာ သောက်ဖို့ ကြက်သားမြူစွပ်စွပ် တစ်ပွဲလည်း ဝယ်[illegible] ခဲ့မိသေးသည်။

သူ အခန်းထဲ ပြန်ရောက်တော့ အခရာ ဧည့်ခန်းထိုင်[illegible] ဒေါ်မြနှင့်အတူ ထိုင်နေသည်။

"ဟာ ဘာလို့ အိပ်ရာထဲ လှဲမနေတာလဲ အခရာရဲ့"

"ဆေးမသောက်ရသေးဘဲ အိပ်ပျော်သွားမှာစိုးလို့ ဒေါ်မြ [illegible] ခေါ်လာတာ မောင်ဘုန်းရေ"

ဒေါ်မြ ပြောတာလည်း ဟုတ်သည်။ ဆေးသောက်ရမှာ [illegible] မလောက် ကြောက်တတ်သည့် အခရာ အိပ်ချင်ယောင်ဆောင်[illegible] အခက်။



"ဒေါ်မြ ဟောဒီ မြူစွပ်လေးကို ပန်းကန်ထဲ ထည့်လိုက်ဗျာ၊ [illegible]ရာ သောက်ဖို့"

"ဟင့်အင်း၊ အခရာ ဘာမှမသောက်ချင်ဘူး"

"မသောက်လို့ မရဘူး အခရာရဲ့၊ ဆရာဝန်က အစာတစ်ခုခု [illegible]ပြီးမှ သောက်ဖို့ အသေအချာ မှာလိုက်တာ"

အခရာ နှာခေါင်းလေးရှုံ့ကာ နှုတ်ခမ်းလေး စူနေတုန်း ဒေါ်မြ [illegible] မြူစွပ် ပန်းကန်ကို ယူလာပေးသည်။

"ဘာမှ မစားချင် မသောက်ချင်ပါဘူးဆို"

"ကဲပါ အခရာရယ် နည်းနည်းတော့ သောက်လိုက်ပါနော်၊ [illegible]ရောက လိမ္မာပါတယ်"

သူ ချော့မော့ကာ အခရာကို ကိုယ်တိုင်ပဲ ခွံ့ကျွေးတော့ အခရာ [illegible]ကျူမနစ်နှင့်ဘဲ သောက်သည်။

"တော်ပြီ၊ သောက်ရတာ ဘာမှ အရသာလည်း မရှိဘူး"

"အခရာ ကလည်းကွာ နေမကောင်းတော့ ခံတွင်းပျက်တာပေါ့ [illegible]မှာ ကြက်သားဖတ်လေး နူးနေတာပဲ စားလိုက်ဦးနော်"

ချော့ကာ မော့ကာနှင့် သူတိုက်တော့ လေးပုံတစ်ပုံ လောက် [illegible]တော့ အခရာ သောက်နိုင်သည်။

"ကဲ ရပြီ အခရာ ဟောဒီမှာ ဆေးတွေ သောက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဆေးတွေက အများကြီးပဲ"

"လေးခွက်စာလေကွာ ဆေးပတ်လည်အောင် သောက်

ပေါ့"

အခရာ နာခေါင်းလေးရှုံ့ကာ ရှုံ့တွန့်တွန့် လုပ်နေတာနှ

ဒေါ်မြကို မျက်နှာရိပ်ပြကာ ရေတစ်ခွက် ယူခိုင်းလိုက်သည်။

"ကဲ အခရာ သောက်လိုက်နော် လက်ဖျားတွေက အေး

နေတာပဲ အပူရှိန် မကျသေးဘူး"

လက်ဖဝါးထဲက ဆေးလုံးတွေကို ကြည့်ကာ အခရာ နှု

လေးကို မဲ့ထားသည်။ ရေတစ်ခွက် ခပ်ယူလာသော ဒေါ်မြ

တွန့်ကာ ခေါင်းကို ခါရမ်းသည်။

"ဆေးက လေးခွက်စလုံး ကုန်အောင် သောက်ရမှာပေ့

ရင်တော့ ဒီည မောင်ဘုန်းပဲ စောင့်ပြီးတိုက်မှ ဖြစ်မယ်နော်၊

တော့ သမီးလေးကို မနိုင်ဘူး"

ဒေါ်မြကတော့ ခေါင်းရှောင်နေပြီ။ အခရာ ကို ဆေး

ရတာ ဘယ်လောက်အထိ စိတ်ညစ်ညူးစရာ ကောင်းသလဲ

အသိဆုံးလေ။

"မျိုချလိုက်လေ အခရာရဲ့"

ဆေးလုံးတွေကို ပါးစောင်ထဲမှာပဲ ရေနှင့်ရော ငုံထား





သူ သတိပေးမှ အခရာ မျက်စိစုံမှိတ်ကာ မျိုချသည်။

"အေ့ အဟွတ် အဟွတ် ဝေါ့"

"ဟာ ဘာလို့ ပြန်အံပစ်ရတာလဲ အခရာရဲ့"

"အံပစ်တာမှ မဟုတ်တာ သူ့ဘာသာ ပြန်ထွက်လာတာကို

တိုတုန်း ကလဲ"

ပြောတော့လည်း အသံလေးမာမာနှင့် ပြန်အော်ကာ ခုက်ချင်း

ငိုမဲ့မဲ့ ဖြစ်လာတော့ သူ သနားမိပြန်သည်။

"တော်ပြီနော် ဒီတစ်ခါ ထပ်တိုက်ရင် အခရာ အန်လို့ သေ

မှာပဲ"

"ကဲ မတိုက်တော့ဘူး။ အခု ခုနစ်နာရီခွဲ ဆိုတော့ သန်းခေါင်

လောက်ကျရင် တစ်ခွက်တော့ ထသောက်ရမယ် အိပ်ချင်အိပ်တော့"

အခရာ ကို သူ သတိပေးရင်း ဆိုတော့ ဒေါ်မြက

"မောင်ဘုန်းက သွားတော့မလို့လား ဖုက္ကပါပဲ အချိန်မတော်ကြီး

အဖျားတက်နေရင် ငါတစ်ယောက်တည်း အခက်"

သူလည်း ဒေါ်မြနှင့် အခရာကို စိတ်ချမထားရစ်ခဲ့ နိုင်တာမို့

ဆုံးဖြတ်လိုက်ပါသည်။

"ကျွန်တော် ဒီည စောင့်အိပ်ပေးပါ့မယ်၊ ကားအုံနာဆီကိုတော့

ဖုန်းဆက်မှ ဖြစ်မယ် စိတ်ပူနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြကို ခွင့်တောင်းပြီး အောက်ထပ်ကို ပြန်ဆင်းခဲ့သည်။ အနီးဆုံး ဖုန်းဆက်နိုင်သည့် နေရာမှ၊ ကားအုံနာဆီ အကျိုးအကြောင်း ပြောပြကာ ခွင့်တောင်းတော့ အဆင်ပြေသွားပါသည်။

သူ အခန်းဆီ ပြန်ရောက်တော့ ဒေါ်မြက ဧည့်ခန်းက စောင့်နေသည်။

"အစရာလေးတော့ အိပ်သွားပြီ မင်း ရေချိုးချင် ချိုးလေ ဒေါ်မြ ထမင်းစားဖို့ ပြင်ထားပေးမယ်"

"ဟုတ်ကဲ့ ဒေါ်လေးမြ"

တစ်နေကုန် ပင်ပန်းနွမ်းနယ်နေသည့် အပြင် စက်ဆီတွေနှင့် မို့ ရေချိုးလိုက်ရသည်။ လဲလှယ်စရာ အဝတ်အစားပို ပါမလာသဖြင့် အဝတ်အစား ဟောင်းတွေကိုပဲ ပြန်ဝတ်လိုက်ရသည်။

ဒေါ်လေးမြ ကတော့ ထမင်းပွဲ ပြင်ဆင်ကာ သူ့ကို စောင့်နေခဲ့သည်။

"ဒေါ်လေးမြ စားပြီးပြီလား"

"ပြီးပြီကွဲ့ မင်းပဲစားလိုက်တော့၊ ဟင်းတွေက အများကြီး ရှိတယ်"

သူ ထမင်းစားရင်း ဒေါ်မြနှင့် စကားဖောင်ဖွဲ့ကြတာ ဧည့် ခန်းမှာ ဆက်ထိုင် ပြောဖြစ်ကြတဲ့အထိ ဖြစ်သည်။





ဆယ်နာရီကျော်မှ ဒေါ်မြကို အိပ်ရာဝင်ဖို့ သူ သတိပေးလိုက် ရသည်။

"ဒေါ်လေးမြ အိပ်တော့လေ၊ အစရာနဲ့အတူ အိပ်ပေးလိုက် ပါဗျာ"

"အေးပါ မင်းကတော့ ဧည့်ခန်းထဲမှာပဲ ဖြစ်မလား၊"

"ဖြစ်ပါတယ် ကျွန်တော် ဆယ့်နှစ်နာရီကျ နိုးမယ်၊ အိပ်ရေးဝ အောင်အိပ် အဲ အစရာကိုလည်း ဂရုစိုက်ဦးနော်"

"တကာတည်း ကျုပ်ကို အိပ်ရေးဝအောင်လည်း အိပ်တဲ့ လူမှာ ကိုလည်း ဂရုစိုက်တဲ့"

"နည်းနည်း နိုးနိုးကြားကြား အိပ်ပေါ့ဗျာ"

ဒေါ်မြ မျက်စောင်းတစ်ချက်ထိုးကာ အိပ်ခန်းထဲ လှမ်းဝင် သွားတော့ သူပြုံးရင်း ကျန်ရစ်ခဲ့သည်။

အစရာနှင့် ပတ်သက်လျှင် သူ့လိုပဲ သံယောဇဉ် နိုင်ကျည်နေ သည့် ဒေါ်မြ အဖြစ်ကလည်း သနားစရာပါပဲ။ ပုံမှန်လစာ အခကြေး ငွေ ရနေသည့် အိမ်က အလုပ်ထွက်ခဲ့ပြီးကာမှ အစရာ ဆီမှာ တစ်ပြား သားချပ်မှ မရနိုင်ဘဲ ရောက်နေရသည့် အဖြစ်။

သံယောဇဉ် ဆိုသည့်ကြိုးက နိုင်ကျည်တွယ်နှောင်လွန်းပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြ ပေးထားရစ်ခဲ့သော စောင်တစ်ထည် ခြုံကာ သူ မှေး

အိပ်ပျော်နေရာက ဖျတ်ခနဲ နိုးလာတော့ နားထဲမှာ အသံသဲ့သဲ့

ကြားနေသည်။

အခရာ နိုးနေတာလား၊ စိုးရိမ်သွားမိတာမို့ သူ လှုပ်

လိုက်မိသည်။

အခရာတို့ အခန်းရှေ့ ရောက်တော့ ညည်းသံက အ

အရှား ကြားလာသည်မို့ သူ အခန်းတံခါးကို နားကပ်ကြည့်တော့

ပိတ်ထားတာ မဟုတ်သော အခန်းတံခါးက ထိရုံနှင့် ပွင့်

၏။ ဒေါ်မြ တံခါးပိတ်ဖို့ မေ့သွားတာလည်း ဖြစ်မည်။

အခန်းထဲ ရောက်တော့ စောင်ကလေးကို ကွေးကွေး

ခြုံကာ ညည်းနေသော အခရာရဲ့ နံဘေးမှာ ဒေါ်မြလည်း ကွေးကွေး

အိပ်ပျော်လို့။

"အခရာ"

သူ စိုးရိမ်စွာနှင့် အခရာကို တိုးတိုးခေါ် ကြည့်သည်။ အ

မနိုးပါ။ နဖူးလေးကို အသာ ထိစမ်းကြည့်တော့ မီးခဲ တစ်ခဲကို

မိသလို အပူရှိန်က ပြင်းသည်။

"ဒုက္ခပဲ အဖျားတွေ တက်နေတာပဲ"

သူ အခရာ နံဘေးမှာ လှဲအိပ်နေသော ဒေါ်မြကို လှုပ်





နိုးမှ နိုးတော့သည်။

"ဟင် ဘာ ဘာလဲ မောင်ဘုန်း"

"ဒီမှာ အခရာ အဖျားတွေတက်ပြီး ညည်းနေလို့ ဒေါ်မြ က လည်း တံခါးကြီး ဖွင့်အိပ်နေသေးတယ်"

"အင်း အဲဒါ ငါတင် စေ့ရုံစေ့ထားတာ အိပ်ပျော်ပြီး မနိုး မှာစိုးလို့၊ ဒါနဲ့ အခရာလေး အရမ်းပူနေသလား"

"ခြစ်ခြစ်တောက်ပဲ မဖြစ်ဘူး ရေခဲအုပ်ပေးမှ ဖြစ်မယ်"

"ရေခဲတော့ ဘယ်ရှိမှာလဲ ရေပတ်တိုက်ပေးတာပေါ့"

ဒေါ်မြ အိပ်ချင်မူးတူး မျက်ဝန်းတွေကို ပွတ်သပ်ရင်း အခန်းထဲ က ထွက်သွား၏။

သူ အခရာ နဖူးလေးကို အသာ အုပ်မိုးကိုင်ကြည့်သည် အထိ အခရာ မနိုးပါ။ ခြောက်ကပ် နီမြန်းနေသော နှုတ်ခမ်းလေး တွေကတော့ လှုပ်လှုပ်ခတ်ခတ်။

"ဒယ်ဒီ ဒယ်ဒီ ရက်စက်တယ်"

ကယောင်ကတမ်းနှင့်အခရာ ညည်းနေသေးသည်။ ဖခင် ဖြစ် သူကို တမ်းတ ညည်းညူနေသည့် အခရာကိုကြည့်ကာ သူ စိတ်မကောင်း ဖြစ်မိသေးသည်။

"ရပြီ မောင်ဘုန်း ရပြီ"

www.burmeseclassic.com



ရေဇလုံနှင့် သဘက်တစ်ထည်ယူကာ ဒေါ်မြ ရောက်လာတော့မှ အခရာ မျက်နှာလေးကို သူ ရေစိုဝတ်ဖြင့် ပွတ်သပ်ပေးရ၏။

"စောင်တွေ ခွာလိုက် ဒေါ်မြ၊ အပူအရှိန်ကြီးရင် ခြုံမပေးထားရဘူး"

သူ စေခိုင်းထားသည့်အတိုင်း ဒေါ်မြ စောင်ကို ဖယ်သည်။ သိုးမွှေးအင်္ကျီထည်ကြီး ထူထဲစွာဝတ်ထားသော အခရာ ကတော့ အဖျားရှိန်တက်ကာ ညည်းနေဆဲ

"အင်း အင်း အင်း"

"ဒေါ်မြ လာဗျာ အနွေးထည်တွေပါ ချွတ်ပေးလိုက်ပြီး ရေပတ်တိုက်ပေးလိုက်ပါ"

"အေ အေး အေး"

ဒေါ်မြကိုပဲ ကိုယ်တိုင် စေခိုင်းလိုက်ရသည်။ မျက်နှာလွှဲထားရပေမယ့် သူ့နှုတ်က စိုးရိမ်စွာနှင့် တတွတ်တွတ် ပြောနေမိဆဲ။

"တော်သေးတာပေါ့ဗျာ အပူကြီးပြီး သတိလစ်သွားရင် အခက်နေဦး၊ အဝတ်ပါးပါးလေးတော့ ဝတ်ပေးထားမှ ဖြစ်မယ်"

သူ အခန်းထဲက ဗီရိုပုလေးကို ဆွဲဖွင့်ကာ ပါးပါးလျော့လျော့ ချည်သား အင်္ကျီတစ်ထည် ထုတ်ယူပေးမိ၏။

"ပြီးရင် ဒီ အင်္ကျီလေး လဲဝတ်ပေးထားလိုက် ဒေါ်လေးမြ





"အေး အေး မင်း မရှိရင်တော့ ငါတစ်ယောက်တည်း တကယ် မလွယ်ဘူးကွယ်"

ဒေါ်မြ သူစေခိုင်းသမျှ လုပ်ဆောင်ပေးရင်း ပြောရှာသည်။

"အင်း အဖျားတော့ ကျသွားပြီ ထင်တယ်"

ဒေါ်မြ ပြောမှ သူ အခရာ နံဘေးရွှေ့ကာ နဖူးလေးကို စမ်းကြည့်မိ၏။ အပူရှိန်က သိသာစွာ ကျသွားသည်။ နွေးနွေးကလေးတော့ ရှိနေဆဲ။

"နိုးပြီး ဆေးတိုက်ရင် ကောင်းမလား မောင်ဘုန်း"

"အိပ်ပါစေဦး နိုးမှပဲ တိုက်တာပေါ့၊ နေဦး ကျွန်တော် ကော်ဖီလေး ဖျော်ပြီး ဓာတ်ဘူးထဲ ထည့်လာခဲ့မယ်"

ဒေါ်မြ ခမျာလည်း ပင်ပန်းနေရှာပြီမို့ သူကိုယ်တိုင်ပဲ မီးဖိုထဲ ထွက်ခဲ့သည်။

ဓာတ်ဘူးထဲမှာ ရေနွေးဖြူ အသင့်ရှိတာမို့ အလွယ်တကူပဲ အိုဗာတင်၊ နို့စိုက်ဗူး ဖောက်ကာ ပျစ်ပျစ်ကလေး ဖျော်ထည့်လိုက်သည်။

သူ အခန်းထဲ ရောက်တော့ ဒေါ်မြ ခမြာ ငုတ်တုတ်ငိုက်နေရှာ၏။

"ဒေါ်လေးမြ ခဏ လှဲချင် လှဲနေလေ၊ ကျွန်တော် အခရာ နိုးတဲ့အထိ စောင့်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ခဏလောက် မေးမှာပါ"

အခရာ နံဘေးမှာ ဒေါ်မြ ဘေးတစောင်းလေး လှဲသွားတော့မှ သူ အခန်းထောင့်က ထိုင်ခုံလေးမှာ သွားထိုင်နေလိုက်သည်။

အသင့်တွေ့ရသည့် ဂျာနယ် တစ်စောင်ကို ကောက်ယူလိုက်တော့ မင်းဆက်တိုင်း ရဲ့ အပြုံးမျက်နှာနှင့် သတင်း ဂျာနယ်တစ်စောင် ဖြစ်နေသည်။

စိတ်မဝင်စားပေမယ့် အပျင်းပြေသဘောနှင့် ဂျာနယ်ကို ဖတ်ကြည့်မိသည်။

မင်းဆက်တိုင်း နှင့် အင်တာဗျူး အစီအစဉ်ကို ဖတ်ကြည့်ရင်း မင်းဆက်တိုင်း စိတ်ကို မြင်သိလာသလို ရှိလာသည်။

ဂီတပဲဖြစ်ဖြစ်၊ ရှင်ရုပ်ပဲဖြစ်ဖြစ် အနုပညာလုပ်ငန်း မှန်သမျှ ထိပ်ဆုံးရောက်ချင်သည်ဟု ကြွေးကြော်ထားသည့် မင်းဆက်တိုင်း ခံယူ ချက်က သူ့ကို သိပ်တော့ သဘောမတွေ့စေပါ။

အခရာ ကို ချစ်ပါသည် ဆိုသော မင်းဆက်တိုင်း နှလုံးသား မှာ အခရာသည် ဘယ်အတိုင်း အတာထိ ရှိနိုင်သလဲ။

သူခေါင်းကို ခါရမ်းရင်း ဂျာနယ်ကို ပြန်ပစ်အချမှာ အခရာ လှုပ်ခနဲ နိုးလာသည်။ အခရာ နံဘေးကို သူ ချက်ချင်း ရောက်သွား ခဲ့သည်။





"အခရာ နိုးပြီလား၊ သက်သာရဲ့လား"

"အင်း ရေဆာလိုက်တာ"

"ရမယ် အခရာ"

နံဘေးက ရေသန့်ဘူးကို ဆွဲယူကာ အခရာ အတွက် သူ တစ်ခွက်ငှဲ့ပေးပြီး ကိုယ်တိုင် တိုက်သည်။

"အခရာ အဖျားတက်နေတာလား ဟင်"

"သေရှာတာပေါ့ အခုပဲ ကိုယ်တို့ ရေပတ်တိုက်ပေး ထားတာ"

သည်တော့မှ အခရာ သူမ ဝတ်ဆင်ထားသော အဝတ်အစား ကို သတိထားမိဟန်နှင့် ရဲနေသော မျက်နှာလေး ပိုလို့ နီသွား၏။

"ဟို ဟို အခရာ ကို"

"အင်း အဲ ဒေါ်လေးမြ အဝတ်အစားတွေ လဲပေးထားတာလေ အပုက အရမ်းကြီးနေလို့ အခရာရဲ့ သူလည်း ပင်ပန်းပြီး ခုပဲ ပြန် အိပ်ပျော်သွားတာ"

"အင်း၊ ကျေးဇူးပဲ ကိုဘုန်းရယ်"

အခရာ လေသံလေးနှင့် ကျေးဇူးတင်စကား ဆိုတော့ သူ ပြုံးမိရင်း

"မလိုပါဘူး အခရာရယ် အဖျား ထပ်မတက်အောင် ဆေး တစ်ခွက်တော့ ဝင်အောင် သောက်လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါတော့ မငြင်းဘဲ အခရာ ခေါင်းကလေးညိတ်ပြနာခံသည်။

"ကိုယ် အိုဗာတင်း ဖျော်ထားတယ်၊ ပူပူလေးနဲ့ မျှော့ချလိုက်နော် အခရာ"

ဓာတ်ဘူးထဲက အိုဗာတင်းတွေကို ပန်းကန်ထဲ ငှဲ့ထည့်ပေးကာ သူ နွေးအောင် မှုတ်ပေးသည်။

ပြီးမှ ဆေးတစ်ခွက် ဖောက်ကာ အခရာကို သောက်စေလိုက်သည် အဆင်ပြေပြေနှင့် သောက်နိုင်တာမို့ သူ ဝမ်းသာမိ၏။

"ကဲ အခရာ အားရှိအောင် တစ်ရေးလောက် ပြန်အိပ်လိုက်တော့ နော်"

"ကိုဘုန်းလည်း ပင်ပန်းနေပြီ တစ်မှေးလောက် အိပ်လိုက်လေ"

"အင်း ရတယ် ခဏနေရင် ဧည့်ခန်းမှာ ကိုယ်သွားအိပ်မယ် အခရာ အိပ်လိုက်တော့"

အခရာ အသာအယာ ပြန်လှဲအိပ်သွားတော့ သူ ခြုံစောင်လေးကို အသာလွှမ်းပေးသည်။

အခရာ မျက်ဝန်းလေးတွေ မှေးခနဲ ပြန်မှိတ်သွား၏။ ငါးမိနစ်တောင် မကြာလိုက်ပါ။ အသက်ရှူသံ မျှင်းမျှင်းလေး





ကြားကာ အခရာ အိပ်ပျော်သွားခဲ့သည်။

အပြစ်ကင်းစင် ဝင်းမွတ်နေသော မျက်နှာလေးကို တဒင်္ဂတော့ သူ ငေးကြည့်နေမိခဲ့သေးသည်။ ပြီးမှ သတိဝင်လာကာ အခန်းထဲမှ ပြန်ထွက်ခဲ့သည်။

ဧည့်ခန်းထဲမှာ အသာပြန်လှဲ အိပ်လိုက်ပေမယ့် သူ့ မျက်ဝန်းတွေ အိပ်စက်လို့ မရပါ။

အခရာရဲ့ မျက်နှာလေးကို မြင်ယောင်ရင်း နိုးတစ်ဝက် ပျော်တစ်ဝက်နှင့်ပဲ မိုးစင်စင် လင်းခဲ့ရသည်။

■ ■ ■

မနက်မိုးလင်းတော့ အခရာကို တစ်ယောက်တည်း ထားခဲ့ဖို့ သူ စိတ်မချ။ ဈေးသွားမည့် ဒေါ်မြ ပြန်လာမှ သူပြန်ဖို့ တွေးမိ၏။

"ဒေါ်လေးမြ ဈေးသွားရင် သွားလေ၊ ဒေါ်လေးမြ ပြန်လာမှ ကျွန်တော် သွားမယ်"

"အေး အေး ဒါဆို ဒေါ်လေးမြ မကြာစေရဘူး၊ သမီးလေး လည်း နိုးနေပြီ မျက်နှာသစ်နေတယ်"

ဒေါ်မြ ထွက်သွားပြီး မကြာခင်မှာပဲ အခရာ မျက်နှာသစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးကာ ခြေ့ချန်းဘက် လျှောက်လာတာ မြင်သည်။

"အရေး သက်သာရဲ့လား"

"ကိုယ်တော့ မပူတော့ဘူး၊ နည်းနည်း နုံးနေသေးတယ်"

"နုံးမှာပေါ့ မနေ့ညက ဘာမှ ဟုတ်တိပတ်တိ မစားဘဲ ဆေး သောက်ထားတာကို၊ ဒီမှာထိုင်နေ ကိုယ် အိုဗာတင်း ဖျော်ပေးမယ်"

"နေပါစေ ခေါ်လေးမြ ပြန်လာမှပဲ စားပါမယ်"

"အရေး ဆာနေတုန်း စားလိုက်ပါ၊ ဘာမှ မပူနဲ့ ကိုယ်ဖျော် ခဲ့မယ် ဒီကပဲစောင့်"

မီးဖိုထဲဝင်ကာ အိုဗာတင်းဖျော် ဘူးလေးထဲမှာ တွေ့သော ကိတ်ခြောက်မုန့်တွေ လင်ပန်းထဲထည့်ကာ သူယူခဲ့တော့ အရေး ထိုင် လေးမှာ မှီထိုင်နေသည်။

ဆက်တီ စားပွဲလေးပေါ် လင်ပန်းလေးကို သူတင်ပေး ရင်း၊

"အားရှိအောင် စားလိုက်နော် အရေး"

"ရတယ် ကိုဘုန်း၊ အရေး ဘာသာ သောက်နိုင်ပါတယ်"

သူ့လက်ထဲက အိုဗာတင်းခွက်ကို လှမ်းယူကာ အရေး တာမို့ သူ ခေါင်းညိတ်လိုက်ရသည်။

ပြည့်လျှံနေသော အိုဗာတင်းခွက်က အရေး လက်ပေါ်





မှာ ဘောင်ဘင်ခတ်ကာ ဝတ်ဆင်ထားသော အနွေးထည် အင်္ကျီလေး ပေါ် ဖိတ်စင်ကုန်၏။

"ဟာ အရေး ဒါကြောင့် ကိုယ်ပြောတာပေါ့ အရေး အား နည်းနေတုန်းလို့"

နတ်ကဆိုရင်း သူ့လက်ကလည်း စားပွဲပေါ်က လက်သုတ် ဝါလေးကို ကောက်ယူကာ အရေး အင်္ကျီမှာ စွန်းပေကုန်တာတွေ ကို လိုက်သုတ်ပေးလိုက်မိ၏။

"တောက်"

"ဟင်"

"ဟင် ဆက်"

တံခါးဝဆီက တက်ခေါက်သံကြောင့် အရေး မျက်ဝန်းလေး ဝိုင်းစက်သွားသလို သူလည်း ညွတ်ကိုင်းထားသော အနေအထားမှ ကြည့်မိသည်။

အံကို တင်းတင်းကြိတ်ကာ စူးစူးစစ်စစ် မျက်ဝန်းတွေနှင့် ကြည့်နေသော မင်းဆက်တိုင်းက တံခါးဝမှာ မတ်မတ်ရပ်နေသည်။

"မင်းဆက်တိုင်း"

"အဟွန်း တော်သေးတာပေါ့ဗျာ ကျုပ် ခွားလုံးလုံး ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းဆက်တိုင်း မဟုတ်"

သူ့ စကားမဆုံးလိုက်ခင်မှာပဲ မင်းဆက်တိုင်း အခန်းဝ
ပဲ ချာခနဲ ပြန်လှည့်ထွက်သွားခဲ့သည်။

သူ မင်းဆက်တိုင်း နောက်ကို လိုက်ဖို့ ကြံစည်တော့ အခ
လက်ကလေးကာပြ တားရင်း

"မလိုအပ်ပါဘူး ကိုဘုန်း။ သူ ဒီလောက်အထိ ဝန်တို
မလိုအပ်တဲ့ ကိစ္စပါ၊ အခြေအနေတစ်ခုကို ချင့်ချိန် မေမြန်းသင့်တယ်
အခရာ ထင်တယ်"

အခရာ စကားကြောင့် သူ စိတ်ကို လျှော့ချလိုက်ရပေ
ရင်ထဲမှာတော့ ခံရခက်ခက် ဖြစ်မိသည်။ တကယ်ဆို အခရာ
မင်းဆက်တိုင်း ဒီလောက်အထိ မဖြစ်သင့်ပါ။

တစ်စုံတစ်ခုသော ဖြေရှင်းချက်ကလေးတော့ နားထော
သင့်သည် ထင်၏။

အခုတော့ မင်းဆက်တိုင်း လုပ်ရပ်က ယောကျ်ားမပီသ
တာ။ သူနှင့် အခရာ ကိုပဲ ချောင်ပိတ်ဖမ်းဆီး ပြသလိုမျိုး ပြေ
သေးသည်။

အံ့ကလေး ကြိတ်ကာ ဖြူလျော့်နေသော အခရာရဲ့
လေးကြောင့် သူ နှုတ်ဆိတ် ငြိမ်သက်နေလိုက်ရပေမယ့်





ရင်ထဲမှာတော့

အရောင်ဆိုး ခံလိုက်ရသော စေတနာအတွက် ခံရခက်လှ၏။

■ ■ ■

လူက ပင်ပန်းနုံးချိနေသလို စိတ်ကလည်း အလိုမကျမှု တွေနှင့်
ညစ်ညူးနေခဲ့တာ တစ်နေ့လုံးပဲ ဖြစ်သည်။

ပထမတော့ အုံနာဆီ ကားအပ်ကာ ဒီတစ်ရက် နားငြိုက်ဖို့
တ်ကူး မိသေးသည်။

နောက်မှ သတိရလိုက်မိတာ နေမကောင်းသော အခရာ
တွက် လက်ထဲမှာ ငွေလေးတော့ မဖြစ်မနေ ပိုလျှံမှ ဖြစ်မည်။

တစ်ညလုံး အိပ်စက်မထားသော မျက်ဝန်းတွေက ကျိန်းစပ်
သည်။ ကားရပ်နား ထားရချိန်မှာ တစ်ရေးလောက်တော့ မှေးမည်
းထားပေမယ့် သည်နေ့ကျမှ နာရီပိုင်းလေးတောင် မနားရဘဲ ဖြစ်


ဆိုးတော့ မဆိုးပါ။ နေ့လယ်ပိုင်းရောက်တော့ အိတ်ထဲမှာ
ာင်းနေခဲ့ပြီ။

မြို့သစ်တစ်ခု ပြန်မည့် ပါဝင်ဂျာကို လိုက်ပို့ပေးပြီး ပြန်ခဲ့တော့
ထဲမှာ တလှပ်လှပ် ဖြစ်လာ၏။

တစ်မနက်လုံး ဘာမှ မစားရသေးတာကြောင့် မှန်ကင်းခါး



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ပွဲလောက် စားလိုက်မည် တွေးရင်း ကားကို မောင်းလာခဲ့ နိုက်

"ဟာ"

မျက်လုံးမတွေတောင် ပြာဝေသွားမတက်။ မဆင်မခြင် လမ်း ဖြတ်ကူးလာသည့် ကလေးတစ်ယောက်။

"တီ"

သူ ကားဟွန်းကို နှိပ် သတိပေးမှ ပိုဆိုးသွားသည်။ ကလေး အထိတ်တလန့် မျက်ဝန်းတွေနှင့် ကြောင်တွေစွာ ခြေစုံရပ်ပြီး ကား ကြည့်နေသည်။

"ကျွီ ကျွီ ကျွီ"

ကားဘရိတ်ကို ဖိနင်းကာ စီယာရင်တိုင် ဘီးကိုလည်း ခွေ ချပစ်လိုက်ရသည်။

လမ်းပေါ်က ဦးချော်ထွက်ကာ ကားလေး ဦးတည်သွားသည် လမ်းနံဘေး သစ်ပင်ကြီးဆီသို့

"ဝေါ"

"ဒုန်း"

"ခွမ်း"

ကားဦးခေါင်းပိုင်းလေး သိမ့်သိမ့်တုန်ခါကာ ကွဲကြေ





တွေ ကြားလိုက်သလို သူ့ ခေါင်းနှင့် ဒက်ရှ်ဘုတ် မိတ်ဆက်သွား၏။

အသိတရား အားလုံးသည် အမှောင်ထုထဲ မျောလွင့်သွားခဲ့ သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

သူ ဖျတ်ခနဲ သတိရလာတော့ ခေါင်းထဲမှာ မူးဝေနေဆဲ ရှိသည်။ မှုန်ရိပ်ရိပ် ဝေဒနာကို မျက်မှောင်လေး ကျုံ့ကာ သူငြိမ်သက်စွာ ခံစား နေခိုက်မှာ ဖြစ်ပျက်ခဲ့သမျှတွေက အာရုံထဲကို ရောက်လာကြသည်။

ကားလမ်းပေါ် ဖြတ်ကူးလာသော ကလေးငယ်ကို လွတ်အောင် ရှောင်တိမ်းရင်း သူရဲ့ကားလေး သစ်ပင်ကြီးကို ဝင်တိုက်လိုက်မိသည့် မြင်ကွင်း။ ပြီးတော့ ကားမီးသီးတွေ ကြေကွဲသွားရုံမျှမက ကားစ တိုင်းမှာလည်း အတော်ကြီး ပျက်ဆီးသွားခဲ့မှာ သေချာသည်။

သွားပြီ ဒါတွေကို ရင်ဆိုင် ဖြေရှင်းဖို့အတွက်။

"မောင်ဘုန်း အတွက် ဘာမှ မပူပါနဲ့ကွယ် လိုအပ်တာ အား လုံးနဲ့ ကားအုံနာကိုလည်း ဒယ်ဒီ ရင်ဆိုင် ဖြေရှင်းပြီးပြီ သမီး"





နားထဲမှာ ကြားနေရသည့် အသံလှိုင်းက ဦးမင်းဝေခိုင်ရဲ့ အသံ ဆိုတာ သေချာသည်။ သူ မယုံနိုင်စွာ မျက်လုံးတွေကို ဖွင့်ကြည့်မိသည်။

"ဟင် မောင်ဘုန်း သတိရပြီနော်"

သူ့ ခုတင်နံဘေး ထိုင်ခုံမှာ ထိုင်ပြီး သူ့ကို ငုံ့ကြည့်နေသော ဒေါ်မြ ဝင်းသာအားရ မေးသည်။

အခန်းပြတင်းပေါက် နံဘေးမှာ ရပ်စကားပြောနေသော အခရာ ကိုသားအဖ သူ့အနားကို လျှောက်လာကြသည်။

"ကိုဘုန်း သတိရပြီနော်"

အခရာ အပြုံးရိပ်သမ်းသော မျက်ဝန်းလေးတွေနှင့် ကြည့်ကာ သူ့ကို မေးတော့ သူ ခေါင်းညိတ်ပြမိ၏။ ဦးမင်းဝေခိုင် က သူ့ကို စေ့စိုက်ကြည့်နေရာမှ ခေါင်းတညိတ်ညိတ် ပြုံးပြသည်။

"မောင်ဘုန်း အံ့ဩနေသလား။ သတင်းကြားကြားခြင်း ဦး ရောက်လာခဲ့တာပါ။ ဘာမှ စိုးရိမ်စရာ မရှိဘူး။ မင်း ခေါင်းက ဒဏ်ရာ နက်သာတာနဲ့ ဆေးရုံက ဆင်းလို့ရပါပြီ"

"ဟို ဟို ဦး ဦးဆီကို ဘယ်သူ အကြောင်းကြား လိုက်တာလဲ ခင်"

"ဘယ်သူမှ အကြောင်းကြားစရာ မလိုပါဘူးကွာ။ မင်းနဲ့ သမီး လေးတို့ကို ဦး ဥပက္ခာ ပြုထားတယ် ထင်သလား။ အားလုံးကို ဦး သိ



www.burmeseclassic.com

www.burmeseclassic.com



နေတယ် သမီးလေး မမြနဲ့ အတူနေတယ်၊ မင်း အငှားကား မောင်းပြီး စောင့်ရှောက်ပေးနေတယ်၊ အားလုံးကို ဦး သိနေတယ်''

အခရော ကို သူ လှမ်းကြည့်တော့ အခရော မျက်နှာလေး ရွှင်ပြုံးလို့ သူ့ကို ငေးစိုက်ကြည့် နေခဲ့သည်။

ဦးမင်းဝေခိုင် က သမီးဖြစ်သူ ပခုံးလေးကို ကြင်နာစွာ သိုင်း ဖက်လိုက်ရင်း

''မောင်ဘုန်း ဆေးရုံက ဆင်းတာနဲ့ ဦးရဲ့ အိမ်ကို လိုက်ခဲ့ပေ သမီးနဲ့ မမြတို့လည်း အိမ်ကို ပြန်ရောက်နေကြပြီကွဲ့''

အခြေအနေ အားလုံး အဆင်ပြေ ငြိမ်းချမ်းသွားပြီလား ။ ကျေနပ်စွာ ခေါင်းကလေး ညိတ်ပြလိုက်မိပါသည်။

■ ■ ■

''ဝတ်ရည်ကို လက်ထပ်ခဲ့မိတာ ဦးအတွက် အမှားယွင်း လုပ်ရပ် တစ်ခုဖြစ်ခဲ့တယ် မောင်ဘုန်း။ ဦး မျှော်လင့်ထားတာနဲ့ တကယ် လွဲချော်သွားခဲ့တာကွ''

ဦးမင်းဝေခိုင် ရင်ဖွင့် ပြောပြသမျှ သူ နားထောင်နေမိသည်

''ဦးနဲ့ လက်ထပ်ပြီး ရက်ပိုင်းမှာပဲ ဝတ်ရည်ရဲ့ ပုံစံက အပြောင်း ပြောင်းလဲသွားခဲ့တယ်၊ ဦး အတန်တန် သတိပေးတဲ့ ကြားက သူ့မိတ်





အပေါင်းအသင်းတွေနဲ့ နေ့စဉ် အချိန်ကုန်တယ်၊ အဆိုးဆုံးကတော့ လောင်းကစား ဝိုင်းထဲမှာ နစ်ခဲ့တာပဲ၊ ဦး သိတဲ့ အချိန်မှာ သူ့မှာ အကြွေး ပတ်လည် ဝိုင်းနေပြီ ဦး ဆင်ပေးထားတဲ့ လက်ဝတ် လက်စားတွေလည်း လောင်းကစား အကြွေးအတွက် ချွတ်ပေးရတဲ့အထိ ဖြစ်နေပြီလေ၊ ဒီမှာပဲ ဦး အပြတ်သားဆုံး ဆုံးဖြတ်လိုက်တယ်၊ အခု သူနဲ့ဦး တရားဝင် ကွာ ရှင်းပြီးပြီ''

ဒေါ်ဝတ်ရည် တစ်ယောက် ကိုယ်ပြုသည့် အကျိုးကို ကိုယ်တိုင် ခံစားလိုက်ရတာပဲဟု သူ မှတ်ယူသည်။

အခုတော့ သည်အိမ်ကြီးမှာ အခရောတို့ သားအဖ ငြိမ်းချမ်းစွာ ဖြန်ဆုံနိုင်ခဲ့ကြပြီမို့ သူ ဝမ်းသာပါသည်။

''မင်း သမီးလေးကို စောင့်ရှောက်ပေးနေတာကိုလည်း အစက ဦး အထင်မှား စိတ်ဆိုးမိတယ်၊ ဦးရဲ့ လူယုံတော်တွေ လိုက်စုံစမ်းမှ အမှန်ကို သိခဲ့ရတာ မင်းကို ဦး ကျေးဇူးတင်ပါတယ် မောင်ဘုန်း။ ဦး တို့ သားအဖအပေါ် ထားရှိတဲ့ မင်းရဲ့ သံယောဇဉ်နဲ့ ကျေးဇူးတရား တွေကို ဦး အသိအမှတ် ပြုပါတယ်''

''ရပါတယ် ဦး ကျွန်တော့် အပေါ်မှာသာ ဦးရဲ့ ကျေးဇူး တရားတွေ အများကြီး ရှိခဲ့တာပါ''

ဦးမင်းဝေခိုင် ကျေကျေနပ်နပ်ကြီး ပြုံးရင်း သူ့အနားကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသည်။ ပြီးတော့ သူ့ပခုံးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ရင်း

"မင်းကို ဦး အကြွင်းမဲ့ ယုံကြည်သွားပြီ မောင်ဘုန်း၊ ဦးရဲ့ လုပ်ငန်းတွေမှာ မင်းကိုပဲ အားကိုး ယုံကြည်စွာ လွှဲအပ်နိုင်ဖို့ ဦး စီစဉ်နေတယ် ဦးလည်း အသက်ကြီးပြီကွာ၊ မင်းကို အားကိုးပါရစေ"

"စိတ်ချပါ ဦး၊ ဦး ဖြစ်စေချင်တဲ့ အတိုင်း ကျွန်တော် ကြိုးစားပါ့မယ်ဗျာ"

သူ ကတိပေး စကားကြောင့် ဦးမင်းဝေခိုင် ကျေနပ် ဝမ်းသာသွားခဲ့တာ အထင်အရှား။

ဘာပဲဖြစ်ဖြစ် အခရာကို ဖခင်ဖြစ်သူရဲ့ အရိပ်အောက်မှာ ရှိစေချင်သော သူ့ဆန္ဒ ပြည့်ဝခဲ့ရတာမို့ သူ ဝမ်းသာမိသည်။

အခရာ လည်း ဝမ်းသာနေမည်က အသေအချာ။

■ ■ ■



## အခန်း (၃၁)

ဦးမင်းဝေခိုင် ၏ ဆန္ဒအတိုင်း သူ နေ့စဉ်တိုင်း ကုမ္ပဏီရုံးခန်းသို့ လိုက်ရသည်။ ကုမ္ပဏီ မန်နေဂျာ ကိုသက်ဇော်နှင့်တွဲကာ လုပ်ငန်းပိုင်းဆိုင်ရာတွေကို သူ လေ့လာ သင်ယူခဲ့ရသည်။

လိုအပ်သည်များကိုလည်း ဦးမင်းဝေခိုင်က သူ့ကို ရှင်းလင်း သင်ပြ ပေးတတ်ပါသေးသည်။

နေ့စဉ် လုပ်ငန်း တာဝန်တွေနှင့် နစ်မြုပ်ရင်း အခရာ ကို သူ တွေ့ဆုံရသည့် ရက်က တနင်္ဂနွေ အလုပ်အားရက် တစ်ရက်မှာပဲ ဖြစ်သည်။

"မောင်ဘုန်းရေ အခရာ လေး အတော်ပြောင်းလဲ သွားတယ် ဒီကို ပြန်ရောက်ကတည်းက အပြင်ကို လုံးဝ မထွက်တော့ဘူးကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီပိုင်းမှာ ဒေါ်မြ က သူ့ကို တီးတိုး သတင်း ပေးသည်။ သူ အံ့ဩမိသလို ဖြစ်၏။ အခရာ ကို ဖခင်ဖြစ်သူက အရင်ကလို တင်းကြပ်စွာ ချုပ်နှောင်ထားတာမျိုး ရှိတော့တာ မဟုတ်။

"သမီး ကို ဒယ်ဒီ ယုံပါတယ်၊ သမီးက ကလေးတစ်ယောက်မှ မဟုတ်တော့ တာပဲလေ၊ သမီး သွားစရာရှိရင် သွားလို့ရအောင် ဒယ်ဒီ ကားတစ်စီး စီစဉ်ပေးမယ် ဟုတ်လား၊ မောင်ဘုန်းကိုတော့ ဒယ်ဒီရဲ့ အလုပ်ကို ခေါ်သွားမှာ ဆိုတော့ သမီးဘာသာပဲ မောင်းသွားနိုင်ပြီပေါ့"

အခရာ အဘွက် ယုံကြည် စိတ်ချစွာဖြင့် ဦးမင်းဝေခိုင်က လွတ်လပ်ခွင့် အပြည့်အဝ ပေးသည်။ ဒါပေမဲ့။

အခရာ အိမ်ထဲက အိမ်ပြင်တောင် မထွက်တဲ့ အိမ်မြဲနေသည် ဆိုတော့ သူ အံ့ဩမိသည်။

စည့်ခန်းထဲကို ထွက်ခဲ့တော့ အခရာ ကို မတွေ့ပါ။ ခြံထဲ ဆင်းသွားသည်လား တွေးမိကာ ဆင်းလိုက်ခဲ့တော့ ထင်သည့် အတိုင်း ပါပဲ။

သစ်ပင်အောက်က ခုံတန်းလေးပေါ်မှာ အခရာ ဂစ်တာ တစ် လက်နှင့် ငေးငေးလေး ရှိနေသည်။

သူ လျှောက်လာတာတောင် မမြင်ဘဲ အခရာ သီချင်းလေး ညည်းနေသည်။





"ငါ့ဘဝရဲ့ အိမ်မယ်တွေကို x x နင်တစ်ယောက်ပဲ ဖန်ဆင်း နိုင်တယ် x x ငါ့ဘဝရဲ့ ရင်ခုန်မှုတွေကို x x နင်တစ်ယောက်ပဲ ခေါ်ဆင်းနိုင်တယ် x x ငါ့ဘဝရဲ့ ရင်ခုန်မှုတွေကို x x နင်တစ်ယောက်ပဲ ပိုင်စိုးနိုင်တယ် x x ငါ့ဘဝရဲ့ ရှင်သန်မှု အရာရာတိုင်းမှာ x x မင်းလေးက အရှင်သခင် "

အခရာ ကို အနှောင့်အယှက် မပေးလိုတာမို့ သူ တိတ်ဆိတ်စွာ ရပ်တန့်နေမိဆဲ ရှိသည်။ သီချင်းလေးထဲမှာ အခရာ နစ်မျော နေသည်လား။

သီချင်းလေး အဆုံးသတ်တော့လည်း အခရာ ငေးငေးလေး ရှိနေခဲ့သည်။

"အခရာ"

"ဟင် ကိုဘုန်း လာလေ"

သူ အခရာ ထိုင်နေသည့် ခုံတန်းလေးအထိ လျှောက်ခဲ့သည်။ ခုံတန်းလေး နံဘေးမှာ ဝင်ထိုက်တော့ အခရာ ပြုံးသည်။ အခရာ အပြုံးတွေက နွမ်းလျော်နေသည်ဟု သူထင်မိသည်။

"အခရာ နေမကောင်းဘူးလား ဟင်"

"ကောင်းပါတယ် ကိုဘုန်းရဲ့"

"သီချင်းတွေ ရေးနေတာလား အခရာ"



www.burmeseclassic.com

ခုံတန်းလေးပေါ်မှာ တွေ့ရသည့် စာအုပ်လေးကို ကြည့်ကာ သူမေးတော့ အခရာ ခေါင်းကလေးကို ခါရမ်းသည်။

"ဟင့်အင်း ရေးလို့ မရလို့ မရေးဖြစ်တာကြာပြီ"

"အခရာ အပြင်ကိုလည်း တစ်ရက်မှ မထွက်ဖြစ်ဘူးလို့ ဒေါ်ပြ က ပြောတယ်"

"အင်း ဘယ်မှ ထွက်ချင်စိတ် မရှိလို့ အိမ်ထဲမှာပဲ နေဖြစ်နေ တာ"

အခရာ မျက်နှာလေးက ဝင်းဖန့် ချောမောနေဆဲ ရှိသည် အခရာ အပြုံးလေးတွေကတော့ ညှိုးရော်နေသည်ဟု သူ ထင်သည်

"ဒီနေ့ အခရာ ဘယ်သွားချင်သလဲ ပြောလေ ကိုယ် လိုက် ပေးမယ်၊ ကိုယ် ဘယ်မှ သွားစရာ မရှိဘူး"

"နေပါစေ ကိုတုန်းရယ် ကိုတုန်း ပင်ပန်းပါတယ်၊ အခရာလည်း ဘယ်မှ မသွားချင်ပါဘူး"

အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် ကလေး နေတတ်သော အခ မျက်နှာလေးမှာ အပြုံးအပျော်တို့ ကင်းစင်နေတာ ဘာကြောင့်လဲ

သူ မေးချင်ပေမယ့် မမေးရက်ခဲ့ပါ။

မင်းဆက်တိုင်း နှင့် ပတ်သက်နေတာကြောင့်ဟု သူထင် ပါသည်။ တိုက်ခန်းလေးမှာတုန်းက အခရာနှင့် သူတို့ အခြေအနေ





အထင်လွဲသွားပြီးသည့် နောက်ပိုင်းမှာ အခြေအနေတွေက ပြောင်းသွား ကုန်သည်။

အခရာ ကို ချစ်ပါသည်ဆိုသော မင်းဆက်တိုင်း လွယ်ကူစွာ မေ့ရက်သည်လား။

အခရာရယ် မင်းကို ကိုယ်သနားလိုက်တာ။

■ ■ ■

ဦးမင်းဝေခိုင် စေခိုင်းသော စာရင်းဇယားတွေကို သူ စစ်ဆေး ပြီးတော့ ဆယ်နာရီ ကျော်နေပြီ။

အသေအချာ နှစ်ကြိမ် ပြန်စစ်ဆေးပြီးသော စာရင်း ဖိုင်တွေကို အသေအချာပိတ် သိမ်းဆည်းပြီး သူ စားပွဲက ထရပ်လိုက်သည်၊

မျက်ဝန်းတွေက အိပ်ချင်စိတ်တို့ မရှိသေးတာမို့ သူ ဝရန်တာ လေးဆီ ထွက်ခဲ့သည်။ ညရဲ့ လေပြည်အေးအေးက သူ့ကို လန်းဆန်း စွာ ဆီးကြို၏။

ဝရန်တာလေးမှာ ရပ်ရင်း နှင်းဆီရုံလေးဘက်သို့ ငေးကြည့် နေမိသည်။ သူ မပြုပြင်ဖြစ်တာ ကြာပြီဖြစ်သော နှင်းဆီ ကလေး တွေ ဘယ်လို နေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့ မျက်ဝန်းတွေ ခင်သက် အံ့ဩသွားမိသည်။ နှင်းဆီပန်းအိုးတွေ အနားမှာ အရိပ်တစ်ခု။ ခြိမာလီ ဦးမောင်အေးတော့ မဖြစ်နိုင်ပါ။

အရိပ်ကလေးက နှင်းဆီရုံဘက်မှ တစ်ဆင့် ခြံထဲက ခုံတန်းလေးဆီ လှမ်းသွားတော့မှ သူ သိလိုက်ပါသည်။

အခရာ။

သည်အချိန်အထိ အခရာ မအိပ်သေးဘဲ ဘာလုပ်နေတာလဲမသိ။

ခုံတန်းလေးမှာ ဘယ်အချိန်အထိ အခရာ ထိုင်နေမည်လဲမသိ။ ဖျားနာ နေလျှင်အခက်။

ချိတုံချတုံ အတွေးတွေနှင့် သူ အိမ်ပေါ်က အသာပဲ ဆင်းခဲ့သည်။

ပြီးတော့ ဧည့်ခန်းကို ဖြတ်၍ အခရာ ရှိနေရာ ခြံဝင်းထဲသို့ဆင်းခဲ့မိတော့သည်။

ခုံတန်းလေးမှာ အခရာ ထိုင်နေဆဲပါပဲ။ ပန်းနုရောင် ညဝတ်ဂါဝန်အကျီ ပွယောင်းယောင်းလေးနှင့် အခရာ က သူ့ကိုမြင်တော့

"အခရာ မအိပ်သေးဘူးလား"





"အိပ်မပျော်ဘဲ မျက်လုံးတွေ ကြောင်တွေနေလို့ ခြံထဲဆင်း ာတာ ကိုတုန်းကော မအိပ်သေးဘူးပေါ့"

"အခုပဲ ဦး၊ စစ်ခိုင်းတဲ့ တရင်းတွေ စစ်ပြီးလို့ ဝရန်တာ ထွက်ရင်း အခရာကို မြင်လိုက်တာ"

အခရာ နံဘေးမှာ ဝင်ထိုင်ရင်း သူ ပြောမိသည်။

နှင်းဆီပန်း ရနံ့လေးက သင်းပျံ့နေတာမို့ သူ သတိထားကြည့်မိတော့ အခရာ လက်ထဲမှာ အနီရောင် နှင်းဆီပွင့်လေး တစ်ပွင့်ထားသည်။

"နှင်းဆီပန်း နံ့ရလို့ အခရာ ခူးလာတာကိုး"

"ဟုတ်တယ် နှင်းဆီပန်းဖူးလေးတွေ့လို့ ခူးလာတာလေ"

ပြောရင်းနှင့် အခရာ နှင်းဆီဖူးလေးကို ငုံ့အနမ်းမှာ

"အ"

"ဟင် ဘာဖြစ်တာလဲ အခရာ"

"ဆူး ဆူး စူးသွားတာ"

အခရာ လက်ထဲက ပန်းဖူးလေးကို ဆွဲယူပြီး သူကြည့် လိုက်တော့ အခရာရဲ့ လက်ညှိုးထိပ်လေးမှာ စိမ့်ထွက်နေသော သွေးတစ်စ။

"အခရာရယ် နှင်းဆီပန်းခူးရင် ဆူးကို သတိထားဖို့ ကိုယ်ပြောတမ်း သတိပေးရက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်လေးနှင့် ပြောရင်း အခရာ လက်ကို သူ လှမ်း ယူကြည့်လိုက်မိသည်။

"အို ကိုဘုန်း မ မလုပ်ပါနဲ့"

အခရာ တားမြစ်ပေမယ့် နောက်ကျသွားပြီ နှင်းဆီဆူး စူးသော အခရာ လက်ချောင်းလေးကို ဘုန်းလက်ညှာ ငုံစုပ်လိုက်သည်။

အခရာ မျက်နှာလေး သွေးရောင် လွှမ်းခြုံနေခဲ့မည်လား မသိပါ။ စိုးရိမ်စိတ်နှင့် အခရာ လက်ချောင်းထိပ်က ဒဏ်ရာလေး သွေးတွေကို သူ စုပ်ယူ ပေးနေမိ၏။

"နှင်းဆီဆူး စူးရင် အဆိပ်သင့်တတ်တယ် အခရာ ရဲ့ သက်သာသွားလောက်ပါပြီ"

"ကျေး ကျေးဇူးပါပဲ ကိုဘုန်း"

ခေါင်းကလေး ငုံ့ကာ အခရာအသံ တုန်တုန်ယင်ယင် ဆိုသည်အထိ သူ အခရာ လက်ကလေးကို ဆုပ်ကိုင်ထားမိဆဲ။

ဝင်းမွတ်သော မျက်နှာလေးက လရောင် အလင်းသွဲ့သွဲ့ မှာ ရှင်းသန့် ကြည်လင်နေ၏။ အခရာ မျက်နက်ဝန်းလေးတွေက တောင် ရှည်ကြီးတွေ ပုတ်ခတ်လျက် သူ့ကို မော့ကြည့်သည်။

နုပါးပြင် မို့မို့လေးတွေ၊ စိုလဲ့ နီမြန်းသော နှုတ်ခမ်း အိအိကလေး။





နှင်းဆီရနံ့ မဟုတ်သော ကိုယ်သင်းရနံ့လေးကိုပါ သူ ရှူရှိုက် နေရသလို ခံစားရတော့ ရင်ခုန်သံတွေက တလှပ်လှပ် ဖြစ်လာ၏။

"အခရာ"

သူ့ခေါ်သံကြောင့် အခရာ မျက်နက်ဝန်းလေးတွေနှင့် အကြည့် ချင်း တဒင်္ဂမျှ ဆုံမိသည်။

ဝေ့ခနဲ သူ မျက်နှာဆီ တိုက်ခတ်လာသော လေအေးဝေ့ချက် က လွင့်မျောလုလု သူ့အသိစိတ်တွေကို လှုပ်နှိုးပစ်လိုက်၏။

ပင့်သက် တစ်ချက်ကို သူ ခိုးရှိုက်ရင်း ဆုပ်ကိုင် ထားမိသော အခရာ လက်ဖဝါးလေးကို ဖြေလွှတ်ပေးမိသည်။ ပွဲလန့်တုန်း ဖျာခင် သူတော့ မဖြစ်လို။

"အခရာ သိပ်ညဥ့်နက်နေပြီ အိပ်တော့နော်"

အခရာ ခေါင်းညိတ်လိုက်တာလား ခေါင်းငုံ့သွားတာလား သေချာပါ။

"အခရာ ပြန်ဖျားမှာ စိုးရိမ်လို့ ကိုယ်ပြောနေတာနော်၊ အထဲ ဝင် အိပ်ပါတော့ ကလေးရယ်"

အခရာ ဆတ်ခနဲ မေးကလေး မော့ကာ သူ့ကို ရင်ဆိုင် ကြည့်သည်။ နှုတ်ခမ်းလေးတွေ လှုပ်ခတ်ပြီး အခရာ တစ်ခုခု ပြောတော့ မလိုရှိ၏။ ဒါပေမဲ့ အခရာ နှုတ်က ဘာစကားသံမှ ထွက်မ



www.burmeseclassic.com

www.burmeseclassic.com



လာပါ။

"ကျေးဇူးပဲ ကိုဘုန်း၊ အခရာ အိပ်တော့မယ်"

တွန့်ခနဲ နှုတ်ခမ်းလေး၊ တစ်ချက်ပြုံးကာ အခရာ ထွက် သွားခဲ့၏။ သူ့ကို စိတ်ဆိုးသွားခဲ့တာလား မသိပါ။

အိမ်ဘက်ဆီ လှမ်းလျှောက်သွားသော အခရာ ကို ငေးကြ ရင်း ခုံတန်းလေးမှာ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

နံဘေးကို ငုံ့ကြည့်တော့ နှင်းဆီပွင့်လေးက ဒီအတိုင်း ကျ ခဲ့သည်။

အခရာ မေ့သွားခဲ့ပြီ ထင်ရဲ့။

■ ■ ■



အခန်း (၃၂)

"အခုတလော သမီးလေး ကြည့်ရတာ ငိုင်တိငိုင်တိုင်နဲ့ ဘာဖြစ် နေမှန်း မသိဘူး မောင်ဘုန်း"

တစ်ရက်မှာ ဦးမင်းဇေခိုင် နှုတ်က ဖွင့်ဟ ပြောလာတာမို့ သူ ဘာပြန်ပြောရမှန်း မသိ ဖြစ်ရသည်။

တကယ်ဆို အခရာ ပြောင်းလဲနေတာကို သူလည်း သတိ ထားမိသည်။ အရင်ကလို မဟုတ်တဲ့ အခရာ ပြောင်းလဲသွားတာတော့ သေချာသည်။

သူ့ကိုတောင် တမင် မတွေ့အောင် ရှောင်နေသလိုမျိုး ဖြစ် နေတာကို သူ သတိထားမိ၏။

"မောင်ဘုန်း မေးကြည့်စမ်းပါဦးကွာ၊ သမီးလေးကို မေ့ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဦးနဲ့မင်း အလုပ်ထဲမှာ နစ်မြုပ်နေတာတော့ မကောင်းဘူး''

''ဟုတ်ကဲ့ပါ ဦး အခရာ့ကို ကျွန်တော် မေးကြည့်ပါဦးမယ်''

ပြောသာ ပြောလိုက်ရသည်။ အခရာနှင့် သူ ဆုံတွေ့နိုင်တာက တနင်္ဂနွေ တစ်ရက်ပဲ ရှိသည်။ ကျန်ရက်တွေမှာက မဆုံဖြစ်သလောက် ပါပဲ။

တနင်္ဂနွေ ပိတ်ရက်မှာတော့ အခရာ ကို သူ ဆုံနိုင်ဖို့ ကြိုးစား မိ၏။ အရင်လို မဟုတ်တော့သော အခရာက ကော်ဖီဝိုင်းမှာတော့ တမင်မဆုံအောင် ရှောင်နေသည် ထင်သည်။

အခုလည်း မနက် ကော်ဖီဝိုင်းကို အခရာ ဆင်းမလာပါ။

''မောင်ဘုန်း ဦး မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတာ ရှိလို့ သွားရဦးမယ်''

''ဟုတ်ကဲ့ ဦး ကျွန်တော် လိုက်ခဲ့ဖို့ လိုသေးလား''

''ရတယ် မလိုဘူး မောင်ဘုန်း မင်း အိမ်မှာပဲ နေခဲ့ပေ သွားစရာ ရှိရင်လည်း သွားပေါ့ကွာ''

''သွားစရာတော့ ဘာမှ မရှိဘူး၊ အိမ်မှာပဲ ရှိမှာပါ ဦး''

''အေး အေး ဒါဆိုလည်း ဦး သွားမယ်ဟေ့''

ကော်ဖီဝိုင်းက ဦးမင်းဝေခိုင် ထွက်သွားတော့မှ သူ ဒေါ်မြကို မေးမိ၏။





''အခရာ ကော ဒေါ်မြ''

''မင်း ဝင်မလာခင်ကပဲ စားသောက်ပြီးလို့ ခြံထဲ ဆင်းသွား တယ် ထင်တာပဲကွယ်''

ဒေါ်မြ မီးဖိုထဲမှာ ကျန်ရစ်ခဲ့စဉ်မှာပင် သူ ညှော်ခန်းဘက် ထွက်ခဲ့၏။ ဘယ်သူမှ ရှိမနေပါ။ ဆင်ဝင်အောက်မှာလည်း ဦးမင်းဝေခိုင် ရဲ့ ကားမရှိတော့ပါ။

ထွက်သွားခဲ့ပြီ ထင်၏။ သူ ခြံထဲ ဆင်းခဲ့သည်။

အခရာ ရှိနေတတ်သော ပိတောက်ရိပ်အောက်က ခုံတန်းလေး ဆီကို လှမ်းကြည့်တော့

ဂစ်တာ တစ်လက်နှင့် စာအုပ်တစ်အုပ်ပဲ တွေ့သည်၊ အခရာ တော့ ရှိမနေခဲ့ပါ။

သူ့ ခြေလှမ်းတွေက ခုံတန်းလေးဆီကို လှမ်းခဲ့သည်။

''ဟင်''

မျက်ဝန်းတွေက ခုံတန်းလေးပေါ်က စာအုပ်ကလေးဆီကို အကြည့် ရောက်သွားမိသည်။ ဆေးပင်နီ အနီရောင်နှင့် ခပ်သွက်သွက် ရေးထားသော စာလုံးတွေကို သူ ဖတ်ရှုမိ၏။

''မင်းဆက်တိုင်း ရှင့်ကို အခရာ သိပ်ချစ်တယ် ဒါပေမဲ့ ရှင် သိပ်ရက်စက်တယ် မင်းဆက်တိုင်း''



www.burmeseclassic.com

www.burmeseclassic.com



ဒါ အစရာရဲ့ လက်ရေးဆိုတာ သူ သိသည်။ အစရာရဲ့ ရင်ထဲက ခံစားချက်တွေလား။

မင်းဆက်တိုင်းနှင့် ပတ်သက်ပြီး အစရာ ရင်ထဲမှာ ဝေဒနာတွေ ရှိနေဆဲဆိုတာတော့ သူ သိလိုက်မိပါပြီ။

အစရာ ရယ်။

မင်းရင်ထဲကို ကိုယ် မြင်တတ်ခဲ့ပါပြီ။

သူ့ ရင်ထဲမှာ တိုးတိတ်စွာပဲ ရေရွတ်ရင်း အစရာ မရှိသော ခုံတန်းလေးကိုတော့ ကျောခိုင်း ထွက်ခဲ့မိသည်။

အစရာ မင်းဆက်တိုင်း အတွက် ခံစားနာကျင်နေတာတွေ သူ မကြည့်ရက်ပါ။

အစရာ ရယ် မင်းကလေး စိတ်ချမ်းသာ ပျော်ရွှင်ဖို့အတွက် ဆို ဘာမဆို ကိုယ် ပေးဆပ်ရဲတယ်ဆိုတာ။

■ ■ ■



## အခန်း (၃၃)

"ဘာ ဘာရယ် ခင်ဗျား တကယ်ပြောနေတာလား ကိုသုန်း"

မင်းဆက်တိုင်း တအံ့တသြနှင့် မယုံနိုင်စွာ ရေရွတ်သည်။ သုန်းလက်ညာ တည်ငြိမ်စွာနှင့် မင်းဆက်တိုင်း ကို စိုက်ကြည့်ရင်း

"ငါ စကားမှန်မမှန် မင်းအသိဆုံး ဖြစ်မှာပေါ့ မင်းဆက်တိုင်း မင်းဆီကို အစရာ က သူကိုယ်တိုင် ရေးထားတဲ့ သီချင်းလေးတွေ ပို့ပေးနေခဲ့တာကို မထင်မှတ်ဘဲ ငါ သိလိုက်ကတည်းက မင်းကိုသူ ဘယ်လောက် ချစ်တယ်ဆိုတာ ငါ သိလိုက်ပြီးသားပါ"

မင်းဆက်တိုင်း ဘာစကားမှ မဆိုနိုင်အောင် အံ့သြရင်း အံ့သြနေလေသည်။ သူ ဘယ်တုန်းကမှ မသိနိုင်ခဲ့သော တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အခရာ ဖြစ်နေသည်တဲ့။

သူ့ဆီကို သီချင်းတွေ ရေးပို့ပေးနေတတ်သည့် ထာဝရ ပရိတ်သတ် တစ်ယောက်က အခရာ တဲ့။

"အခရာ က ခင်ဗျားကို တကယ်ချစ်ခဲ့တာပဲ မင်းဆက်တိုင်း အခရာ နဲ့ ငါ့ကို မင်း အထင်လွဲသွားတဲ့ နေ့ကလည်း အခရာ ခမြာ မင်းရဲ့ ရှုတင်ကို လိုက်ကြည့်ပြီး အပြန် ရေချိုးမှားပြီး တစ်ညလုံး အဖျားတက်နေခဲ့တာ ဒေါ်မြနဲ့ ငါပဲ စောင့်ရှောက်ခဲ့ရတာပါ"

မင်းဆက်တိုင်း ခေါင်းကို စိတ်ပျက် ညစ်ညူးစွာ ခါရမ်းရင်း

"ကျွန်တော် ကျွန်တော် သိပ်မှားသွားတယ်ဗျာ"

"မင်း သိပ်မှားတာပေါ့ မင်းဆက်တိုင်း၊ အခရာ ရဲ့ အချစ်က ဖြူစင်တယ်၊ မင်းကိုလည်း အကြွင်းမဲ့ ယုံကြည်ပေးခဲ့တယ် ဒါပေမဲ့ မင်းဘက်ကကျတော့ အခရာ ကို မယုံကြည်ခဲ့ဘူးလေ"

"အဲဒီအတွက် ကျွန်တော် တကယ် စိတ်မကောင်းပါဘူး ဗျာ အခရာ ကို ကျွန်တော် ချစ်ပါတယ်၊ အဲဒီတုန်းက အထင်လွဲ သွားတာလည်း၊ အရင်တုန်းက ပတ်ဝန်းကျင်မှာ ကြားခဲ့ရတဲ့ စကားတွေ ကြောင့်ပါဗျာ"

မင်းဆက်တိုင်း အလေးအနက် တောင်းပန် ဖြေရှင်းပြနေ တော့ သူ ခေါင်းညိတ် လက်ခံရင်း





"အခု မင်း အခရာ ကို နားလည်သွားခဲ့ပြီပေါ့"

"ကျွန်တော် အခရာ ကို သိပ်ချစ်သွားခဲ့တာလို့ပဲ ပြောပါရစေ ကိုဘုန်း"

သူ ပြုံးမိသည်။ ရင်ထဲအထိ ထိရှ ခံခက်စေသော စကားပေ မယ့် အခရာ အတွက်တော့ သူ ဝမ်းသာပါသည်။

"အခရာ အပေါ် မင်းနားလည်သွားတဲ့အတွက် ငါ ဝမ်းသာပါ တယ် မင်းဆက်တိုင်း၊ အခု အခရာ အိမ်ပြန်ရောက်နေပြီ သူတို့ သားအဖလည်း ပြန်အဆင်ပြေနေပါပြီ"

"အခရာ ကျွန်တော့်ကို စိတ်ဆိုးနေမယ် ထင်တယ်နော် ကိုဘုန်း"

"အခရာ မင်းကို ချစ်နေတုန်းပဲလို့ ငါထင်တယ် မင်းဆက် တိုင်း"

မင်းဆက်တိုင်း မျက်နှာမှာ ကျေနပ်ခြင်းတို့ဖြင့် ရွှန်းလက် တောက်ပသွားခဲ့သည်။

"ကျေးဇူး အရမ်းတင်ပါတယ် ကိုဘုန်း"

စားပွဲဝိုင်း က ထရပ်ရင်း မင်းဆက်တိုင်း သူ့ကို လက်ကမ်း ပေးသည်။ သူလည်း ထရပ်ရင်း မင်းဆက်တိုင်း လက်ကို ဆုပ်ကိုင် နှုတ်ဆက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခရာဆီ ကျွန်တော် ဖုန်းဆက်ပါ့မယ် ကိုဘုန်း"

သူ ခေါင်းတစ်ချက် ညိတ်ပြရင်း မင်းဆက်တိုင်းကို ရင်းနှီးခင်မင်စွာ ပြုံးပြလိုက်မိသည်။

ချစ်ခြင်းနဲ့ ပတ်သက်ရင် မင်းဆက်တိုင်း ဆိုတာ အမြဲတမ်း ကံကောင်းခဲ့သူ တစ်ယောက်ပဲ ဖြစ်ခဲ့သည်။

အခရာ ကို ပိုင်ဆိုင်ခွင့်ရတာ မင်းဆက်တိုင်း ကံကောင်းခြင်း လက်ဆောင်တစ်ခုကို ပိုင်ဆိုင် လိုက်ရသလိုပါပဲ။

သူ့မှာသာ..

အခရာ ရယ် ဘုန်းလက်ညာ ဆိုတဲ့ ကိုယ်က ပန်းလေးတစ်ပွင့်ရဲ့ အရိပ်ကို စောင့်ရှောက်ပေးရသူ တစ်ယောက်အဖြစ်ပဲ ရှိခဲ့သူပါ။

အဲဒီပန်းလေး ညှိုးနွမ်းရင် ကိုယ် ဝမ်းနည်းနာကျင်ရမယ်။

အဲဒီ ပန်းလေး လန်းဆန်းရင် ကိုယ် ကျေနပ် ပျော်ရွှင်နိုင်မှာပါ။

အခရာ ဆိုတဲ့ ပန်းကလေးကို လန်းဆန်းစွာပဲ ပွင့်ဝေနေတာ ကိုယ် အမြင်ချင်ဆုံး ဆန္ဒပါ။

■ ■ ■



အခန်း (၃၄)

"အခရာ"

မကြားရတာ ကြာပြီဖြစ်ပေမယ့် အခရာ သည်အသံရှင်ကို ...တ်မိနေခဲ့ပါသည်။ မင်းဆက်တိုင်း

"ဘာကိစ္စ ရှိလို့လဲ မင်းဆက်တိုင်း"

"ဟာကွာ အခရာ အခေါ်အဝေါ်ကြီးကလည်း မဟုတ်သေး ...ဘူး"

"ရှင်နဲ့ ကျွန်မ ကိစ္စက ပြီးဆုံးသွားပြီ မင်းဆက်တိုင်း"

"အခရာ ရယ် ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား"

မင်းဆက်တိုင်း လေပြည်လေးနှင့် မေးသံကြားတော့ အခရာ ...တ်ခမ်းလေး တွန့်ကာ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ရှင့်ကို ကျွန်မ စိတ်မဆိုးဘူး၊ မင်းဆက်တိုင်း ရင်ထဲမှာ မရှိတော့တာ"

"ဟာ အခရာ ဒီလိုတော့ မပြောပါနဲ့ကွာ၊ ကိုယ် အခရာ ... အလေးအနက် တောင်းပန်ပါတယ်"

"တောင်းပန်စရာ မရှိဘူးလေ၊ ဘာကြောင့်လဲဆိုတော့ ရှင်း... ကို အခရာ စိတ်မဆိုးခဲ့လို့ပဲ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ဝန်... တတ်တဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မ နားလည် လိုက်နိုင်တာ..."

"မဟုတ်လေးပါဘူး အခရာ ရယ်၊ ကိုယ် အထင်လွဲသွား... ခဲ့တာက အခရာ ကို ချစ်လွန်းလို့ပါ၊ အခု ကိုဘုန်း ရှင်းပြလို့ ကိုယ်... သိခဲ့ရပါပြီ အခရာ ရယ်"

"ဘယ်သူ ကိုဘုန်း ဟုတ်လား"

အခရာ အထိတ်တလန့် မေးတော့ မင်းဆက်တိုင်း ခြေ... ပြသည်။ မင်းဆက်တိုင်း ထံကို ကိုဘုန်း ရောက်သွားခဲ့သည်တဲ့။

အခရာ တောင် မသိလိုက်သည့် ကိစ္စ။

နားထဲမှာ မင်းဆက်တိုင်းရဲ့ တောင်းပန်စကားတွေ ကို... အခရာ မကြားနိုင်ပါ။ ကိုဘုန်း ဘာကြောင့် မင်းဆက်တိုင်းဆီ ... သွားခဲ့ရတာလဲ။

"အခရာ ကိုယ့်ကို ခွင့်လွှတ်တယ် မဟုတ်လားဟင် ...





...ကိုယ့်ဆီ သီချင်းလေးတွေ ပို့ပေးနေတာကိုလည်း ကိုဘုန်း ပြောပြမှ သိခဲ့ရတာပါ"

"ဟင်"

အခရာ သိဝှက်ထားခဲ့သည့် ကိစ္စတွေကိုတောင် ကိုဘုန်းက ...င်းဆက်တိုင်း ကို ဖွင့်ပြောခဲ့သည်တဲ့။

"အခရာ ကိုယ့်ကို ခွင့်လွှတ်နော်"

"အားလုံး ပြီးဆုံးခဲ့ပြီ မင်းဆက်တိုင်း အခရာ ရှင်နဲ့ အန...ညာကို နှစ်သက်ပါတယ်၊ ဒါပေမဲ့ အတ္တဆန်ပြီး ဝန်တိုတတ်တဲ့ ရှင့်ကို ...တော့ အခရာ မပတ်သက်ချင်တော့ဘူး"

"ဟာ အခရာ"

စကားအဆုံးမှာ အခရာ ဖုန်းလေးကို ပိတ်ပစ်လိုက်သည်။

ရင်ထဲမှာ မကျေနပ်မှုတွေ နှင့်အတူ ဒေါသဖြစ်မိသည်က ...င်းဆက်တိုင်း ကို မဟုတ်ဘဲ ကိုဘုန်း ကိုပဲ ဖြစ်သည်။

အခရာ မသိအောင် ဘာတွေ လျှောက်လုပ်နေသည် မသိ။

မင်းဆက်တိုင်း ရှိတဲ့အထိ ရှာဖွေရောက်သွားပြီး ထင်ရာတွေ ...ပြောခဲ့သည်။

ဒါကို တစိမ့်စိမ့်တွေးကာ အခရာ ဒေါသတွေ ပိုလို့ ဆင့်တဲ့...ရ၏။ လက်ထဲမှာ တင်းတင်းဆုပ်ကိုင် ထားမိသော ဟမ်းနိုဖုန်းလေး...



www.burmeseclassic.com

www.burmeseclassic.com



ကို အခရာ စားပွဲပေါ် ပစ်တင်လိုက်သည်။

ရင်ထဲအထိ လှိုက်တက်လာသော ဒေါသတွေက အခုတော့

လည်း လှိုက်ဖိုစိတ်နှင့် ဝမ်းနည်းလာရပြန်၏။

ခုတင်ပေါ် အခရာ ပစ်လှဲကာ ခေါင်းဦးမှာ မျက်နှာကို အစ်

ထားခဲ့မိသည်။

တခဏကြာတော့ အခရာ ခန္ဓာကိုယ်လေး တသိမ့်သိမ့် ယှ

ရမ်းကာ ရှိုက်ငိုနေခဲ့မိသည်။

မျက်ဝန်းအိမ်မှ ယိုစီးကျလာသော မျက်ရည်တွေက ဘယ်သူ့

အတွက်လဲ။ ဘယ်သူ့ကြောင့်လဲ။

အခရာ ပဲ သိနိုင်ပါလိမ့်မည်။

■ ■ ■



## အခန်း (၃၅)

"သေချာရဲ့လား မောင်ဘုန်းရယ်"

ဦးမင်းဝေခိုင် မယုံနိုင်သလို မင်သက် အံ့ဩစွာနှင့် မေးတော့

ဤ ပင့်သက်မောကို မှုန်းမှုန်းကလေး ချရင်း

"သေချာပါတယ် ဦး။ မင်းဆက်တိုင်း ဆိုတာ အခရာ ရဲ့

ချစ်သူပါပဲ"

"သူတို့ချင်း ချစ်သူတွေ ဖြစ်နေတာ ကြာပြီလား"

"အခရာ ဦးရုံပြုသနော ဖြစ်ပြီး အိမ်ပေါ်က မဆင်းခင် က

...ကာပါ"

"ဟော အဲဒီတုန်းက မင်း ဘာလို့ ငါ့ကို အသိမပေးတာလဲ"

ဦးမင်းဝေခိုင် မျက်မှောင်ကြီး ကုပ်ကာ မေးသည်။ အခရာ့



www.burmeseclassic.com

www.burmeseclassic.com



အရေးကိစ္စ မှန်သမျှ အရိပ်လို စောင့်ရှောက်ပြီး တစ်ခုမကျန် ပြန်ပြောဖို့ ဦးမင်းဝေခိုင် သူ့ကို မှာသားခဲ့သည်။

ဒါပေမဲ့ သူ သိဝှက်သင့်သမျှကို သိဝှက်ထားခဲ့သည်။ အခုချိန်မှာ ဦးမင်းဝေခိုင် ကိုလည်း သူ မညာချင်တော့ပါ။

"ကျွန်တော် အားလုံးကို ပြန်မပြောဖြစ်တာ အခရာ ကြောင့်ပါ ဦး။ အခရာ စိတ်ဆင်းရဲမှာ စိုးတယ်၊ ဦး သိရင် အခရာ လွတ်လပ်ခွင့်တွေ ပိတ်ပင်ခံရမှာ စိုးလို့ သိဝှက်ပေးခဲ့တာပါ"

ဦးမင်းဝေခိုင် တည်ငြိမ်စွာနှင့် ပင် သူ့ကို ငေးစိုက်ကြည့်နေပါသည်။

"အဲဒီအတွက် ဦး စိတ်ဆိုးမယ်ဆိုရင်လည်း ကျွန်တော် ခံယူပါ့မယ် ဦး။ အခရာ အပြစ်မဟုတ်ပါဘူး။ ကျွန်တော့် အပြစ်ပါ"

ဦးမင်းဝေခိုင် ခေါင်းတညိတ်ညိတ်နှင့် လက်ကာတားရင်း

"အခု သမီးနဲ့ ဒီကောင်လေး သိပ်ချစ်ကြတယ် ဆိုတာ မောင်ဘယ်လို သိသလဲ မောင်ဘုန်း"

သည် မေးခွန်းအတွက် သူ တဒင်္ဂတော့ နှုတ်ဆိတ်သွားမိသည်။ အခရာနှင့် ပတ်သက်သမျှ အရိပ်လို ဂရုစိုက်ခဲ့သော သူ့အတွက် အခရာ ခံစားချက်တွေကို မြင်သိနေတာ အဆန်းမှ မဟုတ်ဘဲ။

"အခရာကို ဦး ဂရုစိုက် စောင့်ကြည့် ခိုင်းခဲ့တာပဲလေ ကျွန်တော်





သိတာ မဆန်းပါဘူး ဦးရယ်"

ဦးမင်းဝေခိုင် တစ်ချက်ပြုံးသည်။ နှုတ်ခမ်းတွေ လွန့်ခနဲ ပြုံးလိုက်သည့် အပြုံးက တခဏလေးပဲ ဖြစ်သည်။

သူ မြင်လိုက်ပေမယ့် ထိုအပြုံးရဲ့ အဓိပ္ပါယ်ကိုတော့ မပိုင်းခြားတတ်တာအမှန်။

"ကဲ ထားတော့ မောင်ဘုန်း သမီးရဲ့ချစ်သူ ကောင်လေး အကြောင်း အားလုံး မင်း ဦးကို ပြောပြစမ်းပါဦး"

ဦးမင်းဝေခိုင် မေးတော့ မင်းဆက်တိုင်းနှင့် ပတ်သက်သမျှ အားလုံးကို သူ မခြွင်းမချန် ပြောပြမိသည်။

"အင်း အနုပညာ သမားတစ်ယောက်ပေါ့"

"ဟုတ်ပါတယ် ဦး လက်ရှိမှာလည်း အောင်မြင်နေတဲ့ သူတစ်ယောက် ပါပဲ"

"ငါတော့ သိပ်သဘောမကျဘူး မောင်ဘုန်း။ ယူပြီးမှ သမီး စိတ်ဆင်းရဲမှာ စိုးရိမ်တယ်"

"ဒီအတွက် အခရာ ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးလိုက်ပါဦးရယ်၊ သူတို့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာ ကျွန်တော် အသိဆုံးပါ"

သူ့ကို ဦးမင်းဝေခိုင် စူးစူးနစ်နစ် စိုက်ကြည့်နေတော့ အတန်



www.burmeseclassic.com

www.burmeseclassic.com



ကြာသည်။ ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်ရင်း၊

"ကောင်းပြီလေ ဒီကိစ္စကို ဦး သမီးလေးနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမယ်၊ သမီးဘက်က မင်းပြောသလို ဆိုရင် ဒီမင်္ဂလာပွဲကို ဦး ကိုယ်တိုင် စီစဉ်ပေးမယ်"

သူ ခေါင်းညိတ်လိုက်မိတာလား ခေါင်းငုံ့ပစ်လိုက်တာလားတော့ သိပ်မသေချာပါ။

ဘာပဲဖြစ်ဖြစ် အခရာ အတွက်တော့ သူ ကျေနပ်ပါသည်။

အခရာ နှင့် မင်းဆက်တိုင်းတို့ ချစ်သူနှစ်ဦးကြားမှာ အနှောင့် အယှက်တို့ ကင်းဝေးစေချင်သည်။

ဒါ သူ့ရဲ့ ရင်ထဲက စေတနာ တစ်ခုပါပဲ။

■ ■ ■



## အခန်း (၃၆)

"ကိုဘုန်းကို တကယ် ကျေးဇူးတင်တယ် သိလား၊ အခရာ အရမ်းချစ်တဲ့ ဆက်နဲ့ အဆင်ပြေအောင်လည်း ကူညီတယ်၊ ပြီးတော့ ဒယ်ဒီ သဘောတူအောင်လည်း ပြောပေးတဲ့ အတွက် အခရာ ကျေးဇူး ကမ္ဘာပဲ သိလား"

ခြံထဲမှာ ထိုင်နေသော သူ့အနား ရောက်လာပြီး အခရာ ပြောလာတော့ သူ မရယ်နိုင် မပြုံးနိုင်။

"ကိုဘုန်း အခရာ ပြောနေတာ ကြားရဲ့လား"

"အင်း ကြားပါတယ် အခရာ ရဲ့"

"ကိုဘုန်း က အခရာ နဲ့ ဆက်ကြားမှာ တကယ် ကြားနတ် မောင် တစ်ယောက်ပဲ သိလား။ အခရာ ဘယ်တော့မှ ဒီကျေးဇူးကို



www.burmeseclassic.com

www.burmeseclassic.com



မမေ့ဘူး၊ ဆက်ကလည်း၊ သူ နယ် ရှတင်က ပြန်ရောက်လာရင် ကိုဘုန်း ကို ဂုဏ်ပြု ထမင်းကျွေးချင်တယ်တဲ့ သိလား။ အခုကတည်းက ဝမ်းမြောက် ထားနော် ကိုဘုန်း''

အခရာ မျက်နှာလေး၊ အရယ်တွေ အပြုံးတွေ ဝေနေတာ သူ ဒီတစ်ခါပဲ မြင်ဖူးသေးသည်။ စကားတွေက သွက်လက်ပြီး သူ့ကို ကျေးဇူး တင် စကားတွေချည်း ပြောမဆုံး။

''ပြောရဦးမယ် အခရာတို့ မင်္ဂလာဆောင်ခဲ့ပွဲကျရင် ကိုဘုန်းလည်း သတို့သားအရံ လုပ်ပေးရမယ် သိလား''

''ဟာ မလုပ်ပါနဲ့ ကိုယ် အဲဒါမျိုး မလုပ်တတ်ဘူး''

''အံမယ် အခရာတို့ ကြားမှာ မြားနတ်မောင်ကြီးအဖြစ် တောင် ကိုဘုန်းက စွမ်းဆောင်နိုင်သေးတာပဲ''

''မနောက်ပါနဲ့ အခရာရယ် ကိုယ် ဒါမျိုး မလုပ်တတ်ဘူး ပြီးတော့ လူကြားထဲမှာ မနေတတ်လို့ပါ''

သူ အလန့်တကြား ငြင်းပေမယ့် အခရာ ကတော့ တဖွဖွ လေး ပြောနေသည်။

''မရဘူး စီစဉ်ပြီးပြီ''

''မဟုတ်တာကွာ မင်းဆက်တိုင်း က နာမည်ကျော် မင်းသား အဆိုတော် တစ်ယောက်ဟာ သူ့ပွဲမှာ ဝင်ကူညီမယ့်သူတွေ အများကြီး





ရှိပါတယ် အခရာ ရယ်''

''မဆိုင်ဘူးလေ ကိုဘုန်းလည်း အရံတစ်ယောက်တော့ ဖြစ်ရမှာ ပဲ အခရာနဲ့ ဆက် တိုင်ပင်ပြီးပြီ''

စကားအဆုံးမှာ အနိုင်ပိုင်းပြီး အခရာ ထွက်သွားခဲ့သည်။ သူ့စုံတန်းလေးမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

မင်းဆက်တိုင်း နှင့် အခရာ တို့ မင်္ဂလာပွဲမှာ သူက သတို့သား အရံတစ်ယောက်အဖြစ် ပါဝင်ရမည်တဲ့။

အခရာ ရယ် ကိုယ့်ရင်ထဲကို မြင်ကြည့်စမ်းပါ။

ကိုယ် မြတ်နိုးချစ်တဲ့သူ တစ်ယောက် မင်္ဂလာပွဲမှာ သတို့သား အရံတစ်ယောက်အဖြစ် လူပုံအလယ်မှာ ကိုယ်ဘယ်လို ရင်ဆိုင်ရမှာလဲ။

မင်းဆက်တိုင်း လို သရုပ်ဆောင်မတတ်တဲ့ ကိုယ့်အတွက်တော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စ။

''မောင်ဘုန်း''

စိတ်ညစ်ညူး ရှုပ်ထွေးနေတုန်း ခြံထဲ ဆင်းလာသည့် ဦးမင်း ဝေနိုင် က သူ့ နံဘေးမှာ ဝင်ထိုင်သည်။

''ဘာ ပြောစရာ ရှိလို့လဲ ဦး''

''တခြားတော့ မဟုတ်ပါဘူးကွာ၊ သမီးလေးတို့ရဲ့ မင်္ဂလာပွဲ ကိစ္စ ပြောချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီ ဒီကိစ္စ။ အခရာ ပြီးတော့ ဦးမင်းဝေခိုင် အဖေနှင့် သမီး တစ်လှည့်စီ သူ့ကို လာပြောနေသည့် အဖြစ်။

နားမထောင်ဘဲ ပြေးထွက်သွားလို့ မဖြစ်သည့် ကိစ္စဆိုတော့ သူ တိတ်ဆိတ်စွာပဲ နားထောင်ပေးရပြန်သည်။

"သမီးလေးတို့ မင်္ဂလာပွဲကို အခမ်းနားဆုံး ဖြစ်အောင် ဦး စီစဉ်ပေးချင်တယ်၊ ဟိုတယ်မှာလည်း ဒိတ်ယူထားပြီးပြီကွ"

"ဟုတ်ကဲ့"

"သိတဲ့အတိုင်းလေ မင်းဆက်တိုင်း ဘက်က မိတ်ဆွေကလည်း မသေးဘူးကွ၊ အနုပညာ အသိုင်းအဝိုင်းတွေရော ဆိုတော့ အတော် စည်ကားမှာကွ၊ အဲ မင်းသိအောင် ပြောရဦးမယ်၊ မင်းဆက်တိုင်း မိဘတွေက ဦးနဲ့ မိတ်ဆွေတွေဆိုတော့ အခု သမီးတို့ မင်္ဂလာပွဲ အမြန်ဆုံးဖြစ်ဖို့ အကြောင်းဖန်လာတာပေါ့ကွာ"

သူ့ နားထဲကို သံရည်ပူတွေ လောင်းချနေသလို ခံစားနေရ

အခရာ ရဲ့ စိတ်ချမ်းသာမှုအတွက် သူ လိုလားခဲ့ပေမယ့် တကယ်တမ်း ကျတော့ သူ ခံစားရသော ဝေဒနာက ခံရခက်လှသည်

အခရာ ကို ဆုံးရှုံးရတော့မည်ဟူသော အသိနှင့် သူ ညဘက် မှာလည်း အိပ်မပျော်။

အလုပ်ထဲမှာ အာရုံက မဝင်စားနိုင်ဘဲ ညစ်ညူး ရှုပ်ထွေး





နေခဲ့သည်။

အခရာ လုံးမသိနိုင်တဲ့ ဝေဒနာကို မျိုသိပ်ခံစားရတာ ပူလောင် တဲ့ ချော်ရည်တွေကို ငုံထားရသလို ပါပဲ။

ဒါကို မင်းလေး မသိနိုင်တော့

"မောင်ဘုန်း ဦး ပြောတာ ကြားရဲ့လား"

"ဗျာ"

"ဒီလိုကွာ သမီးတို့က မင်္ဂလာပွဲပြီးရင် ဦးတို့ အိမ်မှာပဲ လိုက်နေ ကြမှာကွဲ့ ဒီတော့ ခြံကို အကောင်းဆုံး ပြင်ဆင်ဖို့ ဦး အလုပ်သမားတွေ ငှားထားတယ်"

"ဟုတ်ကဲ့"

"ဒီရက်ပိုင်းမှာ သူတို့ကိုပဲ မင်းဦးစီးစေခိုင်းပေးကွာ ကုမ္ပဏီ ကို မလိုက်ခဲ့နဲ့တော့ ဟုတ်လား"

"ဟုတ်ကဲ့"

"အေး အေး ဒါဆို ဦး သွားတော့မယ်ကွာ မိတ်ဆွေ တစ် ယောက်နဲ့ ချိန်းထားလို့ကွ"

ဦးမင်းဝေခိုင် သူ့အနားက ထွက်သွားပေမယ့် သူ့ ရင်ထဲမှာ ပူလောင် ကျန်ရစ်ခဲ့သည်။

အခရာ တို့က ဒီအိမ်ကြီးမှာ နေထိုင်ကြမည်တဲ့။ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရမည့် အဖြစ်ကို ရင်ဆိုင်ရမည့်သူ အဖြစ်က တွေးကြည့်ရုံနှင့် ရင်ထဲမှာ ပူလောင်ချင်မိသည်။

■ ■ ■



## အခန်း (၃၇)

ဦးမင်းဝေခိုင် စေခိုင်းသည့်အတိုင်း မြောင်းကြီးကို ပြုပြင်သည်။ အလုပ်သမားတွေကို သူ ဦးစီးပေးရသည်။

ပန်းခြံတွေကို ပြုပြင်သည့် အလုပ်သမားအဖွဲ့ အပြင် နှစ်ထပ်တိုက်ကြီးကိုလည်း ပြန်လည် ဆေးသုတ် ပြင်ဆင်သည့် အဖွဲ့လည်း ပါသည်။ ခြံကြီးရဲ့ အနောက်ဘက်မှာ ရေကူးကန်နှင့် တင်းနစ်ကွင်းပါ ပါသေး၏။

"ဆက်က ရေကူးတာနဲ့ တင်းနစ်ရိုက်တာ အရမ်း ဝါသနာပါတာ ကိုဘုန်းရဲ့ မနေ့က ဖုန်းထဲမှာ ပြောလို့ ရေကူးကန်နဲ့ တင်းနစ်ကွင်းကိုပါ အစီအစဉ်ထဲ ထည့်လိုက်တာ အဟင်း အခရာ နဲ့ ခ်ပ်တူ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာ တွေပေါ့''

နံ့သားမှာ တတွတ်တွတ်နှင့် အခရာ လာပြောနေသော စကားတွေထဲမှာ မင်းဆက်တိုင်း နားမည်မပါလို့ မပြီးပါ။

အလိုက်သင့် နားထောင်ရင်း ခေါင်းညိတ်ရင်း သူ့စိတ်တွေ မှုန်းကြွပ် လာသည်။

''မောင်ဘုန်း သံပုရာရည်လေး သောက်လိုက်ဦး''

ဒေါ်မြ ယူလာပေးသော သံပုရာရည်ကို သူ မော့အသောက်မှာ အခရာ က

''ဆက်လည်း သံပုရာရည်ဆို သိပ်ကြိုက်တာ ရှိုးပွဲဆိုမယ့် ရက် တွေဆိုရင် သံပုရာရည်ကို သောက်ပြီး အသံကို ထိန်းရတာတဲ့''

သောက်လက်စ သံပုရာရည်ပင် သီးလုသီးခင် ဖြစ်ရသည်။

အခရာကတော့ အပြုံးမျက်နှာလေးနှင့် သူ့ကို ကြည့်ရင်း

''ကိုဘုန်း သောက်လေ အမောပြေတာပေါ့''

အခရာ ပြောမှ သူ မော့သောက်လိုက်သည်။ အမောပြေ မပြေတော့ မသိပါ။

အခုချိန်မှာတော့ အခရာရဲ့ နံ့သားက အဝေးဆုံးကို သူ ပြေးထွက်သွားချင်သည်။

အခရာ ရယ်





မင်း မမြင်နိုင်တဲ့ ငါ့ရင်ထဲက ချစ်ခြင်းတွေ အတွက် ငါ့ကို စာနာပေးပါလား။

■ ■ ■

''အခရာ သတို့သမီး ဝတ်စုံအပ်ထားမလို့ ကိုဘုန်း လိုက်ပို့ပေးစမ်းပါ''

အခရာ တောင်းဆိုလာတော့ သူ့မှာ မငြင်းသာပါ။ မင်းဆက် တိုင်း နယ်ရှုတင် ရောက်နေသည့် ရက်တွေမှာ သူကတော့ အခရာ စေခိုင်းသမျှနှင့် မလွတ်တမ်း။

ကားစထွက် ကတည်းက အခရာ က မင်းဆက်တိုင်းရဲ့ သီချင်း ကို ကားထဲမှာ ဆူညံနေအောင် ဖွင့်သည်။

မင်းဆက်တိုင်း ရဲ့ အသံနှင့် အပြိုင် လိုက်အော်ဟစ် သီဆို နေသေးသည်။ သူ့ ရင်မှာ ခံစားရပေမယ့် အခရာ စိတ်တိုင်းကျ ဘာမှ မပြော ဖြစ်ပါ။

အပ်ချုပ်ဆိုင်ထဲကို ရောက်တော့လည်း စောင့်လိုက်ရတာ ဘမေ့တမော နှစ်နာရီလောက်ကြာမှ အခရာ ပြန်ထွက်လာ၏။

''ကိုဘုန်း ဗိုက်ဆာနေပြီလား''

''ရတယ် အခရာ မဆာပါဘူး။ အိမ်ရောက်မှပဲ စားမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ အခရာ ပြောသမျှတွေ နားထောင်ရင်း သူ မျိုမကျချာ သေချာသည်။

"အိမ်မပြန်သေးဘူး၊ ဒီနေ့တစ်နေ့လုံး သွားစရာ ရှိတယ် ကိုဘုန်းရဲ့"

"ဟင် ဘယ်တွေ သွားဦးမှာလဲ"

"မင်္ဂလာအခမ်းအနား အတွက် ဝယ်ရခြမ်းရဦးမယ်၊ ပြီးရင် ပလာဇာဝင်ပြီး အခရာ လိုချင်တာတွေ ဝယ်မယ်၊ မင်္ဂလာဖိတ်စာ အတွက် လည်း စီစဉ်ရဦးမယ်"

"အဲဒါတွေ အတွက် မင်းဆက်တိုင်း မစီစဉ်ဘူးလား အခရာ"

သူ စိတ်မရှည်နိုင်စွာ ပြောတော့ အခရာ မျက်နှာလေး ရှုံ့ရှ

"ဘာဖြစ်နေတာလဲ ကိုဘုန်းကလည်း၊ စိတ်မရှည်လိုက်တာ ဆက်က နယ်ရှုတင်ပြီးမှ ပြန်လာမှာ၊ ဆက်က အခရာ စိတ်တိုင်းကျ စီစဉ်နိုင်းထားတာလေ အဟင်း"

အခရာ စကားကို သူ မဆန့်ကျင်လိုတော့ပါ၊ အခရာ စိတ် တိုင်းကျ ရှိစေတော့။

သူ့အတွက်တော့ ဝဋ်ရှိသမျှခံပေဦးပေါ့။

■ ■ ■





မျက်ဝန်းတွေက အိပ်စက်ခြင်းကို လက်မခံတော့ သူ့အိပ်ရာ ခေါင်းအုံးထဲမှာ ထည့်ထားသော အခရာ ရဲ့ ဓာတ်ပုံလေးကို ထုတ်ယူ မိပြန်သည်။

သူ မြတ်နိုးစွာ သိမ်းဆည်းထားသော အခရာရဲ့ ဓါတ်ပုံကလေး ချစ်စဖွယ် အပြုံးလေးနှင့် အခရာ သူ့ကို ပြုံးပြနေသည်။

ရင်ထဲမှာ စူးခနဲ နာကျင်ခံစားရသည်။

နှလုံးသားက ဒဏ်ရာ ဒဏ်ချက်တွေနဲ့ အထပ်ထပ် အမာရွတ် တွေ ထင်နေပေမယ့် ခံစားရတိုင်း ဝေဒနာတွေက လတ်ဆတ်ဆဲ။

အခရာကို သူ့နှလုံးသားက မြတ်နိုးစွာ ချစ်ခဲ့တာတော့ သေ ချာသည်။

အခုတော့ အခရာလည်း မင်းဆက်တိုင်းနှင့် လက်ထပ်တော့ မည့် မိန်းကလေးတစ်ယောက်။

တစ်မိုးအောက်မှ အခရာကို နေ့စဉ် မြင်တွေ့နေရမည့် အဖြစ် ဘ တွေးကြည့်မိတိုင်း သူ့ရင်ကို ပူလောင်စေသည်။

အခရာ ကို မင်းဆက်တိုင်းရဲ့ ရင်ခွင်ထဲမှာ နေ့စဉ် မြင်တွေ့ ရမည့် အဖြစ်ကို ရင်ဆိုင်ဖို့ သူ့နှလုံးသား အင်အားရှိပါရဲ့လား။

သေချာပါတယ် အခရာ ရယ်

ကိုယ် ဘယ်တော့မှ ရင်ဆိုင်နိုင်စွမ်း ရှိမှာ မဟုတ်ဘူး အခရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်မိတဲ့ နှလုံးသားကို ဖြူစင်စွာပဲ ရှိစေချင်သည်။ အခရာအပေါ် သူ ဖြူစင်ရိုးသားခဲ့သည့်တိုင် နှလုံးသားကတော့ မရိုးသားခဲ့တာ သေချာသည်။

ထို့အတွက် ကိုယ့်ကိုကိုယ်လည်း လိမ်ပြောမလုံချင်ပါ။

တွေးရင်း မွန်းကြပ်လာသော စိတ်ကို ဖြေဖျောက်ဖို့ ဝရန်တာလေးကို သူထွက်ခဲ့သည်။

အခရာ ထိုင်နေကျ ခုံတန်းလေးမှာ လူသူ ရှင်းလင်း တိတ်ဆိတ်နေသည်။ အခုချိန်ဆို အခရာ အိပ်ပျော်နေလောက်ပြီ ထင်ရဲ့။

မင်းဆက်တိုင်း နှင့် ဖြတ်သန်းရမည့် အနာဂတ် အတွက် အခရာ အိပ်မက်လေးတွေ လှပနေမည်လား။

အခရာ ရယ်

မင်းရဲ့ အနားမှာ ဖြူစင်စွာ မရှိနိုင်တော့တဲ့ ကိုယ့်အတွက် အကောင်းဆုံးက

လင်းခနဲ လက်ပြာကာ ကြယ်တစ်ပွင့် ကောင်းကင်ယံက ဆင်းလာသည်။ သူ ငေးကြည့်နေတုန်းမှာ မြေပြင်သို့ မရောက်ခင် အလင်းတန်းလေးက ချုပ်ငြိမ်းသွားခဲ့သည်။

ကြယ်လေး တစ်ပွင့် မြေခ ကြွေလွင့်သလိုပါပဲ။ သူ့ရဲ့ ချစ် တွေဆိုတာ အခရာ နှလုံးသားဆီ မရောက်ခင်မှာပဲ ကြွေလွင့် ချုပ်





သွားရမှာပါ။

အခရာ ရယ်။ တန်ဖိုးမဲ့တဲ့ ကြယ်လေးတစ်ပွင့် ကြွေလွင့်သွားတာကို မင်း မေ့လိုက်ပါတော့။

ဒါပေမဲ့ တစ်ခါတုန်းက အဲဒီကြယ်ပွင့်လေးက မင်း၊အနားက အလင်းလက်ဆုံး တောက်ပစွာ အလင်းရောင်တွေ ပေးခဲ့တယ် ဆိုတာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

အခရာ

နှုတ်မဆက်ဘဲ ထွက်သွားခဲ့သူ တစ်ယောက်ကို ကြာရင် အခရာ မေ့သွားမှာပါ။

နှုတ်မဆက်ခဲ့ချင်ပါဘူး အခရာ။ ကြာရှည်စွာ မျှိုသိပ်ထားတဲ့ အရာတစ်ခုကိုပဲ ဝန်ခံခွင့်ပေးပါ။ အခရာကို ကိုယ် မြတ်နိုးစွာ ချစ်ခဲ့ တယ်။ ပိုင်ဆိုင်ခွင့် မရရင်လည်း ကျေနပ်ပါတယ်။

အခုချိန်မှာ မရှိးသားတဲ့ နှလုံးသား တစ်ခု အနားမှာ မရှိသင့် တာမို့ ကိုယ် ထွက်သွားခဲ့ပါပြီ။

ဦး ကို နှုတ်ဆက်ခဲ့ကြောင်း အခရာပဲ ပြောပြလိုက်ပါ။ ပြီးတော့ ဒီစာလေးကို အခရာ ဆုတ်ဖြဲပစ်လိုက်ပါ။

အခရာနဲ့ မင်းဆက်တိုင်းတို့ ပျော်ရွှင်ပါစေ။

ဘုန်းလက်ညာ





ထိုစာလေးကို ဒေါ်မြ လက်ထဲကို သူ ထည့်ပေးခဲ့သည်။ အခရာ လက်ထဲ ရောက်အောင် ပို့နိုင်းခဲ့သည်။

အခုတော့ အဝေးပြေး ကားဂိတ်ကြီးရဲ့ ခရီးသည်တင် ကား ကြီးပေါ်မှာ သူ ရောက်နေခဲ့ပါသည်။

သူ့ထိုင်ခုံ နံပါတ်က နှစ်ဆယ်ဆိုတော့ ဆိုးသည်။ ပြတင်း တံခါးဘက်မှာ မကျဘဲ ဒီဘက်မှာ ရှိ၏။

စိတ်ညစ်စရာ ကောင်းသည်က ပြတင်းတံခါး လူရွယ်က ဦးထုပ်ကြီးကို ငိုက်ငိုက်ဆောင်းကာ အိပ်ပျော်နေသည်။

ဦးထုပ်ဝိုင်းကြီး ကွယ်နေတာမို့ မျက်နှာကို အသေအချာ မမြင်ရပါ။ နှုတ်ခမ်းမွေး ထူရပျစ်ကြီးကိုတော့ တွေ့ရသည်။

ဘယ်လို လူမျိုးစားလည်း မသိ။ ဂျင်းဂျက်ကက်နှင့် ဂျင်း ဘောင်းဘီပြာ ရင့်ရင့်ကို ဝတ်ဆင်ထားသည်။

သူ့နံဘေးမှာ အသာအယာပဲ ဝင်ထိုင်လိုက်သည်။ လူရွယ်က ဆုတ်တုတ် မလှုပ်ပဲ အိပ်ပျော်နေတာ အသက်ရှူသံ ပြင်းပြင်းလေးတောင် ကြားရ၏။ မပောက်တတ်တာပဲ တော်သေးရဲ့။

ကားထွက်တော့မှ ထိုလူရွယ် လွန့်ခနဲ နိုးလာသည်။

"ဝါး"

ဝါးခနဲ သမ်းရင်း ဂျက်ကက်အိတ်ထဲက MP4 စက်ကလေးကို

www.burmeseclassic.com



ချာတိတ် ထုတ်ယူသည်။ ပြီးတော့ သီချင်းဖွင့်၏။

"ငှါဘဝရဲ့ အိပ်မက်တွေကို x x နင်တစ်ယောက်ပဲ ဖန်ဆင်းနိုင်တယ် x x ငှါဘဝရဲ့ ရင်ခုန်မှုတွေကို x x နင်တစ်ယောက် ပဲ ပိုင်စိုးနိုင်တယ်"

လာပြန်ပြီ ဒီသီချင်း။ သူ စိတ်ညစ်ညူးစွာ လှည့်ကြည့်တော့ ချာတိတ် ခေါင်းကလေး လှုပ်၍ နားထောင်နေ၏။

နှုတ်ခမ်းမွေးတွေကြောင့် အသက်ကြီးမည် ထင်ရသော ချာတိတ် နှုတ်ခမ်းလေးတွေကတော့ နီမြန်းစိုလဲ့နေ၏။

မင်းဆက်တိုင်း သီချင်းတွေက လူငယ်တွေ ကြားမှာ ရေပန်းစားတတ်တော့လည်း ရှိစေတော့။

ရုတ်တစ်ရက် သီချင်းသံ ပိတ်သွားတာမို့ သူ ပြန်လှည့်ကြည့်တော့ ချာတိတ်ကပါ လှည့်ကြည့်၏။

"ဟင်"

"ဆောရီး ခင်ဗျား နားထောင်နေတာဆိုရင် ဖက်က အားကျုံးသွားပြီဗျ"

အသံလေးက ရှုးရှူး မျက်ဝန်းလေးတွေက နက်မှောင်နေသည် သူမြင်ဖူးသည့် မျက်နှာမျိုး။ ဘယ်မှာ ဆုံဖူးတာလဲ စဉ်းစားနေတုန်း

"ကျွန်တော် ဆိုပြရမလား နားထောင်"



ချာတိတ် ပြောပြောဆိုဆို သီချင်းကို ဆိုပြသည်။ အသံက စူးစူးလေး ယောက်ျားသံမဟုတ်။ ဒါဆို ဒါ

"အခရာ"

"အဟင်း ဟင်း ဟင်း"

ရယ်လိုက်တော့မှပဲ နှုတ်ခမ်းမွေးကြီး တစ်ဖက် ပြုတ်ကျကာ သေချာသွားခဲ့သည်။

"အခရာ မင်း မင်း"

"ဟုတ်တယ် ကိုဘုန်း နောက်ကို လိုက်လာတာ၊ ဘာလို့လဲ မမေးနဲ့ မခွဲနိုင်လို့ပေါ့"

"ဒါ ဒါဆို မင်းဆက်တိုင်း နဲ့ မင်္ဂလာကိစ္စက"

"အဲဒါတွေက ဒယ်ဒီနဲ့ အခရာတို့ ပူးပေါင်းပြီး ကိုဘုန်းရဲ့ အတွင်းစိတ်ကို ဖော်ထုတ်လိုက်တာ"

"ဘယ်လို"

"ဟုတ်တယ်လေ သူတစ်ပါးအတွက် မြားနတ်မောင် အကျိုးဆောင်ကြီး၊ လုပ်ချင်တဲ့ ကိုဘုန်း ရင်ဘတ်ကြီး ဟင်းလင်းပွင့်အောင် ဒယ်ဒီနဲ့ အခရာ ပူးပေါင်းကြံစည်လိုက်တာ"

"ဟာ ဒါဆို မင်းဆက်တိုင်းနဲ့ လက်ထပ်မယ်ဆိုတာ မဟုတ်ဘူးပေါ့ ဝမ်း ဝမ်းသာလိုက်တာ"

မိုးမို

www.burmeseclassic.com



သူ မချုပ်ထိန်းနိုင်ဘဲ အခရာ ခွေကိုယ်လေးကို ပွေ့ဖက်ကာ ဝမ်းသာအားရ မေးသည်။

"အခရာ ရင်ထဲမှာ တကယ် ငြိတွယ်သွားတာ ကိုဘုန်းပါ ရှင်ရယ် အခရာ အပေါ် အမြဲတမ်း ထားရှိတဲ့ ကိုဘုန်းရဲ့ အကြင်နာတွေကြောင့် အခရာ အချစ်စစ် အချစ်မှန်ကို ရှာတွေ့ခဲ့တာ အခုလည်း ဒယ်ဒီ ကိုယ်တိုင် လိုက်ပို့ပေးတာ"

"ဟာ ကျေးဇူးတင်လိုက်တာ ယောက္ခမကြီးရယ်"

"ကိုဘုန်းနော်"

မျက်စောင်းကလေးတွေရဲ့ ချိုမြိန်မှုကို သူ အခုမှ ခံစားတတ်

အချစ်သည် ပတ်ဝန်းကျင်နှင့် အရာအားလုံးကို မေ့လျော့တတ် သည်ဆိုတာကို နားလည်သော တစ်ဖက်ထိုင်ခုံက မိန်းမကြီးဆ တော့ တစ်ဖက်ကို ပြန်လှည့်သွားခဲ့၏။

ချစ်သူနှစ်ဦး ရင်ခုန်သံတွေက လှပနေခဲ့ပြီ။

အားလုံးအတွက်
နတ်သမီး

စိုးမိုးစာပေ

www.burmeseclassic.com